# “ဆိတ်ကွယ်နေသောအသံများ”

## *အထက်မြန်မာပြည်ရှိ*
## *လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူ*
## *LGBTIQ များ၏ လူ့အခွင့်အရေးအခြေအနေများအား*
## *အကဲဖြတ်ဆန်းစစ်ချက်*

## စစ်တမ်းအစီရင်ခံစာ


**စီစဉ်ထုတ်ဝေသူ**

*လူထုရပိုင်ခွင့်ညှိနှိုင်းရေးဖော်ဆောင်ရေးအဖွဲ့ (ကံမြန်မာ) အဖွဲ့အစည်း*

**ရန်ပုံငွေထောက်ပံ့သူ**

***RFSL***

*Riksförbundet för homosexuellas, bisexuellas, transpersoners och queeras rättigheter*

*The Swedish federation for Lesbian, Gay, Bisexual, Transgender and Queer Rights*


**မှတ်ချက် - ဤအစီရင်ခံစာကို RFSL ၏ရန်ပုံငွေကူညီထောက်ပံ့မှုဖြင့်ပြုစုရေးသားထုတ်ဝေခြင်းဖြစ်ပြီး ဤအစီရင်ခံစာပါ အကြောင်းအရာများသည် RFSL ၏အမြင်များ၊ သုံးသပ်ချက်များ သို့မဟုတ် မူဝါဒများအား ကိုယ်စားမပြုသကဲ့သို့ ကုန်သွယ်မှုအမည်၊ စီးပွားရေးအမြတ်အစွန်းဆိုင်ရာထုတ်လုပ်မှု သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုလည်းထောက်ခံခြင်းဟုမမှတ်ယူစေရ။**

## ဥယျောဇဉ်

အထက်မြန်မာပြည်ရှိ လိင်စိတ်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူများ၏ လူ့အခွင့်အရေးအခြေအနေရပ်များအကြောင်းဖော်ကျူးထားသည့်ဤအစီရင်ခံစာကို မိမိအနေဖြင့်မိတ်ဆက်ထုတ်ဝေခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဤအစီရင်ခံစာထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းပေးကြသော ကံမြန်မာရှိ စီမံကိန်းအရာရှိ စစ်ရိပ်၊ စီမံကိန်းလက်ထောက် ဒေါ်သိမ့်ထက်ထက်စံ တို့ကိုလည်းကောင်း၊ စီမံကိန်းဖြစ်မြောက်ရေးတာဝန်ခံဒေါ်ဇာဇာဦး၊ ဘဏ္ဍာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်အရာရှိ ဦးဖုန်းထွဋ်နေနှင့် စာရင်းအင်းတာဝန်ခံ ဒေါ်ပွင့်အိတို့ကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် အစီရင်ခံစာတွင်မရှိမဖြစ်လိုအပ်သော အချက်အလက်များစုဆောင်းရန်နှင့် အစီရင်ခံစာရေးသားရာတွင် အကြံပြုချက်များဖြင့်ပံ့ပိုးပေးပါသော ကံမြန်မာ၏မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် Bright Pride Myanmar Lesbian organization၊ SPACE၊ GOAL၊ TRY၊ Brilliance Bisexuals၊ ပြင်ဦးလွင်ရဲရဲနှင့် LGBT အဖွဲ့ ၊ မလှိုင် သန်းဒါး၊ သပြေညိုရွှေဘိုပန်း၊ မိတ္ထီလာ LGBT Network (မန္တလေး)၊ ခိုင်နှင်းဆီ (မုံရွာ)၊ တမာမြေ မှတူညီသောလက်များ (ပခုက္ကူ)၊ ချယ်ရီမြေမှတူညီသောလက်များ(တောင်ကြီး)၊ အလင်းမီးအိမ်၊ Lashio Tomboy and Lesbian Group (လားရှိုး)၊အမြဲစိမ်းချစ်သူများ (မိုးကောင်း)၊ Diversity For Love – DFL (ကလေးမြို့) တို့ကိုလည်းအထူး ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့၏မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် လိင်စိတ်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူများသည် ရှေးယခင်မြန်မာမင်းဆက်များမှသည် ယနေ့ခေတ်အထိ ခေတ်အဆက်ဆက်များတို့ကတည်းက ရှိနေခဲ့သော်လည်း လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သတ်မှတ်ချက်များ၊ ပညတ်ချက် များကြောင့် ၎င်းတို့၏ ဖြစ်တည်မှုကို ထုတ်ဖော်ပြသခဲ့ခြင်းမရှိသဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း ၎င်းတို့၏ ဘဝများ၊ အခန်းကဏ္ဍသည်လည်း အကန့်သတ်ခံများဖြစ်နေပြီး ၎င်းတို့၏အကျိုးပြုနိုင်မှုများ၊ အခွင့်အရေးများကိုလည်း သိရှိနားလည်လက်ခံမှုမရှိကြချေ။ ပိုမိုပွင့်လင်းမြင်သာမှုရှိလာသောယနေ့ခေတ် လူမှုအသိုင်းအဝိုင်းတွင် လိင်စိတ်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူများကို ပိုမိုတွေ့ရှိလာနိုင်ပြီဖြစ်သော်လည်း အများစုမှာ ခွဲခြားဆက်ဆံခံရမှု၊ အကြမ်းဖက်ခံရမှုတို့ကိုကြုံတွေ့ရနိုင်သဖြင့် သိုသိပ်သောဘဝများဖြင့် ၎င်းတို့၏ လိင်ဝိသေသခံယူချက်များကိုထုတ်ဖော်မပြသသူ အမြောက်အများရှိနေ ဆဲပင်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံရှိ တရားဥပဒေတွင်လည်း လိင်စိတ်ဝိသေသလက္ခဏာခံယူ ဖော်ပြမှုကွဲပြားသူများကိုကန့်သတ်ထားသည့် ဥပဒေများ၊ အထူးသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၇၇၊ ရဲအက် စသည့် ခွဲခြားဖိနှိပ်သော ဥပဒေများရှိသဖြင့် ၎င်းတို့ကို ပိုမိုထိရှလွယ်စေသည်။

အကျိုးဆက်များအနေဖြင့် ၎င်းတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် နိုင်ငံတစ်နိုင်ငံ၏အရေးကြီးသောအခန်းကဏ္ဍများတွင် ပါဝင်အကျိုးပြု

နိုင်မှု၊ အကျုံးဝင်နိုင်မှုများမရှိပဲ အကန့်သတ်ခံ၊ အဖယ်ကျဉ်ခံကြရသည်။ ဤအစီရင်ခံစာတွင် လိင်စိတ်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူများအနေဖြင့် ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများကို မည်သည့်အတိုင်းအတာအထိ၊ မည်သို့ခံစားနေရသည်နှင့် ၎င်းတို့အပေါ် မည်သည့်ဆိုးရွိုးနစ်နာမှုထိခိုက်မှုများဖြစ်ပေါ်နေစေသည်တို့ကို မီးမောင်းထိုးပြပေးမည်ဖြစ်ပါသည်။

"တန်းတူညီမျှမှု" သည် လူမျိုး၊ အသားအရောင်၊ ကိုးကွယ်ယုံကြည်မှု၊ မသန်စွမ်းမှု၊ လိင်၊ ဂျဲန်ဒါ သို့မဟုတ် လိင်စိတ်တိမ်းညွတ်မှုစသည်တို့အပေါ်မမူတည်ပဲ အားလုံးသောလူသားများအတွက်ဖြစ်ရမည်ဖြစ်ပါသည်။ ထိုသို့အာမခံချက်ရှိအောင် သက်ဆိုင်ရာမူဝါဒဖော်ဆောင်သူများ၊ ဥပဒေပြုသူများမှ ဆောင်ကျဉ်းမပေးလျှင်၊ မိမိတို့လူမှုအသိုင်းအဝိုင်းနှင့် တစ်ဦးတစ်ယောက်ချင်းစီတို့မှလည်း တာဝန်ယူမှုတာဝန်ခံမှုမရှိလျှင် အဓိပ္ပါယ်ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကူးပြောင်းနေသည့် မြန်မာနိုင်ငံတော်သည် စစ်မှန်သောဒီမိုကရေစီ၏တန်ဖိုးနှင့်အနှစ်သာရကို ဆောင်ကျဉ်းနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ဤအစီရင်ခံစာတွင်ဖော်ပြပါရှိသော လိင်စိတ်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူများ၏အခွင့်အရေးကို ကာကွယ်ရန်နှင့် လိုအပ်သောပြုပြင်ပြောင်းလဲရေးများဆောင်ရွက်ရန် အကြံပြုချက်များအား ထိရောက်စွာအကောင်အထည်ဖော်ရန် မိမိအနေဖြင့် တိုက်တွန်းအပ်ပါသည်။

တန်းတူညီမျှမှု၊ အပြန်အလှန်ချစ်ခင်လေးစားမှု၊ ကြီးပွားတိုးတက်မှုနှင့် ငြိမ်းချမ်းသာယာမှုတို့ ထုံမွှန်းသော အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ယုံကြည်မျှော်မှန်းရင်း.....

**ဦးကောင်းဇော်ထက်**
စီမံကိန်းညွှန်ကြားရေးမှူး
ကံမြန်မာ

# မာတိကာ


***အတိုကောက်စကားလုံးများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက် ... 6***

***အခန်း (၁) - မိတ်ဆက် ... 9***

**နောက်ခံအခြေအနေ ... 11**

၁။ တရားဥပဒေဆိုင်ရာနောက်ခံအကြောင်းအရာ ... 11

၂။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ... 20

၃။ နိုင်ငံတကာ ဥပဒေများအောက်တွင် LGBTI များ၏အခွင့်အရေးကိုကာကွယ် ပေးရန် တာဝန်ရှိမှု များ ... 21

**ကံမြန်မာ၏ မျှော်မှန်းချက်နှင့် တာဝန်များ ... 22**

**စစ်တမ်းကောက်ယူခြင်း နည်းနိဿယများ ... 23**

**စစ်တမ်းကောက်ယူခြင်းနယ်ပယ်အတိုင်းအဆ ... 24**

***အခန်း (၂) - သုတေသန တွေ့ ရှိချက်များ ... 25***

**အပိုင်း (က) - ပါဝင်ဖြေဆိုသူများ၏ ပုဂ္ဂိုလ်ရေးရာ ယေဘုယျအချက်အလက်များ ... 25**

၁။ ပါဝင်ဖြေဆိုသူများ၏ အသက် ... 25

၂။ ပါဝင်ဖြေဆိုသူများ၏မွေးရာပါလိင် ... 26

၃။ ပါဝင်ဖြေဆိုသူများ၏ လိင်ဝိသေသခံယူချက် ... 26

၄။ ပါဝင်ဖြေဆိုသူများ၏ လိင်စိတ်တိမ်းညွတ်မှု ... 27

၅။ ပါဝင်ဖြေဆိုသူများ၏ ပညာအရည်အချင်း ... 27

၆။ ပါဝင်ဖြေဆိုသူများ၏ အလုပ်အကိုင် ... 28

၇။ ပါဝင်ဖြေဆိုသူများ၏ အိမ်ထောင်ရေးအခြေအနေ ... 29

**အပိုင်း (ခ) - လိင်ဝိသေသလက္ခဏာကွဲပြားသူများ၏အခွင့်အရေး၊ လူ့အခွင့်အရေး နှင့် တရားဥပဒေပြဿနာရပ်များအား သိရှိနားလည်မှု ... 29**

(က) ပြည်တွင်းဥပဒေများကိုသိရှိနားလည်ခြင်း ... 29

(ခ) အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးမူဘောင်များအား သိရှိနားလည်ခြင်း ... 35

(ဂ) လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားခြင်းနှင့် LGBTI အခွင့်အ ရေးအကြောင်း သိရှိနားလည်မှု ... 36

**အပိုင်း (ဂ) - လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအတွေ့အကြုံများ ... 40**

၁။ မိသားစုတွင်း/အိမ်တွင်း ခွဲခြားဆက်ဆံခံရမှုများ ... 40

၂။ ပညာရေးကဏ္ဍတွင်လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း ... 42

၃။ ကျန်းမာရေးကဏ္ဍတွင်လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း ... 46

၄။ ဘာသာရေးနှင့်သက်ဝင်ယုံကြည်မှုကဏ္ဍတွင် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း ... 49

၅။ နိုင်ငံရေးနှင့် လူမှုရေးကဏ္ဍတွင် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း........................................................... 52
၆။ လုပ်ငန်းခွင်တွင်လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း........................................................................... 55
၇။ အများပြည်သူ၊ ပုဂ္ဂလိကနှင့် အစိုးရ ဝန်ဆောင်မှုပေးသည့်နေရာများ၊ အများ ပြည်သူနေရာများ၊ အဆောက်အဦများတွင် လူ့အခွင့်အရေးချိုးဖောက်ခြင်း.................................................................................. 58

**အပိုင်း (ဃ) - လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများ၏ လူမှုရေးနှင့် စိတ်ပိုင်းဆိုင် ရာထောက်ပံ့ကူညီမှုများရရှိမှု.................................................................................................................61**

၁။ ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုများကြောင့် LGBTI များအပေါ် အကျိုးသက် ရောက်မှုများ ................................ 61

***အခန်း (၃) အနှစ်ချုပ်အကြံပြုချက်များ ............................................................................ 68***

**၁။ အနှစ်ချုပ်သုံးသပ်ချက်.........................................................................................................68**

**၂။ အကြံပြုချက်များ ..................................................................................................................69**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့........................................................................................ 69
(၂) မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့......................................................................................................... 73

***နောက်ဆက်တွဲ (က) - စစ်တမ်းမေးခွန်း နမူနာပုံစံ ................................................................. 74***

# အတိုကောက်စကားလုံးများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

**လိင်ဝိသေသ၊လိင်စိတ် တိမ်းညွတ်ခံယူဖော်ပြမှုကွဲပြားသူများ (LGBTI)**
ဟူသည် လက်စဘီယံ၊ ဂေး၊ လိင်တူလိင်ကွဲနှစ်မျိုးလုံးချစ်ခင်စုံမက်နှစ်သက်သူ၊ ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲခံယူနေထိုင်သူနှင့် အခြားလိင်စိတ်ဝိသေသကွဲပြားသူလူနည်းစုများကို ခြုံငုံရည်ညွှန်းသည့်အခေါ်အဝေါ် ဖြစ်သည်။

**လက်စဘီယံ (Lesbian)**
ဟူသည် အမျိုးသမီးတစ်ဦးက အခြားအမျိုးသမီးတစ်ဦးအပေါ် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာစိတ်ဝင်စားမှုရှိသူ(လိင်တူချစ်သူအမျိုးသမီး)ဖြစ်သည်။

**ဂေး (Gay)**
ဟူသည် အမျိုးသားတစ်ဦးက အခြားအမျိုးသားတစ်ဦးအပေါ် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာစိတ်ဝင်စားမှုရှိသူ(လိင်တူချစ်သူအမျိုးသား)ဖြစ်သည်။ ဂေးကို လိင်တူချစ်သူအမျိုးသားနှင့်အမျိုးသမီး(လက်စဘီယံ) နှစ်မျိုးစလုံးအတွက် ယေဘုယျခြုံငုံသောအသုံးအနှုန်းအဖြစ်လည်း အသုံးပြုလေ့ရှိသည်။

**လိင်တူလိင်ကွဲနှစ်မျိုးလုံးကိုချစ်ခင်စုံမက်နှစ်သက်သူ (Bisexual)**
ဟူသည် အမျိုးသမီးနှင့်အမျိုးသားနှစ်ဦးစလုံးအပေါ် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင် ရာနှင့် လိင်ပိုင်းဆိုင်ရာစိတ်ဝင်စားမှုရှိသူဖြစ်သည်။

**ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်ခံယူနေထိုင်သူ (Transgender)**
ဟူသည် မွေးလာချိန်၌မိမိတွင်ဖြစ်တည်လာသော ဇီဝလိင်နှင့်ဆန့်ကျင်ဘက်ဖြစ်သောလိင်အဖြစ်သို့ ပြောင်းလဲခံယူနေထိုင်သူများ (ဥပမာ - ယောကျ်ားလျာ၊ မိန်းမလျာများ) ကိုဆိုလိုသည်။ ၎င်းသည် လူပုဂ္ဂိုလ်တစ်ဦး၏ လိင်ဝိသေသ (gender identity) ကိုဆိုလိုခြင်းဖြစ်ပြီး လိင်စိတ်တိမ်းညွတ်မှုကို ဆိုလိုခြင်းမဟုတ်ပါ။ Transgender ကို ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲခံယူသူ (Trans-sexual) ကိုပါခြုံငုံသော ဘုံစကားလုံးအဖြစ်လည်း အသုံးပြုလေ့ရှိသည်။

**ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲခံယူသူ (trans-sexual)**

ဟူသည် မွေးလာချိန်၌မိမိတွင်ဖြစ်တည်လာသော ဇီဝလိင်နှင့်ဆန့်ကျင်ဘက်ဖြစ်သောလိင်အဖြစ်သို့ ခန္ဓာဗေဒအရပြောင်းလဲရန် ဟော်မုန်းဆေးမှီဝဲနေသူများ၊ ကုသမှုခံယူရန်ပြင်ဆင်နေသူများ (သို့) ကုသနေဆဲသူများ (သို့) ကုသအောင်မြင်ပြီးသူများကိုဆိုလိုသည်။ Trans-sexual သည် ဆန့်ကျင်ဘက်လိင်ကဲ့သို့ပြောင်းလဲဝတ်ဆင်ခံယူနေထိုင်သူအမျိုးအစားထဲတွင်ပါဝင်သည်။

### မွေးရာပါလိင်နှင့်ခံယူမှုတစ်ထပ်တည်းကျသူ (Cisgender)

ဟူသည် မိမိမွေးဖွားချိန်တွင် ဖြစ်တည်လာသော ဇီဝလိင်နှင့် တစ်ထပ်တည်းကျသော လိင်ဝိသေသခံယူချက်ရှိသူ (ဥပမာ - အမျိုးသားဟူသည် ယောကျာ်းအဖြစ်၊ အမျိုးသမီးဟူလျှင် မိန်းမအဖြစ်ခံယူသူ) ကိုဆိုလိုသည်။

### ကွီးယား (Queer)

ဟူသည် မိမိကိုယ်ကို အမျိုးသားဖြစ်သည်၊ အမျိုးသမီးဖြစ်သည်၊ ဂေး၊ လက်စဘီယံ၊ လိင်တူလိင်ကွဲနှစ်မျိုးလုံးချစ်ခင်စုံမက်သူ၊ ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲခံယူနေထိုင်သူ စသည်ဖြစ်သည်ဟူ၍ ခေါင်းစဉ်တပ်မခံယူလိုသည့် လိင်စိတ်ဝိသေသခံယူမှုကွဲပြားသူလူနည်းစုကိုရည်ရွယ်၍သုံးသောအသုံးအနှုန်းဖြစ်သည်။ ၎င်းတွင် လိင်မှုရေးရာကင်းမဲ့သူ(သို့) လိင်စိတ်တိမ်းညွတ်မှုနည်းပါသူ/မရှိသူနှင့် မိမိ၏လိင်ဝိသေသကို ရှာဖွေစူးစမ်းမေးခွန်းထုတ်ဆဲသူလူနည်းစုများလည်းပါဝင်သည်။

### လိင်ဝိသေသခံယူသတ်မှတ်မှု (Gender Identity)

ဟူသည် လူပုဂ္ဂိုလ်တစ်ဦးမှ ၎င်း၏မည်သည့် ဇီဝဗေဒဆိုင်ရာမွေးရာပါလိင်ရှိစေကာမူ မိမိသည် မည်သည့်လိင်အမျိုးအစားထဲတွင်ပါဝင်သည်ဟု နှစ်ခြိုက်စွာ ခံယူသတ်မှတ်ထားသည့် ကိုယ်ပိုင်လိင်ဝိသေသခံယူသတ်မှတ်မှု ကိုဆိုလိုသည်။ လူတစ်ဦး၏ လိင်ဝိသေသခံယူသတ်မှတ်မှုသည် ၎င်း၏ မွေးရာပါလိင်နှင့်တစ်ထပ်တည်းကျသကဲ့သို့ မကျသည်များလည်းရှိနိုင်သည်။

### လိင်ဝိသေသဖော်ပြမှု (Gender expression)

ဟူသည် လူပုဂ္ဂိုလ်တစ်ဦးမှ ၎င်း၏မည်သည့် ဇီဝဗေဒဆိုင်ရာမွေးရာပါလိင်ရှိစေကာမူ မိမိသည် မည်သည့်လိင်အမျိုးအစားထဲတွင်ပါဝင်သည်ဟု နှစ်ခြိုက်စွာ ခံယူသတ်မှတ်ထားသည့် ကိုယ်ပိုင်လိင်ဝိသေသခံယူသတ်မှတ်မှု (Gender identity) ကိုထင်ဟပ်စေရန် ဖော်ပြသည့် ဝတ်စားဆင်ယင်မှု၊ အပြောအဆို၊ ကိုယ်နှုတ်မူရာ၊ အသုံးအဆောင်၊ နေထိုင်မှုပုံစံ အလုံးစုံတို့ကို ဆိုလိုသည်။

### လိင်စိတ်တိမ်းညွတ်မှု/ကိုင်းညွတ်မှု (Sexual orientation)

ဟူသည် လူတစ်ဦးမှ အခြားမည်သည့် လိင်ဝိသေသခံယူသတ်မှတ်မှုရှိသူကိုမဆို စိတ်ပိုင်း၊ ရုပ်ပိုင်း နှင့် လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှု၊ စိတ်ဝင်စားမှု၊ ကာမစပ်ယှက်မှုအရ တိမ်းညွှတ်/ကိုင်းညွှတ်မှုရှိသော စိတ်ကိုဆိုလိုသည်။

**လိင်ဝိသေသလက္ခဏာများ (Sex characteristics)**

ဟူသည် လူပုဂ္ဂိုလ်တစ်ဦးမှ ၎င်း၏မွေးရာပါလိင်ဆိုင်ရာ ရည်ညွှန်းဖော်ပြသော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် အပြုအမူပိုင်းဆိုင်ရာ လက္ခဏာရပ်များကိုဆိုလိုသည်။

**MNHRC**

Myanmar National Human Rights Commission (မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်)

**DSW**

Department of social welfare, resettlement (လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)

**MoE**

Ministry of Education (ပညာရေးဝန်ကြီးဌာန)

**NESP** – National Education Strategic Plan (အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း)

**SDG** - Sustainable Development Goals (စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ)

**ICESCR** – International Covenant on Economic, Social and Cultural Rights (အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ သဘောတူပဋိညာဉ်စာချုပ်)

**ICCPR** – International Covenant on Civil and Political Rights (အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး သဘောတူပဋိညာဉ်စာချုပ်)

**CEDAW** – Convention on Elimination of Discrimination against Women (အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများတိုက်ဖျက်ရေး နိုင်ငံတကာ သဘောတူပဋိညာဉ်စာချုပ်)

**CRC** – Convention on Rights of Child (ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူပဋိညာဉ်စာချုပ်)

**CRPD** – Convention on the Rights of People with Disability (မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူပဋိညာဉ်စာချုပ်)

# အခန်း (၁) - မိတ်ဆက်

မြန်မာနိုင်ငံတွင် ဘာသာရေးအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း လိင်စိတ်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူများ ခွဲခြားဆက်ဆံခံနေရသည့်အခြေအနေများ အများအပြားရှိနေသည်။ မြန်မာလူမှုအသိုင်းအဝိုင်းသည် ဖိုဝါဒကြီးစိုးပြီး ကိုးတောင်ဝတ်မင်းယောကျ်ားများသည်သာလျှင် မြင့်မြတ်သည်ဟူသည် ရှေးရိုးစွဲထုံးတမ်းအစဉ်အလာကြီးမားသော လူမှုပတ်ဝန်းကျင်တစ်ခုဖြစ်ပါသည်။ သို့ဖြစ်ရာ အမျိုးသားတစ်ဦးဖြစ်လျက်နှင့် အမျိုးသမီးတစ်ဦးကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူများ၊ အမျိုးသမီးဖြစ်လျက်နှင့် အမျိုးသားတစ်ဦးကဲ့သို့ပြောင်းလဲခံယူနေထိုင်သူများ၊ လိင်စိတ်ခံယူမှုကွဲပြားခြင်းသည် ရှက်ရွံ့စရာဟူ၍လည်းကောင်း၊ မူမမှန်သောစိတ်ဟူ၍လည်းကောင်း၊ မြင့်မြတ်ရာမှနိမ့်ကျသည့်နေရာသို့ရောက်နေလိုသူဟူ၍လည်းကောင်း၊ ဟီရိဩတ္တပတရားကင်းမဲ့ခြင်းဟူ၍လည်းကောင်း အသီးသီးသတ်မှတ်သည့် ဥပါဒါန်အစွဲများ၊ တစ်ယူသန်အစွဲများ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် အမြစ်တွယ်လျက်ရှိပါသည်။

ထို့အပြင် ယင်းသို့လိင်စိတ်ခံယူမှုကွဲပြားခြင်းသည် ငယ်ရွယ်သူများစိတ်ကစားမှုဖြစ်သည် ဟူ၍လည်းကောင်း၊ တိကျသောကုထုံးများဖြင့်ပဲ့ကိုင်ပြုပြင်လျှင် နဂိုပကတိစိတ်သို့ပြန်လည်ရောက်ရှိနိုင်သည်ဟူ၍လည်းကောင်း၊ မှားယွင်းသောအယူအဆများလည်းရှိနေသည်။ ယင်းသို့သတ်မှတ်ယူဆချက်များကြောင့် လိင်စိတ်ခံယူမှုကွဲပြားသူများအား ရှုတ်ချခြင်း၊ ကဲ့ရဲ့ပစ်တင်ခြင်းများဖြစ်ပေါ်ပြီး ၎င်းမှသည် အမုန်းတရားများကိုပြန့်ပွားလာစေကာ ခွဲခြားဆက်ဆံခြင်းများ၊ အကြမ်းဖက်မှုများကို ကျူးလွန်ရာ အသက်သွင်းပေးနေသည်။ အထူးသဖြင့် လိင်စိတ်ကွဲပြားသူ လူငယ်များသည် ၎င်းတို့၏ မိသားစုများ၊ အပေါင်းအသင်းများ၊ သူစိမ်းများ၊ အခြားသူများ၏ ပစ်တင်ကဲ့ရဲ့ရှုတ်ချခြင်းကို ခံကြရပါသည်။ လိင်စိတ်ခံယူမှုကွဲပြားသူများသည် ငယ်စဉ်အချိန်ကတည်းက အိမ်တွင် မိဘများ၊ ညီအစ်ကိုမောင်နှမများမှလည်းကောင်း၊ ကျောင်းတွင် ဆရာဆရာမများ၊ အတန်းဖော်များ၊ အခြားကျောင်းသူကျောင်းသားများမှလည်းကောင်း၊ လူမှုပတ်ဝန်းကျင်တွင် ကဏ္ဍအသီးသီးမှလည်းကောင်း ခွဲခြားဆက်ဆံမှုများ၊ အနိုင်ကျင့်မှုများနှင့် အကြမ်းဖက်မှုများကို ကြုံတွေ့ခံစားကြရသည်။

၂၀၁၈ မှ ၂၀၂၀ အတွင်းတွင်လည်း လူမှုကွန်ယက်စာမျက်နှာနှင့် လိင်စိတ်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူများအသိုင်းအဝိုင်းအကြားကျော်စောသော LGBTI များ မိမိကိုယ်ကို အဆုံးစီရင်မှု ၃ မှုတွင် နှစ်မှုမှာ မိသားစုနှင့်အိမ်တွင်းအကြမ်းဖက်မှု၊ တစ်မှုမှာ လုပ်ငန်းခွင်တွင်းနိုင်ထက်စီးနင်းပြုကျင့်မှုနှင့်ခွဲခြားဆက်ဆံမှုတို့ကြောင့်ဖြစ်သည်ကိုလည်းတွေ့ရှိရသည်။ ထိုသို့အဆုံးစီရင်မှုများအပြင် LGBTI အမြောက်အများမှာလည်း လူမှုကဏ္ဍအသီးသီးတွင် ခွဲခြားဆက်ဆံခံရမှုနှင့် ဖိနှိပ်ခံရမှုများကြောင့် စိတ်ပိုင်းရုပ်ပိုင်းနှင့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများခံစားရကာ ပညာရေး၊

စီးပွားရေး၊ ကျန်းမာရေးတို့တွင် နောက်ကျကျန်မှုများရှိပြီး နောက်ဆုံးတွင် မူးယစ်ဆေး၏သား ကောင်များ၊ HIV ၏သားကောင်များဖြစ်ကြရသည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ အချို့သောဥပဒေများသည် အထူးသဖြင့် LGBTI များအား ဖိနှိပ်ရန်နှင့် ၎င်းတို့၏ဖြစ်တည်မှု၊ ဖော်ထုတ်ပြသခွင့်နှင့် ကောင်းမွန်စွာနေထိုင်နိုင်ခြင်းကိုခြိမ်း ခြောက်ရန်၊ မူမမှန်သော၎င်းတို့၏လိင်စိတ်ကွဲပြားမှုများအတွက်အပြစ်ပေးရန် တရားဥပဒေစိုးမိုး ရေးတာဝန်ရှိသူများ၏ ပစ်မှတ်ထားခြင်းခံနေရသည်။ ယင်းဥပဒေများတွင် ရာဇသတ်ကြီးပုဒ်မ ၃၇၇၊ ရဲအက် ၃၀ (ဂ)(ဃ) နှင့် ရဲအက် ၃၅ (ဂ)(ဃ) စသည်တို့ပါဝင်သည်။ ယင်းဥပဒေများဖြင့်တားမြစ်ကန့် သတ်ထားသည့်အပြင် LGBTI များသည် တရားမျှတမှုလက်လှမ်းမှီရေးတွင်လည်း တန်းတူမညီမျှမှု များ၊ မတရားမှုများကိုခါးစည်းခံနေကြရသည်။ လူမှုအသိုင်းအဝိုင်းမှသည်လည်း LGBTI များအား ခွဲခြားဆက်ဆံမှုများဖြစ်ပေါ်နေသဖြင့် LGBTI များသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာ စာတမ်းတွင်ပြဋ္ဌာန်းထားသော ၎င်းတို့၏ "တန်းတူညီမျှခွင့်၊ ခွဲခြားဆက်ဆံမှုများမှကင်းလွတ်ခွင့်၊ ညှဉ်းပမ်းနှိပ်စက်မှုနှင့်လူသားမဆန်စွာဆက်ဆံခြင်းတို့မှကင်းလွတ်ခွင့်၊ ထိမ်းမြားလက်ထပ်ခွင့်နှင့် မိသားစုထူထောင်ခွင့်၊ လူမှုဖူလုံပိုင်ခွင့်" စသည်တို့ကိုချိုးဖောက်ခံနေရပြီး၊ ကမ္ဘာ့ကုလသမဂ္ဂ၏ ရေ ရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များနှင့်ချိတ်ဆက်နေသည့် ၎င်းတို့၏ "ဖွံ့ ဖြိုးတိုးတက်ပိုင်ခွင့်" တို့ကိုလည်းချိုးဖောက်ခံနေရကာ - ဒီမိုကရေစီအသွင်ကူးပြောင်းနေသောမြန် မာနိုင်ငံအတွက် နိုင်ငံတကာအသိုင်းအဝိုင်းအကြားတွင် လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေဆိုး ရွားမှုများ၏ မြန်မာနိုင်ငံ၏ပုံရိပ်ကို အကျည်းတန်နေစေသည်။ ယင်းအခြေအနေများအောက်တွင် LGBTI များ၏အခွင့်အရေးကိုကာကွယ်ပေးမည့် တရားဥပဒေဆိုင်ရာအသိပညာရှင်၊အတတ်ပညာ ရှင်များ၊ အကြံပေးသူများမရှိခြင်းနှင့် LGBTI များကိုယ်တိုင်လည်း မိမိတို့၏လိင်စိတ်ဝိသေသလက္ခ ဏာခံယူဖော်ပြမှုကွဲပြားခြင်းဆိုင်ရာနှင့် လူ့အခွင့်အရေး အသိအမြင်ဗဟုသုတများအားနည်းနေခြင်း တို့သည် ရှိရင်းစွဲပြဿနာမီးကို လောင်မီးမြိုက်နေစေသည်။

ယင်းအဖြစ်အပျက်များအားလုံးကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်းရှိ LGBTI လူနည်း စုများအပေါ် "တရားမျှတမှု" ပျောက်ဆုံးနေစေသော စနစ်ပိုင်းဆိုင်ရာနှင့် ကဏ္ဍပေါင်းစုံမှသက် ရောက်နေသည့်ခွဲခြားဆက်ဆံမှု နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုဖြေရှင်းရန် အရေးတကြီးလို အပ်နေပေသည်။

ဤအစီရင်ခံစာဖြင့် မြန်မာနိုင်ငံအတွင်းရှိ LGBTI များ၏လူ့အခွင့်အရေးအခြေအနေများအ ကြောင်းအမြင်ဖွင့်ရန်နှင့် LGBTI များ၏အခွင့်အရေးအတွက် စည်းရုံးညှိနှိုင်းလှုံ့ဆော်ရန်ရည်ရွယ်ပါ သည်။ ဤအစီရင်ခံစာသည် မန္တလေးမြို့နယ်၊ မလှိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပြင်ဦး လွင်မြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မုံရွာမြို့နယ်၊ ကလေးမြို့နယ်၊ ဟိုပင်မြို့နယ်၊ မကွေးမြို့ နယ်၊ လားရှိုးမြို့နယ်နှင့် တောင်ကြီးမြို့နယ် တို့မှ LGBTI အယောက် ၅၀ တို့အားကောက်ယူသော "အထက်မြန်မာပြည်ရှိ LGBTI များ၏လူ့အခွင့်အရေးအခြေအနေများအား အကဲဖြတ်ဆန်းစစ်ချက်"

သုတေသနစစ်တမ်းမှ ရရှိသောအချက်အလက်များကိုတင်ပြထားသည့်အစီရင်ခံစာဖြစ်ပါသည်။ ဤအစီရင်ခံစာမှတွေ့ရှိချက်များကို ယင်းဒေသများရှိ LGBTI များအနေဖြင့် မည်သည့် ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုနှင့် ပုံစံခွက်သွင်းဆက်ဆံခံရမှုအမျိုးမျိုးတို့ကို မည်သို့မည်ပုံကြုံတွေ့နေရ သည်တို့ကို "တရားဥပဒေ"၊ "မိသားစု"၊ "ပညာရေး"၊ "ကျန်းမာရေး"၊ "ကိုးကွယ်ယုံကြည်မှု"၊ "နိုင်ငံရေးနှင့်လူမှုရေး"၊ "လုပ်ငန်းခွင်"၊ "အများပြည်သူ၊ ပုဂ္ဂလိကနှင့်အစိုးရ ဝန်ဆောင်မှုများနှင့် အဆောက်အဦနေရာများ"၊ "စိတ်ပိုင်းနှင့်လူမှုရေးဆိုင်ရာအထောက်အပံ့" စသည့်ကဏ္ဍများအလိုက် ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်များဖြင့် ဖော်ပြသွားမည်ဖြစ်သည်။

## နောက်ခံအခြေအနေ

### ၁။ တရားဥပဒေဆိုင်ရာနောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံရှိ LGBTI များသည် အစိုးရတာဝန်ရှိသူများနှင့် အများပြည်သူများ၏ မတရားဆက်ဆံခြင်းကိုခံရပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကိုနေ့စဉ်နှင့်အမျှခံစားကြရသည်။ LGBTI များသည် မြန်မာနိုင်ငံအတွင်းတွင် ရှေးယခင်ကာလများကတည်းက တည်ရှိခဲ့သည်ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အောင်မြင်ခဲ့ပြီး ပြည်သူမှရွေးကောက်တင်မြှောက်သောအစိုးရအဖွဲ့အဖြစ် ၂၀၁၆ ခုနှစ်တွင် စတင်အုပ်ချုပ်ခဲ့ပြီးနောက်တွင် ပိုမိုကျယ်ပြန့်စွာ မြင်တွေ့လာရခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးယခင်ဗြိတိသျှကိုလိုနီလက်ထက်က ဥပဒေအဟောင်းများဆက်လက်အသက်ဝင်ကြီးစိုးသည့်စနစ်ကိုကျင့်သုံးသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၎င်းဥပဒေများကို အမှန်တကယ်အရေးယူရန်အသုံးပြုခြင်းနည်းပါးခဲ့သော်လည်း ယခုတွင် အစိုးရနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများသည် ယင်းဥပဒေများကို LGBTI များအား ချယ်လှယ်ရန်၊ နှောင့်ယှက်အကြမ်းဖက်ရန်နှင့် ဖမ်းဆီးရန်၊ အခြားပုဒ်မများဖြင့်အရေးယူရန် အသုံးပြုနေကြသည်။ LGBTI များသည် ရာဇသတ်ကြီးဥပဒေများအောက် အားလုံးသောမတရားဆက်ဆံခြင်းအမျိုးမျိုးတို့ကိုခံကြရပြီး တရားမျှတမှုအပိုင်းဖြင့်လည်း အကာအကွယ်မရရှိကြပါ။ ၎င်းဥပဒေများတွင် အဓိကအားဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၇၇၊ ရဲအက်နှင့် အခြားဥပဒေပုဒ်မများပါဝင်ပါသည်။

#### ၁.၁။ ခွဲခြားဖိနှိပ်သောဥပဒေများ

**(က) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ**

မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှခြင်းဟူသည့် အခြေခံမူ ၃ ရပ်ကို စဉ်ဆက်မပြတ်ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟု

သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းအခြေခံမူများကို နိဒါန်းတွင်လည်းကောင်း၊ အခန်း ၁ ၏ အခြေခံမူဟူသည့်ခေါင်းစဉ်အောက်တွင် နှစ်ကြိမ်ဖော်ပြခြင်းဖြင့် လည်းကောင်းရည်ညွှန်းထားပါသည်။

ပုဒ်မ ၂၁(က) တွင် - "နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိသည်" ဟုပြဋ္ဌာန်းထားပါသည်။

ပုဒ်မ ၃၄၇ တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရှိစေရမည်။ ထို့အပြင် ဥပဒေအကာအကွယ်ကိုလည်းတန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်" ဟုပြဋ္ဌာန်းထားသည်။

ပုဒ်မ ၃၅၃ တွင်လည်း "တည်ဆဲဥပဒေတို့မှလွဲ၍ မည်သည့်တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်တို့ကို မတားမြစ်စေရ" ဟုဖော်ပြထားသည်။ သို့သော်လည်း ရာဇသတ်ကြီးနှင့် ရဲအက်များမှာ နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံနှုန်းများနှင့် မကိုက်ညီသော်လည်း ယင်းတည်ဆဲဥပဒေများအဖြစ်အကျုံးဝင်လျက် LGBTI များကို ဖိနှိပ်ရန်အသုံးပြုနိုင်သည့် ကိရိယာများဖြစ်နေပေသည်။

ထို့အပြင် ပုဒ်မ ၃၄၈ တွင်မူ "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ လိင်၊ ဆင်းရဲချမ်းသာတို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရ" ဟုသာပြဋ္ဌာန်းထားသည်ကိုတွေ့ရသည်။ တစ်နည်းအားဖြင့်သုံးသပ်လျှင် နိုင်ငံသားမဟုတ်သူများအပါအဝင်၊ "လိင်စိတ်ကွဲပြားမှု"အပေါ်အခြေခံပြီး နိုင်ငံသားများကို ခွဲခြားဆက်ဆံနိုင်သည်ဟု သွယ်ဝိုက်စွာအဓိပ္ပါယ်သက်ရောက်နေပါသည်။

NLD အစိုးရတက်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်းပြီး ပြင်ဆင်ရမည့် ပုဒ်မနှင့်အချက်ပေါင်း ၄၀၀၀ ကျော်တို့ကိုအစီရင်ခံထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီ၏အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၉ ခုနှစ်တွင် အတည်ပြုခဲ့သည်။ သို့သော်လည်း ၎င်းတွင် ပုဒ်မ ၃၄၈ အတွင်း "လိင်ဝိသေသ၊ လိင်စိတ်တိမ်းညွတ် မှု" ကိုထည့်သွင်းပြင်ဆင်ရန်အချက်မပါရှိခဲ့ပေ။

### (ခ) ရာဇသတ်ကြီးပုဒ်မ ၃၇၇

ဤရာဇသတ်ကြီးပုဒ်မသည် ၁၈၆၀ ခုနှစ်၊ အိန္ဒိယ ရာဇသတ်ကြီးပုဒ်မ ၃၇၇ နှင့်ထပ်တူကျလျက်ရှိသည်။ ကိုလိုနီလက်အောက်ခံချိန်တွင် မြန်မာနိုင်ငံအားဗြိတိသျှ-အိန္ဒိယကိုလိုနီနယ်ပယ်တစ်ခုအဖြစ်အုပ်ချုပ်ခဲ့ရာ ကိုလိုနီခေတ်ဥပဒေပြုခြင်းတွင် မြန်မာနိုင်ငံ၏ဥပဒေစနစ်အတွင်း ယင်းအိန္ဒိယရာဇသတ်ကြီးဥပဒေနှင့် အခြားကိုလိုနီခေတ်ဥပဒေများကို ထည့်သွင်းကျင့်သုံးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပုဒ်မ ၃၇၇ သည် ယင်းပုဒ်မအားချိုးဖောက်သည်ဟု စွပ်စွဲခံရသူများအပေါ် ဆက်လက်အကျိုးသက်ရောက်မှုရှိနေသည်သာမကပဲ ရာဇသတ်ကြီးတွင်၎င်းအားဆက်လက်ထိန်းသိမ်းထားရှိခြင်းသည် အမှန်ရှိနေသော သို့မဟုတ် စွပ်စွဲထားသည့်လိင်စိတ်တိမ်းညွတ်မှု သို့မဟုတ် လိင်ဝိသေသခံယူသတ်မှတ်မှု/ဖော်ပြမှု အပေါ်အခြေပြုလျက် ထိုပုဂ္ဂိုလ်များအပေါ် ထိခိုက်နစ်နာစေသည့် မတရားမှုကိုအားပေးရာရောက်သည့် ကြီးမားသောသင်္ကေတတစ်ခုလည်း ဖြစ်သည်။ ပုဒ်မ ၃၇၇ သည် မည်သည့် "ဓမ္မတာမဟုတ်သော လိင်ဆက်ဆံမှု" ကိုမဆို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားခြင်းဖြစ်သည်။

*"၃၇၇။ ယောကျ်ားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရိစ္ဆာန်နှင့်ဖြစ်စေ၊ မည်သူမဆို မိမိအလိုအလျောက် ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှုကိုပြုလျှင် ထိုသူကိုထောင်ဒဏ်တစ်သက်တစ်ကျွန်းဖြစ်စေ၊ ဆယ်နှစ်အထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။"*

ယင်းပုဒ်မ ၃၇၇ အားယေဘုယျဆန်ဆန်နားလည်သဘောပေါက်ကြပြီး ပို၍အရေးကြီးသည်မှာနှစ်ဦးသဘောတူ လိင်တူချင်းလိင်ဆက်ဆံမှုကိုတားမြစ်ချက်တစ်ခုအဖြစ် ဥပဒေအကောင်အထည်ဖော်သူများမှလည်း ထိုကဲ့သို့မှတ်ယူထားကြသည်။

*တရားစွဲဆိုမှုတွင် တရားစွဲအဖွဲ့မှ သက်သေမကင်းဖြစ်လောက်သည့်သက်သေကိုတင်ပြရမည် -*

*(၁) စွပ်စွဲခံရသူသည် ယောကျ်ား၊မိန်းမ၊သို့မဟုတ် တိရစ္ဆာန်နှင့်ကာမစပ်ယှက်မှုရှိခဲ့ကြောင်း*

*(၂) ထိုကာမစပ်ယှက်မှုသည် ဓမ္မတာနှင့်ဆန့်ကျင်သော စပ်ယှက်မှုဖြစ်ခဲ့ကြောင်း*

*(၃) စွပ်စွဲသူသည် မိမိအလိုအလျောက်ကျူးလွန်မှုပြုခဲ့ကြောင်း*

*(၄) အင်္ဂါဇာတ်တစ်ခုသည် အခြားအင်္ဂါဇာတ်သို့ဝင်ခဲ့ကြောင်း*

- ဟူ၍လည်းပြဋ္ဌာန်းထားသည်ကိုတွေ့ရသည်။

၂၀၁၈ ခုနှစ်တွင် အိန္ဒိယတရားလွှတ်တော်ချုပ်က Navtej Singh Johar et al & Others v Union of India and others အမှုတွင် လိင်တူချင်းနှစ်ဦးသဘောတူလိင်ဆက်ဆံမှုပြုခြင်းအပေါ် ရာဇဝတ်မှုပြုစေသည့် ရာဇသတ်ကြီးပုဒ်မ ၃၇၇ ပါရာဇဝတ်မြောက်စေသည့်အခြေခံအချက်များကို ပယ်ဖျက်သည့်အမိန့်စီရင်ချက်ကို ချမှတ်ခဲ့သည်။ အဆိုပါပုဒ်မသည် အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သွေဖီနေပြီး၊ အိန္ဒိယနိုင်ငံတော်မှလိုက်နာရမည့် နိုင်ငံတကာတာဝန်ဝတ္တရားများနှင့်လည်းဆန့်ကျင်နေကြောင်း တရားလွှတ်တော်ချုပ်ကစီရင်ထုံးဖွဲ့ခဲ့ပါသည်။ ထိုသို့စီရင်ဆုံးဖြတ်ရာတွင် ပုဒ်မ ၃၇၇ သည် အိန္ဒိယနိုင်ငံအပေါ်စည်းနှောင်ထားသည့် နိုင်ငံတကာလူ့အခွင့်အရေးသဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များဖြစ်သည့် ပုဂ္ဂလိကလွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်၊ ခွဲခြားဆက်ဆံမှုကင်းမဲ့ခြင်းနှင့် လူ့ဂုဏ်သိက္ခာရှိခွင့်စသည်တို့ကိုချိုးဖောက်ရာရောက်ကြောင်း အိန္ဒိယတရားလွှတ်တော်ချုပ်က အလေးပေးဖော်ပြခဲ့ပါသည်။ ယင်းသဘောတူစာချုပ်များတွင် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်

ရာ နိုင်ငံတကာသဘောတူပဋိညာဉ်စာချုပ်၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူပဋိညာဉ်စာချုပ်တို့လည်း ပါဝင်သည်။ လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသ သတ်မှတ်မှုနှင့်စပ်လျဉ်းသည့် နိုင်ငံတကာလူ့အခွင့်အရေးအားလက်တွေ့ကျင့်သုံးခြင်းဆိုင်ရာ ဂျော် ဂျာကာတာအခြေခံစံချိန်စံနှုန်းများအရ နိုဂုံးချုပ်အတည်ပြုသည်မှာ လိင်တူချင်းနှစ်ဦးသဘောတူ လိင်ဆက်ဆံမှုပြုခြင်းအား ရာဇဝတ်မှုမြောက်စေခြင်းသည် အခြေခံလူ့အခွင့်အရေးအားချိုးဖောက် ကြောင်း အိန္ဒိယတရားလွှတ်တော်ချုပ်က မှတ်ချက်ပေးခဲ့သည်။

သို့သော်မြန်မာနိုင်ငံတွင်မူ ပုဒ်မ ၃၇၇ သည် ရာဇသတ်ကြီးပုဒ်မအဖြစ်အပြည့်အဝဆက် လက်အသက်ဝင်နေလျက်ရှိပြီး LGBTI များအပေါ် ဆုတ်ယုတ်သောအကျိုးသက်ရောက်မှုများကိုဖြစ် ပေါ်နေစေသည်။ ယနေ့တိုင် မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရှေ့မှောက်တွင် ပုဒ်မ ၃၇၇ နှင့်စပ်လျဉ်းသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကို စိန်ခေါ်သည့်အမှုမရှိခဲ့ဖူးသေးပါ။ မြန်မာနိုင် ငံရှိလူ့အခွင့်အရေးအခြေအနေဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်အနေဖြင့်လည်း ပုဒ်မ ၃၇၇ သည် အခြားအရာများရှိသည့်အနက် ပုဂ္ဂလိကလွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်၊ ခွဲခြားဆက်ဆံမှုကင်း မဲ့ခွင့်နှင့် လူ့ဂုဏ်သိက္ခာရှိခွင့်တို့ကိုချိုးဖောက်နေသောကြောင့် ဖျက်သိမ်းရန်ထောက်ခံအကြံပြုထား ခဲ့သည်။

ယင်းပုဒ်မ ၃၇၇ ကိုအသုံးပြုပြီး တရားစွဲဆိုမှုများနှင့်ကျူးလွန်မှုနှုန်းများ၊ အထူးသဖြင့် ပုဒ်မ ကိုအသုံးပြုပြီး နှစ်ဦးသဘောတူ လိင်တူလိင်ဆက်ဆံခြင်းကိုအမှုစွဲဆိုသည့်၊ အကြောင်း တရားဝင်သ တင်းအချက်အလက်များကို ရယူရန်ခက်ခဲသော်လည်း အချို့သောအမှုများကို အများပြည်သူများမှ စိတ်ဝင်စားမှုရှိခဲ့ကြသည်။ ယင်းအမှုများအနက်တစ်ခုမှာ လူသိများသောရန်ကုန်အခြေစိုက် LGBTI လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် ဦးအောင်မျိုးထွဋ်မှ သူ၏စားသောက်ဆိုင်ဝန် ထမ်းတစ်ဦးအပေါ် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုဖြစ်သည်။ စွပ်စွဲခံရသူသည် ၂၀၁၈ မတ်လတွင်ဖမ်း ဆီးခံခဲ့ရပြီး "ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှု" ကျူးလွန်ကြောင်းစွပ်စွဲကာ ပုဒ်မ ၃၇၇ ဖြင့် တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင်စွဲချက်တင်ခံခဲ့ရပြီး အာမခံလည်းမရရှိခဲ့ပါ။ သူ၏ဖမ်းဆီးထိန်း သိမ်းခံရခြင်းသည် သူ၏ကျန်းမာရေးကိုထိခိုက်စေနိုင်သည့်အချက်ကြောင့်စိုးရိမ်ဖွယ်ရာဖြစ်လာခဲ့ သည်။ အိပ်ချ်အိုင်ဗွီရောဂါရှိသည့် ဂေးတစ်ဦးဖြစ်ကြောင်းသတင်းမီဒီယာတွင် ခေါင်းစဉ်ကြီးဖြင့်ပင် ဖော်ပြခံခဲ့ရသည်လည်းဖြစ်သည်။

ယခုလက်ရှိ ၂၀၂၀ အချိန်အထိမူ မန္တလေးတစ်မြို့အတွင်းတွင်ပင် ယင်းပုဒ်မ ၃၇၇ ဖြင့်ဖမ်းဆီး မှုပေါင်း ၁၇ မှုတို့ရှိပြီး ရန်ကုန်အပါအဝင် အမှုပေါင်း ၅၀ ခန့်တို့ရှိသည်ဟု LGBT လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ဆိုသည်။

### (ဂ) မှောင်ရိပ်ခိုဥပဒေ

၃၇။ အပြင်အခြားသော ဥပဒေပြဋ္ဌာန်းချက်များကိုလည်း LGBTI များကို ကန့်သတ်ရန်၊ ခွဲခြားဆက်ဆံရန် သို့မဟုတ် အကြမ်းဖက်မှုနှင့် ညှဥ်းပန်းနှိပ်စက်မှုများကိုကျူးလွန်ရန် အသုံးပြုနေကြသည်။ ရာဇဝတ်မှုတားဆီးရေးနှင့် ထောက်လှမ်းရေးအတွက် ရဲများအား အခွင့်အာဏာများပေးနေသည့် မြန်မာနိုင်ငံရှိ ကိုလိုနီခေတ်ဥပဒေများ၊ ဥပမာ - "မှောင်ရိပ်ခိုမှု" ဟုအပြန်အလှန်တင်စားခေါ်ဝေါ်ကြသည့် ရန်ကုန်ရဲအက်ဥပဒ် ပုဒ်မ ၃၀ နှင့် ရဲအက် ပုဒ်မ ၃၅ တို့သည် လိင်စိတ်ခံယူမှုကွဲပြားခြင်းအပေါ် လုံလုံးလျားလျား သို့မဟုတ် တစ်စိတ်တစ်ပိုင်းအခြေခံပြီး မတရားဆက်ဆံမှုများကိုမွေးထုတ်ပေးနေသည့် ယင်းသို့သောဥပဒေမျိုးများထဲမှ ထင်ရှားသောသာဓကများဖြစ်သည်။

ရဲအက် ပုဒ်မ ၃၅ တွင် -

*(က) ဘေးအန္တရာယ်ပြုနိုင်သော (သို့မဟုတ်) ရန်မူနိုင်သော ကိရိယာတစ်ခုခုကိုကိုင်စွဲလျက်တွေ့သည့်အခါ ထိုသို့ကိုင်စွဲခြင်းအကြောင်းကို ပြေလည်အောင်မပြောနိုင်သူ။*

*(ခ) နေဝင်နှင့် နေထွက်ချိန်အကြား ဈေး၊ လမ်းဘေးလမ်း၊ ဝင်းခြံ (သို့မဟုတ်) အခြားနေရာတစ်ခုခုတွင် ဖင့်နွဲ့ (သို့မဟုတ်) ရပ်နေသူကိုတွေ့သည့်အခါ ၎င်းသူကမိမိအကြောင်းကိုပြေလည်အောင် မပြောနိုင်သော သူခိုးဟုကျော်စောသူ။*

*(ဂ) နေဝင်နှင့် နေထွက်ချိန်အကြား မိမိမျက်နှာကိုဖုံးအုပ်လျက်ဖြစ်စေ၊ အခြားနည်းဖြင့်ရုပ်ဖျက်လျက်ဖြစ်စေတွေ့သည့်အခါ ၎င်းသူက မိမိအကြောင်းကို ပြေလည်အောင်မပြောနိုင်သူ။*

*(ဃ) လူနေအိမ် (သို့မဟုတ်) အခြားအဆောက်အဦတစ်ခုခု၏ ဥပစာအတွင်း၌ဖြစ်စေ၊ ရေယာဉ်တစ်ခုခုအပေါ်တွင်ဖြစ်စေ၊ တွေ့သည့်အခါထိုနေရာတွင်မိမိရောက်ရှိနေခြင်းအကြောင်းကိုပြေလည်အောင်မပြောနိုင်သူ။*

*(င) အိမ်ဖောက်ထွင်းသည့် ကိရိယာတစ်ခုခုကို ဥပဒေနှင့်ညီသောအကြောင်းမရှိဘဲ လက်ရှိထားသူ၊ ၎င်းသူတို့ကို ဝရမ်းမပါဘဲမည်သည့်ရဲတပ်ဖွဲ့ဝင်ကမဆို ဖမ်းဆီးနိုင်သည့်အပြင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးလအထိ ထောင်ဒဏ်ချမှတ်ခံရမည်။* - ဟုပြဋ္ဌာန်းထားသည်။

ရန်ကုန် ရဲအက် ပုဒ်မ ၃၀ တွင် -

***အောက်ဖော်ပြပါသူများအား မည်သည့်ရဲအရာရှိကမဆို ဝရမ်းမပါဘဲဖမ်းဆီးနိုင်ပြီး ၎င်းတို့အားထောင်ဒဏ် ၃ လအထိ ထောင်ဒဏ်အပြစ်ပေးနိုင်သည်။***

*၃၀ (က) ဘေးအန္တရာယ်ပြုနိုင်သော (သို့မဟုတ်) ပြစ်မှုဒကျူးလွန်ရန်အသုံးပြုနိုင်သောလက်နက်တစ်စုံတစ်ရာနှင့်တွေ့ရှိရ၍ မေးမြန်းရာတွင်ထိုသို့သောလက်နက်တို့ကိုမည်သည့်အကြောင်းကြောင့် ကိုင်ဆောင်သယ်ယူလာရကြောင်းကို ကျေနပ်လက်ခံနိုင်လောက်သောအကြောင်းမပြမပြောနိုင်သူ။*

*(ခ) နေဝင်နေထွက်အကြား ညအချိန်အတွင်း မည်သည့်ဈေးဖြတ်လမ်း၊ လမ်းကျယ်၊ လမ်းမကြီး၊ ခြံမှစ၍ အခြားဒေသတို့တွင် ပုန်းလျှိုး (သို့မဟုတ်) လှည့်ပတ်သွားလာနေသည်။ ၎င်း*

*ကထိုက်သို့လှုပ်ရှားသွားလာနေမှုနှင့် ပတ်သက်၍ ကျေနပ်လက်ခံနိုင်လောက်အောင်အကြောင်းပြချက်ထုချေခြင်းမပြုနိုင်သော သူခိုးဟုကျော်စောသူ။*

*(ဂ) မျက်နှာကိုဖုံးအုပ်၍လည်းကောင်း၊ ရုပ်ဖျက်၍လည်းကောင်း၊ နေဝင်နေထွက်စပ်ကြားသွားလာနေသည်ကိုတွေ့ရပြီး ၎င်းက ထိုသို့ပြုမှုခြင်းကိုကျေနပ်လက်ခံနိုင်သောအကြောင်းပြချက်မပေး၊ မပြောနိုင်သူ။*

*(ဃ) မည်သည့်နေအိမ်၊ အဆောက်အဦ၊ အတွင်းတွင်သော်လည်းကောင်း၊ အခြားမည်သည့်အဆောက်အဦးများတွင်သော်လည်းကောင်း၊ မည်သည့်ရေယာဉ်ပေါ်တွင်သော်လည်းကောင်း၊ တွေ့ရှိရပြီး ထိုသို့ရောက်ရှိနေသောအကြောင်းကို ကျေနပ်လက်ခံနိုင်လောက်အောင် အကြောင်းပြနိုင်ခြင်းမရှိသူ။*

*(င) အဆောက်အဦးကိုဖောက်ဖွင့်၊ ဖောက်ခွဲရာတွင်အသုံးပြုသော တန်ဆာပလာကိရိယာများကိုလက်ဝယ်တွေ့ရှိပြီး တရားသဖြင့် ၎င်းပိုင်ပစ္စည်းအကြောင်းကိုကျေနပ်လက်ခံနိုင်လောက်အောင် အကြောင်းပြပြောဆိုနိုင်ခြင်းမရှိသူ။*

- ဟုပြဋ္ဌာန်းထားသည်။

ယင်းဥပဒေများသည် ပြည်ထောင်စုအဆင့်နှင့် တိုင်းနှင့်ပြည်နယ်အဆင့်နှစ်မျိုးလုံးတွင် ၁၉၄၆ ရဲအက် ပုဒ်မ ၃၅ နှင့်သော်လည်းကောင်း၊ ၁၈၉၉ ရန်ကုန်ရဲအက် ပုဒ်မ ၃၀ နှင့်သော်လည်းကောင်း တည်ဆဲအသက်ဝင်သည်။ ၎င်းပုဒ်မများ၏ အချို့သောပြဋ္ဌာန်းချက်များမှာ ရှင်းလင်းတိကျမှုမရှိပဲဖြစ်နေပြီး (ဥပမာ - 'နေဝင်နှင့်နေထွက်အကြား အများပြည်သူနေရာတွင်တွေ့ရှိရခြင်း' အတွက် 'ကျေနပ်ဖွယ်ကောင်းလောက်အောင်' ဟူသော စကားရပ်သည် မည်သည်ကိုပြောသည်ကို အတိအကျရှင်းလင်းဖော်ပြထားမှုမရှိခြင်း) ပြင်းထန်သောအလွဲသုံးစားမှုများကျူးလွန်လွယ်ရန်အားပေးအားမြှောက်ပြုနေပေသည်။ ဤဥပဒေသည် LGBTI များအား ညနေညခင်းအချိန်များနှင့် ညအချိန်များတွင် ဖမ်းဆီးထိန်းသိမ်းရန် တရားဥပဒေစိုးမိုးရေးအရာရှိများအား ကျယ်ပြန့်သောလွတ်လပ်မှုများကိုပေးနေသည် ။ ဖမ်းဆီးမှုအများစုတို့သည်လည်း "အမှောင်ထဲမှာရောက်နေတယ်၊ တစ်ခုခုလုပ်ဖို့ကြံနေတာမလား" ဟူသည့် တိကျရှင်းလင်းမှုမရှိသောစွပ်စွဲချက်များဖြင့်ဖမ်းဆီးထိန်းသိမ်းနေခြင်းဖြစ်သည်။

ထို့အပြင် လိင်စိတ်ကွဲပြားသူများအား ခြိမ်းခြောက်ရန်၊ နှောင့်ယှက်ရန်နှင့် ခြယ်လှယ်ရန် အခြားသော ဥပဒေပြဋ္ဌာန်းချက်များကိုလည်းအသုံးပြုနေသည်။ ၎င်းတို့တွင် "အများပြည်သူငြိမ်းချမ်းရေးကိုနှောင့်ယှက်ခြင်း" ကို ရာဇဝတ်မှုပြုထားသည့် ရာဇသတ်ကြီးပုဒ်မ ၂၆၈၊ နှင့် "သင်းကွပ်ခြင်း" ကို ရာဇဝတ်မှုမြောက်စေသည့် ပုဒ်မ ၃၂၀ တို့ပါဝင်သည်။

## (ဃ) ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ

ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေကို ၁၉၄၉ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါဥပဒေ၏ ပုဒ်မ ၃ တွင် -

*"မည်သူမဆို ပြည်သူတို့နှင့်ဆိုင်သော လမ်း၌လည်းကောင်း၊ ပြည်သူတို့နှင့်ဆိုင်သောနေရာ၌လည်းကောင်း၊ ပြည်သူတို့ဝင်ထွက်သွားရောက်မြဲနေရာ၌သော်လည်းကောင်း၊ ထိုလမ်းထိုနေရာတို့မှမြင်သာ ကြားသာအောင်၊ အိမ်၊ အဆောက်အအုံ၊ အခန်း၊ ရေယာဉ်၊ သို့တည်းမဟုတ် ကုန်းယာဉ်အတွင်းသော်လည်းကောင်း -*

*(က) ပြည့်တန်ဆာကိစ္စအလို့ငှာ နှုတ်အမူအရာဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ ဟီရိသြတ္တပတရားကင်းလျက်၊ မိမိကိုယ်ကာယကိုတမင်လှစ်ပြခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အာရုံစွဲငြိစေလျှင် သို့တည်းမဟုတ် အာရုံစွဲငြိစေရန်အားထုတ်လျှင်၊ သို့တည်းမဟုတ်၊*

*(ခ) ပြည့်တန်ဆာကိစ္စအလို့ငှာ တဦးတယောက်သောသူအား မြှူခေါ်သွေးဆောင်ခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ သို့တည်းမဟုတ် အနီးအနားတွင် ရစ်ဝဲခြင်းပြုလျှင်၊*

*ထိုသူကို အလုပ်ကြမ်းနှင့်တစ်နှစ်အောက်မနည်းသုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်စီရင်နိုင်စေရမည်။ ပြစ်ဒဏ်စီရင်ခြင်းခံရသူသည် မိန်းမဖြစ်လျှင် ထိုမိန်းမကို သတ်မှတ်ထားသည့် ဌာန၌ တားဆီးထိန်းသိမ်းခြင်းအားဖြင့် ထောင်ဒဏ်ကျခံစေရမည်။"*

- ဟူ၍ ပြဋ္ဌာန်းထားသည် ကိုတွေ့ရသည်။

တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများသည် ပုဒ်မ ၃(က) နှင့် (ခ) ပါပြဋ္ဌာန်းချက်များကိုအသုံးပြုပြီး အထူးသဖြင့် ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲဝတ်စားဆင်ယင်သူများကို ဖမ်းဆီးစစ်ဆေးခြင်း၊ ခြိမ်းခြောက်ခြင်း စသည်တို့ကိုပြုလုပ်လေ့ရှိသည်။ ယင်းသို့ဖမ်းဆီးစစ်ဆေးရာတွင် ၃(က) နှင့်အကျုံးဝင်ရန် ကွန်ဒုံးကို ဤဥပဒေအားဖောက်ဖျက်ကျူးလွန်သည်ဟူသော သက်သေခံပစ္စည်းအဖြစ်အသုံးပြု၍ ရှာဖွေစစ်ဆေးသည်ဟုဆိုသည်။ ကွန်ဒုံးကို ဤဥပဒေချိုးဖောက်သည်ဟုယူဆသော သက်သေခံပစ္စည်းအဖြစ်အသုံးပြုခြင်းကို ပယ်ဖျက်သည့် ပြင်ဆင်ပြဋ္ဌာန်းချက် တစ်ရပ်ကို ၂၀၁၁ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော်လည်း ယနေ့ခေတ် အချို့သော ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲဝတ်ဆင်သည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါအကြောင်းအသိပညာပေး လူမှုရေးလုပ်သားများသည် ကွန်ဒုံးနှင့်ဂျယ်များနှင့်အတူတွေ့ရှိခံရပါက ပြည့်တန်ဆာကိစ္စအလို့ငှာဆောင်ရွက်နေသည်ဟု တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများမှ မတရားဖမ်းဆီးခြိမ်းခြောက်ရန် ဤဥပဒေကိုဆက် လက်အသုံးပြုနေကြသည်ဟုဆိုသည်။

### (င) အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများမှတားဆီးကာကွယ်ရေးဥပဒေ (Prevention of Violence Against Women – POVAW law)

CEDAW ကိုပြည်တွင်း၌နိုင်ငံတော်အဆင့်တွင်အကောင်အထည်ဖော်ရန်ရည်ရွယ်၍ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှတားဆီးကာကွယ်ရေးဥပဒေ - ပိုဗောလော" ကို မြန်မာအစိုးရမှပြဋ္ဌာန်း ရန်မူကြမ်းရေးဆွဲလျက်ရှိပြီး ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အများပြည်သူဖတ်ရှုလေ့လာအကြံပြုနိုင်ရန် နိုင်ငံတော်ပိုင်သတင်းစာမှ တရားဝင် ထုတ်ပြန်လာခဲ့သည်။ အဆိုပါဥပဒေမူကြမ်းတွင် "အမျိုးသမီးများ" ကို "အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူအမျိုးသမီးကိုဆိုလိုသည်" ဟုအဓိပ္ပာယ်ဖွင့်ဆိုထားသည်ကိုတွေ့ရသည်။

ယင်းအဓိပ္ပာယ်သည် ပြည့်စုံတိကျမှုမရှိပဲ လိင်စိတ်တိမ်းညွတ်မှု/လိင်ဝိသေသခံယူမှုကွဲပြားသူ LBTQ အမျိုးသမီးများအတွက် အကျုံးဝင်ခြင်းမရှိသဖြင့် ဤမူကြမ်းကို အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုချက်အား ဖြည့်စွက်ပြင်ဆင်ခြင်းမရှိပဲ အတည်ပြုပြဋ္ဌာန်းလိုက်ပါက အဆိုပါဥပဒေသည် မြန်မာနိုင်ငံရှိ LBTQ အမျိုးသမီးများ၏အခွင့်အရေးကို တိုက်ရိုက်ချိုးဖောက်မည့် ဥပဒေတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

## ၁.၂။ အကာအကွယ်ပေးသောဥပဒေများ

### (က) မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ

မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်အတိုင်ပင်ခံမှအတည်ပြုပေးခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံတော်အဆင့်တရားဝင်မိတ်ဆက်ဖြန့်ချိခဲ့သည်။ အဆိုပါမူဝါဒ၏ -

- အပိုဒ် ၂၄ (ဂ) တွင် "မူဝါဒပြဋ္ဌာန်းချက်များသည် လူ့အခွင့်အရေးဆိုင်ရာအခြေခံစံချိန်စံညွှန်းများနှင့်ကိုက်ညီရမည်" ဟူ၍လည်းကောင်း၊ အပိုဒ်ခွဲ (င) တွင် "လူငယ်မူဝါဒကိုအကောင်အထည်ဖော်ဆောင်ရာတွင် ကျား၊မ လိင်စိတ်ကိုင်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှုအရလည်းကောင်း၊ ရိုးရာယဉ်ကျေးမှုအရလည်းကောင်း၊ ယုံကြည်ကိုးကွယ်မှုဘာသာရေးအရလည်းကောင်း၊ လူမျိုးအရလည်းကောင်း၊ ဘာသာစကားအရလည်းကောင်း၊ မသန်စွမ်းမှုအရသော်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေအရလည်းကောင်းစသည့်ခွဲခြားဆက်ဆံမှုများ လုံးဝကင်းရှင်းရမည်" ဟူ၍လည်းကောင်း၊ အပိုဒ်ခွဲ (စ) တွင် "လူငယ်များ၏နေရပ်၊ ကြီးပြင်းသောပတ်ဝန်းကျင်၊ မိသားစု၏ လူမှုစီးပွားရေးအခြေအနေနှင့်ကိုယ်ပိုင်လူမှုဘဝပုံစံများမတူကွဲပြားခြင်းကို အသိအမှတ်ပြုရ မည်" ဟူ၍လည်းကောင်း၊
- အပိုဒ် ၂၆ အပိုဒ်ခွဲ (င) တွင် "မတူကွဲပြားစွာလိင်စိတ်ကိုင်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှုရှိသည့်လူငယ်များ (LGBT - အမျိုးသားချင်း၊ အမျိုးသမီးချင်းချစ်ခင်သူများ၊ အမျိုး သား/အ

မျိုးသမီးနှစ်မျိုးလုံးချစ်သူများ၊ ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲခံယူနေထိုင်သူများ၊ မွေးရာပါလိင်အင်္ဂါနှစ်မျိုးစလုံးပါသူများ)" ကို အထူးအလေးပေးစဉ်းစားရမည့်လူငယ်အမျိုးအစားများထဲမှ တစ်မျိုးအဖြစ်လည်းကောင်း၊

- အပိုဒ် ၃၃ အပိုဒ်ခွဲ (က) ၏ ၄ တွင် "သင်ကြားသင်ယူမှုလုပ်ငန်းစဉ် တွင် ပျော်ရွှင်၍စိတ်ဖိစီးမှုကင်းသော ခွဲခြားဆက်ဆံမှုကင်းပြီး လုံခြုံမှုရှိသောပညာသင်ယူမှုဝန်းကျင်ဖန်တီးပေးရန်" ဟူ၍လည်းကောင်း၊ ၇ တွင် "အခြေခံပညာကျောင်းသင်ရိုးညွှန်းတမ်းများတွင် အခြေခံ ကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေး၊ ကျားမရေးရာနှင့် လိင်စိတ်ကွဲပြားမှု၊ မသန်စွမ်းမှု သဘောတရား၊ အခြားကျန်းမာရေးကိစ္စရပ်များပါဝင်သည့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်နှင့် ပြည်သူ့နီတိဘာသာရပ်ကို ထိရောက်စွာသင်ကြားရန်" ဟူ၍လည်းကောင်း၊ အပိုဒ်ခွဲ (ခ) ၏ ၂ တွင် "လူငယ် များ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးအတွက် လူငယ်များကယုံကြည်ကိုးစားသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုလက်လှမ်းမီရရှိစေရန်" ဟူ၍လည်းကောင်း၊ ၈ တွင် " အကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့် လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းခံခဲ့ရ သော လူငယ်လူရွယ်များ၊ ပဋိပက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရသောလူငယ်လူရွယ်များအတွက် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုနှင့် လူမှုရေးရာဝန် ဆောင်မှုတို့ရရှိရေးဆောင်ရွက်ပေးရန်" ဟူ၍လည်းကောင်း -

အသီးသီးပြဋ္ဌာန်းထားသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု၊ သိပ္ပံနှင့် နည်းပညာ စသည့်ကဏ္ဍများတွင်လည်း လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်ရန် ပြဋ္ဌာန်းထားသည်ကိုတွေ့ရသည်။

## (ခ) ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံတကာလူ့အခွင့်အရေးသဘောတူစာချုပ်များအနက် တစ်ခုဖြစ်သည့် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်ကိုလက်မှတ်ရေးထိုးအတည်ပြုထားသည့်အလျောက် ၎င်းစာချုပ်တွင်ပြဋ္ဌာန်းထားသောပြဋ္ဌာန်းချက်များ၏ ကလေးသူငယ်များ၏အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ မြန်မာနိုင်ငံအတွင်း ဥပဒေတစ်ရပ်ပြုအကောင်အထည်ဖော်ဆောင်ရန်အတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေကိုရေးဆွဲပြီး ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

အဆိုပါ ဥပဒေတွင် ကလေးသူငယ်များကို အသက် ၁၈ နှစ်မပြည့်သေးသူ ဟုအဓိပ္ပါယ်ဖွင့်ဆိုထားပြီး -

- အခန်း (၁) ပုဒ်မ ၃ အပိုဒ်ခွဲ (ပ) တွင် ကလေးသူငယ်များအပေါ် ခွဲခြားဆက်ဆံမှုကိုညွှန်းဆိုရာ၌ ခွဲခြားဆက်ဆံမှုဟူသောစကားစုကို "နိုင်ငံသား၊ မျိုးနွယ်စု၊ လူမျိုး၊ အမျိုးဇာတ်၊ ဇာတိ၊ အ

သားအရောင်၊ အမျိုးသား/အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာတန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာမှု၊ မသန်စွမ်းမှု၊ နိုင်ငံရေး၊ ယုံကြည်မှု သို့မဟုတ် လိင်စိတ်ခံယူမှု တို့ကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံမှုကိုဆိုလိုသည်" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

- အပိုဒ်ခွဲ (ဗ) တွင် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း ကိုလည်းကောင်း၊ အပိုဒ်ခွဲ (ဘ) တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းကိုလည်းကောင်း တားမြစ်ချက်များပြဋ္ဌာန်းထားသည်။
- ပုဒ်မ ၂၀ တွင်မူ ကလေးသူငယ်အခွင့်အရေးတစ်ရပ်ရပ်ဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ နစ်နာသူကလေးသူငယ်ကိုယ်တိုင်ဖြစ်စေ၊ ကလေးသူငယ်၏ကိုယ်စားမိဘအုပ်ထိန်းသူကဖြစ်စေ၊ နီးစပ်ရာပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာဒေသဆိုင်ရာကော်မတီသို့လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့မဟုတ် တရားရုံးသို့လည်းကောင်းတင်ပြတိုင်တန်းခွင့်ရှိသည် - ဟူ၍ ပြဋ္ဌာန်းထားသည်။
- ပုဒ်မ ၄၆ (က) တွင်မူ ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ ပညာသင်ယူမှုဆိုင်ရာအခွင့်အရေးများအားရရှိစေရမည် - ဟူ၍ ပြဋ္ဌာန်းထားသည်။
- ပုဒ်မ ၅၆ တွင်မူ မည်သူမျှကလေးသူငယ်အပေါ် တစ်နည်းနည်းဖြင့်နစ်နာဆုံးရှုံးစေသည့် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေသည့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းကိုဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းကိုဖြစ်စေ မပြုလုပ်ရ - ဟူ၍ ပြဋ္ဌာန်းထားသည်။

ကလေးသူငယ်ဥပဒေသည် လိင်စိတ်ခံယူမှုကွဲပြားသူ LGBTI များအတွက် အကျုံးဝင်မှုရှိကာ LGBTI လူငယ်များ၏အခွင့်အရေးကိုအကာအကွယ်ပေးကြောင်းတွေ့ရသည်။ သို့သော်လည်း ဤသို့အကာအကွယ်ပေးထားမှုကို LGBTI ကျောင်းသားကျောင်းသူ လူငယ်များ၊ ၎င်းတို့၏ မိဘများနှင့် ဆရာများမှ ရင်းနှီးကျွမ်းဝင်မှုအားနည်းသေးကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံရှိလူထုအများပြည်သူများသည်လည်း ဤဥပဒေ၏အသေးစိတ်ပြဋ္ဌာန်းချက်များအကြောင်းသိရှိနားလည်သေးမှုမရှိသဖြင့် အသိအမြင်ဖွင့်မှုများဆက်လက်လုပ်ဆောင်ရန်လိုအပ်လျက်ရှိသည်။

## ၂။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်

အခြားနိုင်ငံအမြောက်အများကဲ့သို့ပင် မြန်မာနိုင်ငံသည်လည်း ၎င်း၏လူ့အခွင့်အရေးယန္တရားအဖွဲ့အစည်းတစ်ခုဖြစ်ကိုတည်ထောင်ထားပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဟု လူသိများကြပါသည်။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို စက်တင်လာ ၅ ရက်နေ့ ၂၀၁၁ ခုနှစ်တွင် အစိုးရဘက် မှ အငြိမ်းစားဝန်ထမ်းဟောင်း ၁၁ ဦးနှင့် ပညာရှင်များဖြင့်စတင်ဖွဲ့စည်းခဲ့သည်။ MNHRC သည် ၎င်း၏လုပ်ငန်းဆောင်တာများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုနှင့် တုန့်ပြန်

မှုအေးစက်ကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များကို တိကျစွာ စုံစမ်းစစ်ဆေးရန်နှင့် ကျူးလွန်သူများအား တာဝန်ယူစေရန်လုပ်ဆောင်မှုအားနည်းခြင်း စသည့်သမိုင်းကြောင်းဖြင့် မြန်မာ့လူမှုအဖွဲ့အစည်းတွင် ကျော်စောသည်။ ကော်မရှင်အနေဖြင့် အမှုအခင်းကိစ္စရပ်များကိုဆောင်ရွက်ရာတွင်လည်း လုပ်ပိုင်ခွင့်အာဏာအားနည်းနေသည်။ လွန်ခဲ့သောနှစ်များက ကော်မရှင်သည် လူ့အခွင့်အရေးကို မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအပိုင်းနှစ်မျိုးလုံးတွင်အားနည်းသောကြောင့် ဝေဖန်ခံခဲ့ရပြီး အထူးသဖြင့် လိင်စိတ်ခံယူဖော်ပြမှုကွဲပြားခြင်းဆိုင်ရာလူ့အခွင့်အရေးကိစ္စများတွင်လည်း ပြောဆိုစေ့စပ်လုပ်ဆောင်မှုတစ်စုံတစ်ရာမရှိခဲ့ချေ။

ဇွန်လ ၂၀၁၉ ခုနှစ်တွင် Myanmar Imperial University စာကြည့်တိုက်မှူး မောင်ကျော်ဇင်ဝင်းသည် လုပ်ငန်းခွင်အတွင်း ၎င်း၏လိင်စိတ်တိမ်းညွတ်မှုကို အတင်းဖွင့်ဟခံခဲ့ရပြီး လုပ်ငန်းခွင်အတွင်းအနိုင်ကျင့်ခံရခြင်းကြောင့် မိမိကိုယ်ကိုအဆုံးစီရင်သွားသည့်အမှုတွင် ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့ရာ၊ လူ့အခွင့်အရေးချိုးဖောက်ခံရသောကာယကံရှင်မိမိကိုယ်ကိုအဆုံးမစီရင်မီ ဖေ့စ်ဘုတ်လူမှုကွန်ယက်စာမျက်နှာပေါ်တွင် အလုပ်ခွင်မှသူများနှင့် အပြန်အလှန်ပြောဆိုထားသောစကားများအား မိဘိုင်းဖုန်းစကရင်ရှော့များတင်ထားခဲ့သည့် သက်သေအထောက်အထားများရှိလျက် ကာယကံရှင်သည် 'စိတ်ပိုင်း ဆိုင်ရာချို့နဲ့သဖြင့်' ဟုကောက်နှုတ်ချက်ချပြီး လူ့အခွင့်အရေးချိုးဖောက်မှုမတွေ့ ဟူသော ရပ်တည်ချက်များကြောင့် ကော်မရှင်အပေါ် LGBTI များ၏ ယုံကြည်လက်ခံမှု ပိုမိုပျက်ပြားခဲ့ရပြီး လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများမှ များစွာစိတ်မကျေနပ်ဖြစ်ခဲ့ကြသည်။

၎င်းကို ဇန်နဝါရီလ ၂၀၂၀ ခုနှစ်တွင် ပြောင်းလဲဖွဲ့စည်းခဲ့သော်လည်း အစိုးရဝန်ထမ်းဟောင်းများသည် ကော်မရှင်မှူးများ အဖြစ်ပါဝင်နေပြီး ၎င်းတို့တွင် လူ့အခွင့်အရေးနှင့်ပတ်သက်သည့်ကျောထောက် နောက်ခံအရည်အချင်းများနှင့် ကျွမ်းကျင်မှုများမရှိကြသဖြင့် အရပ်ဖက်လူထုမှဝေဖန်မှုများ များပြားခဲ့သည်။ ကော်မရှင်သည် လူ့အခွင့်အရေးကို မြှင့်တင်သည့်အပိုင်းကိုသာလုပ်ဆောင်လျက်ရှိပြီး ကာကွယ်ပေးသည့် ယန္တရားဟူ၍ ခိုင်ခိုင်မာမာမရှိသည့်အပြင် အထူးသဖြင့် လိင်စိတ်ခံယူမှုကွဲပြား သူများနှင့်သက်ဆိုင် သောလူ့အခွင့်အရေးချိုးဖောက်မှုများကို နှုတ်ဆိတ်နေခဲ့သည်။

## ၃။ နိုင်ငံတကာ ဥပဒေများအောက်တွင် LGBTI များ၏အခွင့်အရေးကိုကာကွယ်ပေးရန် တာဝန်ရှိမှုများ

လူ့အခွင့်အရေးသဘောတူစာချုပ်များစွာသို့ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် LGBTI များ၏ လူ့အခွင့်အရေးကိုလေးစားမှု၊ အကာအကွယ်ပေးမှုနှင့် ဖြည့်ဆည်းပေးမှုပြုရန် တာဝန်ဝတ္တရားများရှိပါသည်။ ယင်းတာဝန်အရ မြန်မာနိုင်ငံသည် နိုင်ငံတော်၏အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အခြားတတိယပါဝင်ပတ်သက်သူအဖွဲ့အစည်းများမှကျူးလွန်သည့်လူ့အ

ခွင့်ရေးချိုးဖောက်မှုများမှ LGBTI များကိုအကာအကွယ်ပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေး သဘောတူပဋိညာဉ်စာချုပ် (အိုင်စီစီပီအာ) ကိုလက်မှတ်မရေးထိုးရသေးသော်လည်း ၎င်းသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူ ပဋိညာဉ်စာချုပ် (အိုင်စီအီးအက်စ်စီအာ)၊ အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူ ပဋိညာဉ်စာချုပ် (စီဒေါ)၊ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာသဘောတူပဋိညာဉ်စာချုပ် (စီအာစီ)နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူပဋိညာဉ်စာချုပ် (စီအာပီဒီ) တို့ကိုအတည်ပြုလက်မှတ်ရေးထိုးထားသည်။

အိုင်စီအီးအက်စ်စီအာ ၏အပိုဒ် ၂ တွင် လူအများအား 'လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစ ကား၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံရေးသို့မဟုတ် အခြားအယူအဆများ၊ နိုင်ငံသား သို့မဟုတ် လူမှုရေး ဇစ်မြစ်ဇာတိ၊ ပိုင်ဆိုင်မှု၊ ဖွားမြင်ရာနေရာ သို့မဟုတ် အခြားလက္ခဏာများတို့အပေါ်မူတည်၍ ခွဲခြား ဆက်ဆံခြင်းမပြုရဟုတားမြစ်ထားသည်။ အပိုဒ် ၃ တွင်လည်း တန်းတူညီမျှသောအခွင့်အရေးပေးရ မည်ဟုဆိုထားပြီး အပိုဒ် ၁၂ တွင်မူ လူတိုင်းရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုအရ နိုင်ဆုံးကောင်းမွန်သည့်အဆင့်တစ်ခုလူတိုင်းရရှိခံစားခွင့်ရှိစေရမည်ဟုဆိုထားသည်။ စီဒေါ၏ အပိုဒ် ၂ တွင်မူ အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံးတို့ကိုရှုတ်ချရန် ညွှန်းဆိုထားသည်။ ထို့အပြင် စီအာစီ၏ အပိုဒ် ၂ တွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကလေးသူငယ်များအပေါ် လိင်အပေါ်အခြေခံ၍အပါအဝင်အခြားသောခွဲခြားဆက်ဆံခြင်းအမျိုးမျိုးတို့မှကာကွယ်ရန်လို အပ်သည့်ဆောင်ရွက်ချက်များလုပ်ဆောင်ရန်ပြဋ္ဌာန်းထားသည်။ ထို့အပြင် ပဋိညာဉ်ပြဋ္ဌာန်းချက်များ ပါ 'အခြားအယူအဆများ' သို့မဟုတ် 'အခြားလက္ခဏာရပ်များ' ဟုဆိုရာတွင် လိင်စိတ်ကွဲပြားသူ LGBTI များလည်းအကျုံးဝင်သည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် တည်ဆဲနိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအောက်တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လိင်ဝိသေသ၊ လိင်စိတ်တိမ်းညွတ်မှုတို့အပေါ်အခြေခံ၍ ခွဲခြား ဆက်ဆံမှုများကိုကာကွယ်ရန်နှင့် တားမြစ်ရန်ကတိကဝတ်ပြုဆောင်ရွက်ရန် တာဝန်ရှိသည်ဖြစ်သည်။

## ကံမြန်မာ၏ မျှော်မှန်းချက်နှင့် တာဝန်များ

ကျွန်ုပ်တို့ကံမြန်မာသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းရှိ ပြည်သူများအခြေခံလူ့အခွင့်အရေးတို့နှင့် ပတ်သက်ပြီးကောင်းစွာနားလည်သဘောပေါက်၍ မိမိတို့နေ့စဉ်ဘဝတွင် စနစ်တကျကိုယ်တိုင်ကောင်းစွာကျင့်သုံးရယူရန်၊ မိမိ၏အခွင့်အရေးချိုးဖောက်ခံရမှုကို စနစ်တကျကာကွယ်တတ်ရန်

နှင့် အခြားသူများအားပြန်လည်မျှဝေတတ်သောတာဝန်ယူစိတ်နှင့် တာဝန်ယူတတ်သောပြည်သူများ ပေါ်ထွက်လာရန်ဖြစ်သည်။

ကျွန်ုပ်တို့သည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း အခြေခံလူ့အခွင့်အရေး၊ ၎င်းနှင့်ဆက်စပ်သောအခြားသောလူ့အခွင့်အရေးများအားချိုးဖောက်နေသူများကို စောင့်ကြည့်ကာကွယ်နေသူများဖြစ်သည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း အခြေခံလူ့အခွင့်အရေးကို စနစ်တကျအသုံးချပြီး တာဝန်ယူစိတ်နှင့် တာဝန်ယူတတ်သောလူ့ဘောင်အဖွဲ့အစည်းဖြစ်လာအောင်ကူညီသူများဖြစ်သည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း အခြေခံလူ့အခွင့်အရေးနှင့်ဆက်စပ်သောအခြားသောလူ့အခွင့်အရေးများချိုးဖောက်နေသူများလျော့နည်းသည်ထက်လျော့နည်းအောင် နည်းလမ်းစုံအသုံးပြု၍ ကူညီဖော်ဆောင်ပေးနေသောအဖွဲ့အစည်းဖြစ်သည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း အခြေခံလူ့အခွင့်အရေး၊ ၎င်းနှင့် ဆက်စပ်သောအခြားသောလူ့အခွင့်အရေးဆိုင်ရာအသိပညာအတတ်ပညာများကို ဝေမျှရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်အတွက် အများအကျိုးအတွက် ရည်ရွယ်၍ ဖွဲ့စည်းထားသော သီးခြားလွတ်လပ်သောစေတနာ့ဝန်ထမ်းအဖွဲ့ဖြစ်သည်။

ကံမြန်မာသည် အဓိကလုပ်ငန်းဆောင်ရွက်နေသောမဏ္ဍိုင်ကြီး ၃ ရပ်ရှိပြီး ၎င်းတို့မှာ လူ့အခွင့်အရေး၊ လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူများ၏အခွင့်အရေးနှင့် နိုင်ငံသားနှင့် ပြည်သူ့နီတိဆိုင်ရာ အသိပညာပေးခြင်းတို့ဖြစ်သည်။

## စစ်တမ်းကောက်ယူခြင်း နည်းနိသယများ

ကံမြန်မာသည် LGBTI များ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် စပ်လျဉ်းပြီး အစီရင်ခံစာအမျိုးမျိုးကို ထုတ်ပြန်ခဲ့ဖူးပါသည်။ သို့သော်လည်း ဤအစီရင်ခံစာသည် မကြာသေးမီကဖြစ်ပေါ်ခဲ့သော ခွဲခြားဆက်ဆံမှုများနှင့် မတရားဆက်ဆံခြင်း အကြောင်းအရာများကို ထည့်သွင်းတင်ပြထားခြင်းဖြစ်ကာ၊ ယင်းအခြေအနေရပ်များကို မည်သည့်အနေအထားများတွင် မည်မျှအတိုင်းအတာအထိဖြစ်ပျက်နေကြောင်း ခွဲခြားစိတ်ဖြာသုံးသပ်ချက်များဖြင့် တင်ပြထားခြင်းဖြစ်သဖြင့် လက်ရှိမြေပြင်အခြေအနေကို ပိုမိုထင်ဟပ်စေပါသည်။ ဤသုတေသနကို စီမံကိန်းဦးတည်ရာဒေသများ၊ အထူးသဖြင့် အထက်မြန်မာပြည်ရှိ မြို့များတွင် လေ့လာခဲ့ခြင်းဖြစ်သဖြင့် အမျိုးသားအဆင့်တွင်ဖြစ်ပေါ်နေသော ပြဿနာသစ်ပင်ကြီးနှင့်နှိုင်းစာလျှင် အကိုင်းအခက်တစ်ခုမျှကိုသာ ခြုံငုံမိမည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးအနေအထားတွင်ဖြစ်ပေါ်နေသော လိင်စိတ်ကွဲပြားသူများ၏လူ့အခွင့်အရေးအခြေအနေကို ကိုယ်စားပြုမည်မဟုတ်ပါ။

သုတေသနလုပ်ငန်းစဉ်၏ ပထမအဆင့်တွင် ထိရောက်သော သုတေသနမေးခွန်းများအား ဖော်ထုတ်ရန် လိင်စိတ်ကွဲပြားသူများအခွင့်အရေးတက်ကြွလှုပ်ရှားသူများ၊ အဖွဲ့အစည်းများဖြင့် တိုင်ပင်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ဤသုတေသနတွင် အရေအတွက်အခြေ

ပြုနှင့် အရည်အသွေးအခြေပြု ချဉ်းကပ်နည်းနှစ်မျိုးလုံးကိုအသုံးပြုထားသည်။ သုတေသနအချက်အလက်များကောက်ယူခြင်းကို သတ်မှတ်မြို့နယ်များတွင် ဇန်နဝါရီလ မှ မတ်လ ၂၀၂၀ ခုနှစ်အတွင်း ကောက်ခံခဲ့ခြင်းဖြစ်ကာ ပါဝင်ဖြေဆိုသူပေါင်း (၅၀) ဦးခန့်တို့ရှိခဲ့ကာ တစ်ဦးချင်းအင်တာဗျူး မေးမြန်းခြင်းနှင့် အဖွဲ့လိုက်ဆွေးနွေးခြင်းနည်းလမ်းများဖြင့် ကောက်ယူခဲ့ခြင်းဖြစ်သည်။ ပါဝင်ဖြေဆိုသူတစ်ဦးချင်းစီတို့သည် လိင်စိတ်ခံယူဖော်ပြမှုကွဲပြားခြင်းအပေါ်အခြေခံသည့်ခွဲခြားဆက်ဆံမှုဆိုင်ရာ ၎င်းတို့၏အတွေ့အကြုံများကိုလည်း စာဖြင့်ရေးသားနိုင်သူများက ဖြေဆိုခဲ့ကြသည်များရှိသည်။ အင်တာဗျူးမေးမြန်းခြင်းကို မြန်မာဘာသာဖြင့်မေးမြန်းခဲ့ပြီး လုပ်ငန်းစဉ်ပထမအဆင့်အလုပ်ရုံဆွေးနွေးပွဲတွင်ပါဝင်ခဲ့သော လိင်စိတ်ကွဲပြားသူများအခွင့်အရေးတက်ကြွလှုပ်ရှားသူများ၊ အဖွဲ့အစည်းများ၏ကိုယ်စားလှယ်များကိုယ်တိုင် မှန်ကန်သော၊ တိကျခိုင်လုံသော သက်သေအထောက်အထားများရရှိအောင် ၎င်းတို့မြို့နယ်အသီးသီးတွင် ပါဝင်ဖြေဆိုသူများထံ ကိုယ်တိုင်သွား ရောက်မေးမြန်းခဲ့ခြင်းဖြစ်သည်။

ပါဝင်ဖြေဆိုသူများသည် သုတေသနတွင်ပါဝင်ရန်၊ ၎င်းတို့ပေးလိုက်သော သတင်းအချက်အလက်များကိုမည်သည့်နေရာတွင်မည်သို့သုံးမည်ဟုအသိပေးပြီး ခွင့်ပြုချက်ကို တောင်းခံခဲ့ခြင်းမျိုးရှိခဲ့သည်။ ပါဝင်ဖြေဆိုသူများ၏ ပုဂ္ဂိုလ်ရေးရာလုံခြုံမှုအတွက် ဤစစ်တမ်းပါ ဖြစ်စဉ်ဥပမာများ ဖော်ပြရာတွင် ပါဝင်ဖြေဆိုသူများကိုယ်တိုင်တောင်းဆိုသည်များမှအပ ၎င်းတို့၏အမည်ရင်းများကို အသုံးပြုသွားမည်မဟုတ်ပါ။

**(စစ်တမ်းမေးခွန်းနမူနာကို နောက်ဆက်တွဲ က တွင်ကြည့်ရှုနိုင်သည်။)**

## စစ်တမ်းကောက်ယူခြင်းနယ်ပယ်အတိုင်းအဆ

ဤသုတေသနကို -

**မန္တလေးတိုင်း** (မန္တလေးမြို့ - မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မလှိုင်မြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ဦးမြို့နယ်)

**မကွေးတိုင်း** (ရေစကြိုမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ပခုက္ကူမြို့နယ်၊မကွေးမြို့နယ်)

**စစ်ကိုင်းတိုင်း** (ရွှေဘိုမြို့နယ်၊ မုံရွာမြို့နယ်၊ ကလေးမြို့နယ်)

**ကချင်ပြည်နယ်** (မိုးကောင်းမြို့နယ်)

**ရှမ်းပြည်နယ်** (တောင်ကြီးမြို့၊ လားရှိုးမြို့)


- စသည်တို့ရှိ ပါဝင်ဖြေဆိုသူ ၅၂ ဦးတို့အား လေ့လာခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်အထက်ပိုင်းရှိ မြို့နယ် များသာပါဝင်ပြီး မြန်မာပြည်အောက်ပိုင်းရှိမြို့နယ်များသည် စစ်တမ်းကောက်ယူသည့်သတ်မှတ်ဒေ သများတွင် မပါဝင်ပါ။

ထို့အပြင် ဤသုတေသနကို ပြုလုပ်ရာတွင် ၂၀၂၀ ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေး အခြေအနေ ကာလဖြတ်အလိုက်လေ့လာသုံးသပ်အကဲဖြတ်ခြင်း (ယူပီအာ) စင်ပြိုင်အစီရင်ခံစာ ထုတ်ဝေနိုင်ရေးအတွက် မှီငြမ်းနိုင်ရန်ထုတ်လုပ်ခြင်းဖြစ်သဖြင့် ဤစစ်တမ်းတွင်ပါဝင်သော ဖြစ်စဉ်ရပ်ဥပမာများသည် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များအပေါ်တွင်အခြေခံပါသည်။ မြန်မာတစ်နိုင်ငံလုံးရှိ LGBTI များကြုံတွေ့နေရသော အခြေအနေများအားလုံးကို အလုံးစုံကိုယ်စားမပြုသော်လည်း ခွဲခြားဆက်ဆံခံရသည့်အကြောင်းရင်းဇစ်မြစ်များမှာကွာခြားမှုမရှိသဖြင့် မြန်မာနိုင်ငံ အနှံ့အပြားရှိ အခြားသော LGBTI များသည်လည်း ဤအစီရင်ခံစာပါအလားတူအခြေအနေရပ်များကို ကြုံတွေ့နေရသည်ဟု ယေဘုယျအားဖြင့် ကောက်ချက်ချနိုင်သည်။

# အခန်း (၂) - သုတေသန တွေ့ရှိချက်များ


## အပိုင်း (က) - ပါဝင်ဖြေဆိုသူများ၏ ပုဂ္ဂိုလ်ရေးရာ ယေဘုယျအချက်အလက်များ

### ၁။ ပါဝင်ဖြေဆိုသူများ၏ အသက်





ပါဝင်ဖြေဆိုသူအများစု ၄၆% တို့သည် အသက် ၁၇ နှစ်မှ ၂၅ နှစ်အတွင်း၊နှင့် ၂၆ နှစ်မှ ၄၀ နှစ်အတွင်း၊ ရှိကြပြီး ကျန် ၆% ခန့်တို့မှ ၄၁ နှစ်နှင့်အထက်ဖြစ်ကာ ၂% ခန့်အနည်းစုတို့ကသာ ၁၆ နှစ်နှင့်အောက် ဖြစ်သည်ကိုတွေ့ရသည်။ တစ်နည်းအားဖြင့် ပါဝင်ဖြေဆိုသူအများစုတို့သည် လူငယ်များဖြစ်ကြသည်။

## ၂။ ပါဝင်ဖြေဆိုသူများ၏မွေးရာပါလိင်




ပါဝင်ဖြေဆိုသူများ၏ ၈၁% တို့သည် မွေးရာပါလိင်အရ အမျိုးသားများဖြစ်ကြပြီး ကျန် ၁၉% တို့မှာ အမျိုးသမီးများဖြစ်ကြသည်။


## ၃။ ပါဝင်ဖြေဆိုသူများ၏ လိင်ဝိသေသခံယူချက်




ပါဝင်ဖြေဆိုသူများ၏ ၅၆% တို့သည် မိမိ၏လိင်ဝိသေသအား အမျိုးသမီးများဟုခံယူထားကြပြီး ၃၈% တို့မှာ အမျိုးသားများဟုခံယူထားသူများဖြစ်ကာ ၄% တို့မှာ ကွီးယား (လိင်ခွဲခြားမသတ်မှတ်သူများ) အဖြစ်ခံယူကာ ကျန် ၂% တို့မှာ မေးခွန်းထုတ်ဆဲဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

ဖြေဆိုသူများတွင် လိင်တူချစ်သူအမျိုးသမီး ၁ ဦး၊ လိင်တူချစ်သူအမျိုးသား ၁၀ ဦး၊ လိင်တူလိင်ကွဲချစ်ခင်နှစ်သက်သူ ၃ ဦး၊ ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲဝတ်ဆင်နေထိုင်သူအမျိုးသား ၈ ဦး ၊ ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲဝတ်ဆင်နေထိုင်သူအမျိုးသမီး ၂၈ ဦးနှင့်၊ ကွီးယား ၂ ဦး (ပေါင်း - ၅၂ ဦး) တို့ပါဝင်သည်။


## ၄။ ပါဝင်ဖြေဆိုသူများ၏ လိင်စိတ်တိမ်းညွတ်မှု





ပါဝင်ဖြေဆိုသူများ၏ ၅၄% တို့သည် လိင်ကွဲကိုစိတ်ဝင်စားသူများအဖြစ်လည်းကောင်း၊ ၄၀% တို့သည် လိင်တူစိတ်ဝင်စားသူများအဖြစ်လည်းကောင်း၊ ၆% ခန့်တို့သည် လိင်တူလိင်ကွဲစိတ်ဝင်စားသူများအဖြစ်လည်းကောင်း အသီးသီးလိင်စိတ်တိမ်းညွတ်မှုရှိသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

## ၅။ ပါဝင်ဖြေဆိုသူများ၏ ပညာအရည်အချင်း

ပါဝင်ဖြေဆိုသူအများစု ၃၁% တို့သည် အထက်တန်းအဆင့်ကိုလည်းကောင်း၊ ၂၉% သည် တက္ကသိုလ်ပညာရေးကိုလည်းကောင်း၊ ၁၇% တို့သည် အလယ်တန်းအဆင့်ကိုလည်းကောင်း၊ ကျန် ၁၂% စီတို့သည် အခြေခံအဆင့်ကိုသော်လည်းကောင်း၊ ဘွဲ့လွန်ပညာရေးအဆင့်ကိုလည်းကောင်း အသီးသီးရရှိဖူးသူများဖြစ်ကြသည်ကိုတွေ့ရသည်။




## ၆။ ပါဝင်ဖြေဆိုသူများ၏ အလုပ်အကိုင်





ပါဝင်ဖြေဆိုသူများ၏ အများစု ၃၇% တို့သည် ကိုယ်ပိုင်စီးပွားရေးကိုလုပ်ကိုင်ကြပြီး၊ ကျန် ၁၇% တို့မှာ နေ့စားအလုပ်ကိုလုပ်ကိုင်ကြကာ၊ ကျန် ၁၀% အသီးသီးတို့မှာ အလုပ်လက်မဲ့လည်းကောင်း၊

ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းအဖြစ်လည်းကောင်း၊ ကျောင်းသားလည်းကောင်း၊ လူမှုရေးလုပ်သားလည်းကောင်း အသီးသီးဖြစ်ကြကာ၊ ကျန်အနည်းစုတို့မှာ အစိုးရဝန်ထမ်း နှင့် အခြားပြင်ပအလုပ်အကိုင်များလုပ်ကိုင်ကြသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

### ၇။ ပါဝင်ဖြေဆိုသူများ၏ အိမ်ထောင်ရေးအခြေအနေ

ပါဝင်ဖြေဆိုသူများ၏ အများစု ၇၁% တို့သည် အိမ်ထောင်မရှိသူများဖြစ်ကာ၊ ၂၁% တို့မှာ အိမ်ထောင်မပြုသော်လည်း အတူနေထိုင်နေသူများဖြစ်ကာ၊ ကျန် ၆% တို့မှာ လက်ထပ်ထိမ်းမြားထားသူများဖြစ်ပြီး ကျန် ၂% တို့မှာ အိမ်ထောင်ကွဲကွာထားသူများဖြစ်သည်ကိုတွေ့ရသည်။





## အပိုင်း (ခ) - လိင်ဝိသေသလက္ခဏာကွဲပြားသူများ၏အခွင့်အရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေပြဌာန်းချက်များအား သိရှိနားလည်မှု


## (က) ပြည်တွင်းဥပဒေများကိုသိရှိနားလည်ခြင်း

### ၁။ ရာဇသတ်ကြီးပုဒ်မ ၃၇၇ ကို သိရှိခြင်း

ပါဝင်ဖြေဆိုသူများအား ရာဇသတ်ကြီးပုဒ်မ ၃၇၇ အားသိရှိပါသလားဟုမေးမြန်းရာတွင် အများစု ၈၅% တို့မှာ သိသည်ဟုဖြေဆိုထားပြီး ကျန် ၁၅% တို့ကသာ မသိရှိဟုဖြေဆိုထားသည်ကိုတွေ့ရသည်။




## ၂။ ရာဇသတ်ကြီးပုဒ်မ ၃၇၇ နှင့်ဆက်စပ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များ




ပါဝင်ဖြေဆိုသူများအနက် ၄၄% တို့သည် ပုဒ်မ ၃၇၇ ဖြင့် အရေးယူခြင်း သို့မဟုတ် အရေးယူရန်ခြိမ်းခြောက်ခံရခြင်းများရှိသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

"ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှု" ဟူသော အဓိပ္ပါယ်ကျယ်ပြန့်သည့် စကားလုံးအောက်တွင် LGBTI များအားအကျုံးဝင်စေခြင်းအားဖြင့် ရဲအရာရှိများသည် ပုဒ်မ ၃၇၇ ကိုမှီငြမ်းပြီး 'လိင်တူဆက်ဆံသည် အရေးယူမည်' ဟုမတရားခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ငွေညှစ်

တောင်းဆိုခြင်း၊ ကာယကံရှင် LGBTI များ၏ ရုပ်ပိုင်းဆိုင်ရာထိခိုက်အောင် ပြုလုပ်ခြင်းအပြင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းတို့ကိုလည်း ကျူးလွန်ကြသည်ဟု ဆိုသည်။

> ***"ကျွန်မနဲ့ကျွန်မသူငယ်ချင်း မြို့တော်ဥယျာဉ်နားမှာ သွားလည်တာကို ဖမ်းချုပ်ပြီးတော့ ပါလာတဲ့ ပစ္စည်းတွေကိုစစ်တယ်... မင်းတို့အခြောက်တွေဒီမှာဘာလာလုပ်တာလဲ ၃၇၇ နဲ့ ဆွဲစိလိုက်ရမလား ဆိုပြီး ခြိမ်းခြောက်တယ်... ပြီးတော့ပါလာတဲ့ ပစ္စည်းအချို့နဲ့ ငွေငါးသောင်းကို သိမ်းသွားတယ်... ကိုယ်ကိုလဲ မသင်္ကာဘူးဆိုပြီး စခန်းမှတ်တမ်းအတွက်ဆိုပြီး ဓါတ်ပုံမှတ်တမ်းယူသွားတယ်..."***
>
> ***(ဖြေဆိုသူအမှတ် MDY2002၊ မန္တလေး)***

အထူးသဖြင့် ဆန့်ကျင်ဘက်လိင်သို့ဝတ်ဆင်ထားသူအမျိုးသမီး (မိန်းမလျှာ) များသည် ရဲများမှ ၃၇၇ ဖြင့် ခြိမ်းခြောက်ရန် ပစ်မှတ်ထားခြင်းခံရသည်။

> ***"ကျွန်မနဲ့ ကျွန်မရည်းစား(သူငယ်) ကိုစခန်းကိုဖမ်းခေါ်သွားတာ... သူငယ်ကိုတော့ပြန်လွှတ်လိုက်ပြီး ကျွန်မကိုကျတော့ ၃၇၇ နဲ့အစွဲခံမလား မခံနိုင်ရင်ငွေပေးဆိုပြီး ငွေညှစ်တာ ကျွန်မက ပိုက်ဆံပါမသွားတော့ ကိုယ်ဝတ်ထားတဲ့ လက်စွပ်(မောင်းကွင်း) လေးကိုတောင်းလို့ ချွတ်ပေးခဲ့ရတယ်"***
>
> ***(ဖြေဆိုသူအမှတ် MG2002၊ မကွေး)***


> ***"ကန်သာယာနားမှာ ကျွန်မလမ်းလျှောက်နေတုန်း ရဲဝတ်စုံနဲ့လူတစ်ယောက် မူးပြီးရောက်လာတာ ' မင်းလိုက်ခဲ့ဦး မလိုက်ရင်ရိုက်ရမလား' ဆိုပြီး ဆိုင်ကယ်ပေါ်အတင်းတင်ခေါ်သွားတာ..ရောက်တော့ အတင်းအဓမ္မ ကျွန်မကို ထိုးသွင်းဆက်ဆံတာ ကျွန်မရုန်းပေမယ့် မလွတ်ခဲ့ဘူး.. ပြုကျင့်ပြီးလဲပြီးရော မင်းအထဲကိုမရောက်ချင်ရင် ငွေပေးဆိုလို့ ငွေပေးပြီး ကျွန်မ လွတ်ခဲ့တာ"***
>
> ***(ဖြေဆိုသူအမှတ် MY1002၊ မုံရွာ)***

အချို့သော ဖြစ်စဉ်များတွင် ပတ်တလျှောင်လှည့်သည့်ရဲများ၊ ကင်းများသည် ဆန့်ကျင်ဘက်လိင်သို့ဝတ်စားဆင်ယင်သူအမျိုးသမီးများအား ဖမ်းဆီးစစ်ဆေးခြင်း၊ စခန်းသို့ခေါ်ဆောင်သွားပြီး ခံဝန်လက်မှတ် ထိုးခိုင်းစေခြင်း၊ ရိုက်ခြင်း၊ ထိုးနှက်ခြင်း စသည်တို့အပြင် ၃၇၇ ဖြင့် ခြိမ်းခြောက်ပြီး ထောင်ဒဏ်မကျခံလိုပါက ၎င်းတို့၏ တောင်းဆိုချက်များဖြစ်သည့် ငွေပေးစေခြင်း၊ ကာမပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း စသည်တို့ကို အတင်းအကြပ်လိုက်လျော ရန်စေခိုင်းခြင်း စသည်တို့ကိုကျူးလွန် သည်ဟုဆိုသည်။

*"ကျွန်မအဖြစ်က ၂၀၁၇ ခုနှစ်တုန်းကပါ… မိန်းမပုံဝတ်ပြီး ကျွန်မ လားရှိုးမြို့မှာ သူငယ်ချင်း ယောကျ်ားလျာ တစ်ယောက်နဲ့ အတူညဖက်ထွက်လည်တာ လမ်းတစ်ခုရောက်တော့ အရက်မူးနေ တဲ့ ရဲသားက ကျွန်မတို့နဲ့တိုးတော့ ကျွန်မကို ၃၇၇ နဲ့ဖမ်းမယ်ဆိုပြီးခြိမ်းခြောက်တယ်… ကျွန်မကို ထိုးကြိုပ်ပြီး အရေးယူမယ်ပေါ့ အရေးယူမခံချင်ရင် လိင်ဆက်ဆံပေးရမယ်ဆိုပြီးပြောတော့ ကျွန်မလဲ ထောင်မကျချင်တာနဲ့ လိုက်လျောခဲ့ရတယ်"*

***(ဖြေဆိုသူအမှတ် LSH1002၊ လားရှိုး)***


## ၃။ ရဲအက်ကိုသိရှိခြင်း




ပါဝင်ဖြေဆိုသူအများစု ၇၁% တို့သည် ရဲအက် ကို သိရှိသည်ဟုဖြေဆိုထားပြီး ကျန် ၂၉% တို့မှာ မသိရှိပါဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

## ၄။ ရဲအက်များဖြင့် ဆက်စပ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များ

ပါဝင်ဖြေဆိုသူများအနက် ၄၄% တို့သည် ရာဇသတ်ကြီးပုဒ်မ ၃၇၇ အပြင် ရဲအက် ပုဒ်မ ၃၅ ကိုအသုံးပြု၍ တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများနှင့် ရဲများမှ အရေးယူခြင်း သို့မဟုတ် အရေးယူရန်ခြိမ်းခြောက်ခြင်းကိုလည်း ခံကြရသည်ဟုဆိုသည်။




ပါဝင်ဖြေဆိုသူများအနက် ၄၄% တို့သည် ရဲအက်ဖြင့် အရေးယူခြင်း သို့မဟုတ် အရေးယူရန် ခြိမ်းခြောက်ခံရခြင်းများရှိသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

ရဲအက် ပုဒ်မ ၃၅ ကို ရဲများက အဓိကအားဖြင့် "မှောင်ရိပ်ခိုမှု" ဟုခေါင်းစဉ်တပ်လေ့ရှိပြီး ညဘက်အချိန်အခါတွင် အများပြည်သူနေရာများတွင် သွားလာသော အထူးသဖြင့် ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲဝတ်ဆင်နေထိုင်သူများသည် ဤပုဒ်မကိုအသုံးပြု၍ ခြိမ်းခြောက်ခြင်းကို ခံကြရသည်။

> ***"ည ၈ နာရီ ဝန်းကျင်လောက်ပဲရှိအုန်းမယ်... မှောင်ရိပ်ခိုမှု ဆိုပြီး ရဲစခန်းကိုဖမ်းခေါ်သွားတယ်... အချုပ်ထဲထည့်တော့လဲ ကိုယ့်ကို သီးသန့်ထားပြီး ဖြေရှင်းချက်လုံးဝပေးခွင့်မရှိခဲ့ဘူး ခေါင်းကိုလဲ တုတ်နဲ့ ရိုက်နှက်တာခံခဲ့ရတယ်"***
>
> ***(ဖြေဆိုသူအမှတ် LSH2002၊ လားရှိုး)***

ညဘက်အချိန်အခါ အများပြည်သူ အလည်အပတ်သွားလာရာနေရာများသို့ သွားလာသော မိန်းမလျာများအား တာဝန်ကျသော ရဲများအပြင် တာဝန်မကျသော်လည်း ပြင်ပအရပ်သားအဝတ်အစားများဖြင့် လာရောက်ပြီး ဖမ်းဆီးရန် ခြိမ်းခြောက်ခြင်း၊ ရိုက်ခြင်း၊ နှက်ခြင်း၊ ထိုးကြိတ်ခြင်း၊ စသည့် ရုပ်ပိုင်းဆိုင်ရာ


> ***"ည ၁၁ နာရီလောက် ကျွန်မက ကျွန်မသူငယ်ချင်းတွေနဲ့အတူ တံတားထိပ်မှာထိုင်နေတာကို အရပ်ဝတ်နဲ့ ရဲနှစ်ယောက်ရောက်လာပြီး ပြုပြင်ပြောင်းလဲသွားအောင် ပညာပေးရမယ်ဆိုပြီး ကျွန်မကို ရောပါလာ တဲ့ ကျွန်မသူငယ်ချင်းယောကျ်ားလေးကိုပါ ပါးရိုက် တာခံခဲ့ရတယ်"***
>
> ***(ဖြေဆိုသူအမှတ် PKU2002၊ ပခုက္ကူ)***

> ***"မှောင်ရိပ်ခိုမှုနဲ့ ဖမ်းမယ်ဆိုပြီး ခြိမ်းခြောက်တယ်... ငွေပေးခိုင်းတယ်.. ပြီးတော့ ကျွန်မရင်သားကို ညှစ် ကြည့်တယ် နောက်နောင်အခုလိုနေရင် ပုဒ်မ ၃၇၇ နဲ့ပါစွဲခံရမယ် ခုတော့ဒီလောက်ပဲဆိုပြီး ပိုက်ဆံတောင်းပြီး ကျွန်မကိုပြန်လွှတ်လိုက်တာ"***
>
> ***(ဖြေဆိုသူအမှတ် MG2002၊ မိုးကောင်း)***

ညှဉ်းပန်းနှိပ်စက်မှုများကို ကျူးလွန်ပြီး ခြိမ်းခြောက်ခံရသူများထံမှ ငွေတောင်းခံခြင်း၊ ငွေညှစ်ခြင်း စသည့် အဂတိမှုများကို ကျူးလွန်လေ့ရှိကြောင်း ပါဝင်ဖြေဆိုသူများမှ မျှဝေထားသည်။

> ***"ညနေ ၇ နာရီလောက်ရှိမယ်... ကျွန်မထိုင်နေတာ အမှောင်ထဲလဲမဟုတ်ဘူး ဓါတ်တိုင်အောက်မှာ အလင်းလဲရှိတယ်... မြင်ရတွေ့ရတာကို မှောင်ရိပ်ခိုမှုနဲ့ စွဲမယ်ဆိုပြီး ဖမ်းခေါ်သွားတာ စခန်းကိုမ ရောက်ခင် ဒီတိုင်းလေးအေးဆေးပြီးချင်ရင် ပိုက်ဆံပေးဆိုပြီး တောင်းတယ်... မဟုတ်ရင်အထဲကို ပို့မယ် ခြိမ်းခြောက်တော့ ပေးတော့ ကျွန်မကိုပြန်လွှတ်လိုက်တယ်"***
>
> ***(ဖြေဆိုသူအမှတ် TGI1002၊ တောင်ကြီး)***


### ၅။ LGBTI များကို ခြိမ်းခြောက်နေသည့် မြန်မာပြည်ရှိအခြား ဥပဒေများအားသိရှိမှု




ပါဝင်ဖြေဆိုသူများ၏ အများစု ၆၃% တို့သည် LGBTI များအပေါ် ခြိမ်းခြောက်နေသော အခြားဥပဒေများဖြစ်သည့် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက် ဥပဒေ၊ ရာဇသတ်ကြီးပုဒ်မ ၃၁၂ က နှင့် ခ စသည်တို့ကိုမသိရှိပါဟုဖြေဆိုထားသည်ကိုတွေ့ရသည်။


## (ခ) အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးမူဘောင်များအား သိရှိနားလည်ခြင်း

### ၆။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကိုသိရှိခြင်း





ပါဝင်ဖြေဆိုသူများ၏အများစု ၈၃% တို့သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို သိရှိသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

### ၇။ ယော်ဂျာကာတာလူ့အခွင့်အရေးစံချိန်စံနှုန်းကိုသိရှိခြင်း




ပါဝင်ဖြေဆိုသူများ၏ အများစု ၅၆% ခန့်တို့သည် LGBTI များ၏အခွင့်အရေးကိုအကာအကွယ်ပေးသည့် ယော်ဂျာကာတာစံချိန်စံညွှန်းများကို မသိရှိပါဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

### ၈။ အခြားအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးယန္တရားများ၊ ပဋိညာဉ်များ/စာချုပ်များကိုသိရှိခြင်း




ပါဝင်ဖြေဆိုသူများ၏အများစု ၇၇% ခန့်တို့သည် LGBTI များ၏အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်သက်ဆိုင်သော အခြားအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးယန္တရားများ၊ ပဋိညာဉ်များ၊ စာချုပ်များဖြစ်သည့် ICCPR, ICESCR, CEDAW, CRC စသည်တို့ကို မသိရှိပါဟုဖြေဆိုထားသည်ကိုလည်းတွေ့ရသည်။

အထက်ပါအချက်အလက်များကိုကြည့်ခြင်းအားဖြင့် LGBTI များကိုယ်တိုင်သည် ၎င်းတို့၏အခွင့်အရေးကိုအကာအကွယ်ပေးနိုင်သော ဥပဒေမူဘောင်များဆိုင်ရာအသိပညာဗဟုသုတအားနည်းကြောင်း လေ့လာသုံးသပ်နိုင်သည်။


## (ဂ) လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားခြင်းနှင့် LGBTI အခွင့်အရေးအကြောင်း သိရှိနားလည်မှု

၁၉၉၂ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာရောဂါဗေဒသတ်မှတ်ချက် (International Classification of Diseases – ICD 10) တွင် လိင်တူချစ်ခင်နှစ်သက်ခြင်းနှင့် လိင်တူလိင်ကွဲနှစ်မျိုးလုံးကိုချစ်ခင်နှစ်သက်ခြင်းတို့အား စိတ်ရောဂါအဖြစ်သတ်မှတ်ထားသည့်စာရင်းမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကတရားဝင်ထုတ်ပယ်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် "ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲခံယူနေထိုင်ခြင်း" ကိုလည်း ICD-11 မှထုတ်ပယ်ခဲ့ပြီး ကမ္ဘာတစ်ဝှမ်းရှိ ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲဝတ်ဆင်နေထိုင်သူများအတွက် သမိုင်းမှတ်ကျောက်တစ်ခုတင်ခဲ့သည်။

လူအများ၏ လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသခံယူဖော်ပြမှုတို့သည် မွေးရာပါဖြစ်ပြီး ရွေးချယ်ဖြစ်တည်လာခြင်းမဟုတ်ပါ။ သို့ဖြစ်ရာ လူတစ်ဦး၏ လိင်ဝိသေသခံယူဖော်ပြချက်သည် ၎င်း၏ မွေးရာပါလိင်နှင့် အမြဲထပ်တူမကျနိုင်ပါ။ လူအများစုက ယင်းသို့လိင်ဝိသေသခံယူဖော်ပြမှုကွဲပြားခြင်းကို 'စံမှသွေဖီခြင်း' အဖြစ်မှတ်ယူကြသည်။ ယင်းသို့မှတ်ယူမှုများကြောင့် ခွဲခြားဆက်ဆံမှုများ၊ ပုံစက်ခွက်သွင်းခြင်းများမှသည် လူမှုရေးရာဖယ်ကျဉ်ခြင်းများကိုပါဖြစ်ပေါ်နေစေပြီး ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာထိခိုက်စေမှုများ၊ အနိုင်ကျင့်ခြင်း၊ ဖမ်းဆီးအရေးယူခြင်း သို့မဟုတ် စီးပွားရေးရာအရ ဖယ်ကျဉ်ထားခြင်း စသည့်ခွဲခြားဆက်ဆံမှုအမျိုးမျိုးတို့ကိုအသက်သွင်းပေးနေသည်။ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့်ယင်းအခြေအနေကိုကောင်းစွာသိရှိပြီးနောက် လိင်စိတ်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူ LGBTI များ၏လူ့အခွင့်အရေးကိုကာကွယ်မြှင့်တင်ရန် တစ်သီးပုဂ္ဂလကျွမ်းကျင်ပညာရှင် Special Rapporteur on Sexual Orientation and Gender Identity ကို ၂၀၁၆ ခုနှစ်က စတင်ခန့်အပ်ပြီး လိင်စိတ်ကွဲပြားသူများ၏ လူ့အခွင့်အရေးအခြေအနေကိုစောင့်ကြည့်လေ့လာသုံးသပ်အကဲဖြတ်အစီရင်ခံပြီး ကုလသမဂ္ဂအဆင့်တွင်အရေးယူဆောင်ရွက်မှုများပြုလုပ်လျက်ရှိပါသည်။ လိင်စိတ်ကွဲပြားသူများအကြောင်း သိရှိနားမလည်ခြင်းသည် လိင်စိတ်ကွဲပြားသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ၏အဓိကဇစ်မြစ်ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ LGBTI များမှာမူ ၎င်းတို့၏ဖြစ်တည်မှုအကြောင်းကို ၎င်းတို့ကိုယ်တိုင်ကောင်းမွန်စွာသိရှိနားလည်မှုမရှိခြင်းကြောင့် ခွဲခြားဆက်ဆံမှုများကို မိမိတို့ကိုယ်တိုင်ရပ်တည်မကာမကွယ်နိုင်ပဲရှိနေသည်။


စစ်တမ်းမှရရှိသောသတင်းအချက်အလက်များကို ကြည့်ရှုပါက ပါဝင်ဖြေဆိုသူများ၏ ဆိုဂျီ အပေါ် သိရှိနားလည်မှုကို အောက်ပါအတိုင်းတွေ့နိုင်သည်။

### ၁။ လူတစ်ယောက်၏ ကျား၊မအဖြစ်ခံယူရပ်တည်မှု၊ လိင်စိတ်တိမ်းညွတ်မှု (ဆိုဂျီ) ကိုသိရှိခြင်း



ပါဝင်ဖြေဆိုသူအနက် အများစု ၆၃% ခန့်တို့က လိင်စိတ်/လိင်ဝိသေသခံယူဖော်ပြမှု ကွဲပြားခြင်း (ဆိုဂျီ) ကိုသိရှိပါသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။


၎င်းတို့၏ ဆိုဂျီသိရှိနားလည်မှုကို သုံးသပ်ရန်နောက်ဆက်တွဲမေးခွန်းကိုဆက်လက်မေးမြန်းခဲ့ရာ အများစု ၇၉% တို့က ဆိုဂျီကို ရွေးချယ်၍မဟုတ်ပဲ မွေးရာပါလက္ခဏာရပ်ဖြစ်သည်ဟု မှန်ကန်စွာဖြေဆိုထားသည်ကိုတွေ့ရှိရသည်။





## ၂။ လိင်ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွတ်ခံယူဖော်ပြမှုကွဲပြားသူ LGBTI များ၏ အခွင့်အရေး

### (၂.၁) LGBTI များနှင့် လူ့အခွင့်အရေး

LGBTI များ၏အခွင့်အရေးသည် လူ့အခွင့်အရေးဖြစ်ပါသလားဟုမေးမြန်းရာတွင် ပါဝင်ဖြေဆိုသူများအနက် အများစု ၈၈% သည် ဟုတ်သည်ဟုဖြေဆိုထားသည်ကိုကြည့်ခြင်းဖြင့် LGBTI များ၏အခွင့်အရေးသည် လူ့အခွင့်အရေးပင်ဖြစ်သည်ဟူသော အခြေခံသဘောတရားကို အများစုက သိရှိနားလည်မှုရှိကြောင်းတွေ့ရသည်။




## (၂.၂) မြန်မာနိုင်ငံတွင် LGBTI များ၏ တရားမျှတမှုကို လက်လှမ်းမှီခြင်း




ပါဝင်ဖြေဆိုသူများအနက် အများစု ၆၇% တို့သည် မြန်မာနိုင်ငံတွင် LGBTI များအတွက် တရားမျှတမှုကိုလက်လှမ်းမှီရန်မလွယ်ကူဟုထင်သည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

## အပိုင်း (ဂ) - လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအတွေ့အကြုံများ


### ၁။ မိသားစုတွင်း/အိမ်တွင်း ခွဲခြားဆက်ဆံခံရမှုများ

#### (၁) မိသားစုတွင်းခွဲခြားဆက်ဆံခံရမှု အခြေအနေ

LGBTI များနှင့် အခြားလိင်စိတ်ကွဲပြားသူလူငယ်များသည် ၎င်းတို့၏ ရှေးရိုးစွဲဆန်သောမိသားစုများ အကြားတွင် ဖယ်ကျဉ်ခံရခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့ကိုကြုံတွေ့ကြရသည်။ လိင်ဝိသေသ၊လိင်စိတ်တိမ်းညွတ်မှုကွဲပြားခြင်းကို ‘ပုံမှန်မဟုတ်’ သို့မဟုတ် ‘ချို့တဲ့မှု’ တစ်ခုဟု ၎င်းတို့၏ မိဘများ၊ ညီအစ်ကိုမောင်နှမများနှင့် မိသားစုဝင်များကသတ်မှတ်ကြပြီး ၎င်းတို့အနေဖြင့် လိင်ကွဲချစ်ခင်နှစ်သက်ခြင်းကိုသာပုံမှန်ဟုလည်းကောင်း၊ မွေးရာပါလိင်အတိုင်း ဝတ်ဆင်ခံယူနေထိုင်ခြင်းသည်သာပုံမှန်ဟုလည်းကောင်း ခံယူသတ်မှတ်ကြသည်။


မွေးရာပါလိင်အတိုင်းမဟုတ်ပဲ ဆန့်ကျင်ဘက်လိင်၏ အပြုအမူအနေအထိုင်ရှိသော လိင်တူချစ်သူများနှင့် ဆန့်ကျင်ဘက်သို့ ပြောင်းလဲခံယူနေထိုင်သူများကို မုန်းတီးခြင်း များရှိနေပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပြင် ငွေကြေး/စီးပွားရေးဆိုင်ရာဖိနှိပ်ချယ်လှယ်မှုများကိုလည်းကြုံတွေ့ရသည်ဟုဆိုသည်။

ပါဝင်ဖြေဆိုသူများအနက် အများစု **၇၃%** တို့သည် အိမ်တွင်းနှင့် မိသားစုအကြမ်းဖက်မှုကို ကြုံတွေ့ရကြောင်းဆိုသည်။



## (၂) ခွဲခြားဆက်ဆံမှုအမျိုးအစားများ

ပါဝင်ဖြေဆိုသူများကြုံတွေ့ရသော အိမ်တွင်းနှင့် မိသားစုအကြမ်းဖက်မှုများကို တစ်မျိုးထက်ပိုသော အဖြေရွေးချယ်နည်းဖြင့် ရွေးချယ်ဖြေဆိုစေခဲ့ရာတွင် ပါဝင်ဖြေဆိုသူစုစုပေါင်း၏ ၂၇ % သည် ဖိနှိပ်ခြင်း/ထိန်းချုပ်ခြင်းကိုလည်းကောင်း၊ ၅၈% ခန့် သည် ရုပ်ပိုင်း ဆိုင်ရာအကြမ်းဖက်မှုကို လည်းကောင်း၊ ၆၂% ခန့် သည် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုလည်းကောင်း၊ ၆၂% ခန့် သည် နှုတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုလည်းကောင်း၊ ၁၂% ခန့် သည် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက် မှု/အကြမ်းဖက်မှုကိုလည်းကောင်း၊ ၁၀% ခန့် တို့သည် ငွေကြေးဆိုင်ရာဖိနှိပ်ချယ်လှယ်မှုကိုလည်းကောင်း အများဆုံးကြုံတွေ့ရသည်ဟုဖြေဆိုထားသည်ကို တွေ့ရှိရသည်။




ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအားလေ့လာကြည့်လျှင် ရိုက်ခြင်း၊ နှက်ခြင်း၊ ထိုးခြင်း၊ ကန်ကျောက်ခြင်း စသည့် ညှဉ်းပန်းနှိပ်စက်မှုအမျိုးအစားများ ပါဝင်သည်ကိုတွေ့ရသည်။

> ***"ဖုန်းသုံးနေတာကို ညီဖြစ်တဲ့သူက ဖုန်းကိုအတင်းလုယူပြီး 'အဲလောက်ဆောင်ခံချင်နေလား' လို့မေးပြီး လက်သီးနဲ့ထိုးတယ်"***
>
> ***(ဖြေဆိုသူအမှတ် PKU2002၊ ပခုက္ကူ)***

> ***"မိန်းမပုံဝတ်လို့ဆိုပြီး အဖေကလူကြားသူကြားထဲအရှက်ကွဲအောင်ရိုက်တာ အလျှိုးရာတွေတောင်ထင်ပြီး အညိုအမဲတောင်စွဲတယ်"***
>
> ***(ဖြေဆိုသူအမှတ် TGI2002၊ တောင်ကြီး)***

ထိုသို့ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပြင် ပါဝင်ဖြေဆိုသူများ၏ ဘဝရွေးချယ်မှု၊ လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားစွာဖြစ်တည်မှုတို့ကို "မိသားစု" သို့မဟုတ် "မိမိ" တို့ အားအရှက်ရစေသည်ဟူ၍ လက်မခံခြင်း၊ ဖယ်ကျဉ်ခြင်း၊ အိမ်ပေါ်မှနှင်ချခြင်း စသည့်ကိုယ်နှုတ်အမူအရာအပြောအဆိုများမှ တဆင့်လည်း စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများခံစားရကြောင်းဆိုသည်။

> ***"ယောကျ်ားလျာတစ်ယောက်ဖြစ်ပြီး ရည်းစားထားတာကို မိသားစုကသိသွားတော့ဆူတယ်… အိမ်ပေါ်ကနှင်ချခံခဲ့ရတယ်"***
>
> ***(ဖြေဆိုသူအမှတ် MH1001၊ မလှိုင်)***


အချို့သောအခြေအနေများတွင် အကြမ်းဖက်မှုများမှာ ၎င်းထက်ပိုပြင်းထန်ပြီး အလိုမတူပဲ အဓမ္မထိမ်းမြားလက်ထပ်စေခြင်း၊ ကာမပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း စသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ငွေကြေးနှင့်စီးပွားရေးဆိုင်ရာဖိနှိပ်ချယ်လှယ်မှုများ စသည်တို့ကို ဖြစ်ပေါ်နေစေသည်။

> ***"ကိုယ်က ဂေးဖြစ်တယ်ဆိုတာသိတော့ မိဘတွေက အမျိုးမျိုးခြိမ်းခြောက်ပြီး မိန်းမ အတင်းပေးစားလို့ ယူလိုက်ရတယ်… ဘဝမှာ စိတ်အထိခိုက်ခဲ့ဆုံးအချိန်ပဲ"***
>
> ***(ဖြေဆိုသူအမှတ် LSH2002၊ လားရှိုး)***

> ***"ကိုယ့်ရဲ့ဖြစ်တည်မှုကို သိသွားကြတော့ မိသားစုနဲ့အသိုင်းအဝိုင်းတွေနဲ့ပြဿနာတက်ခဲ့ရတယ်..ခွဲခြားခံရတယ်… ဦးလေးတော်စပ်တဲ့သူကနေပြီးတော့ ကိုယ့်ကို မုဒိမ်းပြုကျင့်တာကိုလဲခံခဲ့ရတယ်"***
>
> ***(ဖြေဆိုသူအမှတ် MDY7002၊ မန္တလေး)***


## ၂။ ပညာရေးကဏ္ဍတွင်လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း

### (၁) ကျောင်းတွင်းခွဲခြားဆက်ဆံခံရမှုအခြေအနေ



ပါဝင်ဖြေဆိုသူများအနက် ၇၉% ခန့်တို့သည် ကျောင်းများ၊ သို့မဟုတ် ပညာသင်ကြားရာနေရာများတွင် LGBTI များခွဲခြားဆက်ဆံခံရမှုကို ကြားဖူးပါသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

၎င်းတို့ကိုယ်တိုင် ပညာရေးကဏ္ဍတွင်ခွဲခြားဆက်ဆံခံရခြင်းရှိမရှိကိုမေးမြန်းရာတွင် အများစု ၇၅% သည် ခွဲခြားဆက်ဆံခံရသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။




### (၂) ပညာရေးကဏ္ဍတွင်ခွဲခြားဆက်ဆံခံရမှုဖြစ်စဉ်များ

ပညာသင်ကြားရာ အထက်တန်းကျောင်းများတွင် ကျောင်းဆရာဆရာမများ၊ ကျောင်းအုပ်များ၊ ပညာရေးဝန်ထမ်းများ နှင့် အခြားတာဝန်ရှိသူများမှ ခွဲခြား ဆက်ဆံ မှုများရှိ ကြောင်း ပါဝင်ဖြေဆိုသူ များကပြောကြားခဲ့သည်။ ယင်းသို့ခွဲခြားဆက်ဆံမှုများကို အဓိကအား ဖြင့် လိင်ဝိသေသ လက္ခဏာဆန့်ကျင် ကွဲပြားစွာ ဖော်ပြသော ကျောင်းသား၊ ကျောင်းသူများမှ ခံစားကြရပြီး ၎င်းတို့၏ လိင်စိတ်တိမ်း ညွတ်မှုနှင့် လိင်ဝိသေသခံယူဖော်ပြမှုတို့ အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခံရခြင်းများ ဖြစ်သည်။ ခွဲခြားဆက်ဆံခံရသည့်ပုံစံများတွင် နှုတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ရုပ်ပိုင်း ဆိုင်ရာအ ကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်

> ***“အထက်တန်းကျောင်းမှာ သနပ်ခါးလိမ်းလို့ ဆရာ မက ‘မျက်နှာသွားသစ်ချည်ချက်ချင်း၊ အခြောက် လိုလိုဘာလိုလိုနဲ့၊ နင်ကကြီးလာရင်ယောကျာ်းယူ မှာလား မိန်းမယူမှာလား’ ဆိုပြီး အတန်းထဲမှာ ပြောတာ”***
>
> ***(ဖြေဆိုသူအမှတ် MDY5001၊ မန္တလေး)***

> ***“ကျောင်းမှာ စာသင်ရင်း နပုလ္လကပဏ္ဍုတ် ဆိုတာ ပါလာတော့ ဆရာမက ဘယ်လိုဟာလဲမသိရင် သူ့ကိုကြည့်ဆိုပြီး ဥပမာပေးတာ ခံရတယ်”***
>
> ***(ဖြေဆိုသူအမှတ် LSH1002၊ လားရှိုး)***

ရာအကြမ်းဖက်မှုများ ပါဝင်ကြောင်း ဖြေဆို ထားသည်ကို တွေ့ရသည်။

*"၂၀၁၅ ခုနှစ် ပညာရေးဝန်ကြီးကျောင်းလာတဲ့နေ့မှာဖြစ်ခဲ့တာ.. ကျွန်တော်ကမျက်စိအားနည်းတာကြောင့် ကျောင်းမှာရှေ့ဆုံးတန်းမှာထိုင်ရတာကို ပညာရေးဝန်ကြီးလာမှာဖြစ်တဲ့အတွက် နွဲ့နွဲ့နှောင်းနှောင်းနဲ့ ပညာရေးဝန်ကြီးတွေ့သွားရင်မဖြစ်ဘူး အရှက်ကွဲမယ်ဆိုပြီး အတန်းရဲ့နောက်ဆုံးတန်းကိုပို့လိုက်တာ အဲ့တနေ့လုံးနောက်ဆုံးတန်းနားလေးမှာနေခဲ့ရတယ်"*

***(ဖြေဆိုသူအမှတ် MDY3002၊ မန္တလေး)***

LGBTI ကျောင်း သားများသည် အခြားကျောင်းနေဖက် ကျောင်းသားကျောင်းသူများ၏ ဖိနှိပ်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ဖယ်ကျဉ်ခြင်း၊ လျစ်လျူရှုခြင်း၊ စသည့်ခွဲခြားဆက်ဆံမှုများကို ခံစားရပြီး ကျောင်းသားများ အား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာတို့ကို ထိခိုက်နစ်နာစေမှုများရှိပြီး သက်ဆိုင်ရာ ပညာရေးတာဝန်ရှိသူများက LGBTI ကျောင်းသားများဖက်မှ နစ်နာမှုများကို ရပ်တည်ကာကွယ်ဖြေရှင်းမပေးကြောင်းကိုလည်း ဖြေဆိုထားသည်ကိုတွေ့ရသည်။

*ကျွန်တော်အပါအဝင် ကျောင်းသား ၅၀ လောက်ကို စာသင်ခန်းတစ်ခန်းထဲကိုခေါ်ပြီး စာရွက် တွေဝေပြီးတော့ -*

*"ဆံပင်တိုဘာလို့ညှပ်တာလဲ၊ သဘာဝတရားကိုလွန်ဆန်တာလား၊ အဖေနဲ့ အဖေရှိချင်တာလား၊ အမေနဲ့အမေရှိချင်တာလား၊ အဖေနဲ့အမေရှိချင်တာလား၊ မိန်းကလေးလိုမနေနိုင်ဘူးလား၊ ယောကျ်ားနဲ့မိန်းမဘယ်သူပို လှသလဲ၊ ထမင်းချင်းထမင်းစားရတာကြိုက်လား၊ ထမင်းနဲ့ဟင်းစားမှာလား" ဆိုပြီး မေးခွန်းတွေကိုဖြေခိုင်းတယ်။*

*ပြီးတော့ သဘာဝတရားကို လက်ခံလား လက်မခံ လားမေးပြီးလက်ထောင်ခိုင်းတယ်။ လက်မခံလို့ထောင်တဲ့သူတွေကို ဆရာမတွေဆီ နာမည်စာရင်းပေးခိုင်းတယ်။ လက်ခံတယ်လို့ထောင်တဲ့သူတွေကို ဆံပင်အရှည်ပြန်ထားမယ်၊ မိန်းကလေးလိုပြန်ပြင်ဝတ်မယ်လို့ကတိပေးခိုင်းပြီး တကယ် ပြောင်းမပြောင်းစောင့်ကြည့်မယ်ဆိုပြီး ကိုယ်ပုံကို ရှေ့တစ်ပုံ၊ နောက်တစ်ပုံဓါတ်ပုံရိုက်မှတ်တမ်း ယူသွားတယ်။"*

*"နှစ်ပိုင်းတစ်ပိုင်းတွေက မယုံရဘူး" လို့လဲပြောတယ်။*

*"ကျွန်တော့်သူငယ်ချင်း အပါအဝင် သဘာဝတရားကိုလက်မခံလို့ပြောထားတဲ့ကျောင်းသား ၁၁ ယောက် ကိုတော့ ကျောင်းအုပ်ဆရာမကြီးကသပ်သပ်ခေါ် ပြီးတော့ ကျောင်းသားတွေကို ကျောင်းချိန်၊ ကျောင်းဆင်းနား နေချိန်နှင့် ကျောင်းအပြင်ချိန်တွေမှာ နှစ်ယောက်ထက်ပိုပြီးအချင်းချင်းလူစုမနေဖို့၊ တခြားကျောင်းသူတွေနဲ့လဲမတွဲဖို့၊ ဖွေ့စ်ဘုတ်ကိုလဲမသုံးဖို့ပြောတယ်။ စည်းကမ်းကိုမလိုက်နာ ဘူးဆိုရင် ရုံးခန်းခေါ် ပြီးတော့ အပြစ်ပေးမယ်လို့လဲပြောတယ်"*

***(ဖြေဆိုသူအမှတ် MDY5002၊ မန္တလေး)***

ဥပမာအားဖြင့် - ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် မန္တလေးမြို့ အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်းတွင် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်စားခံယူနေထိုင်သူကျောင်းသားများအား ပညာရေးတာဝန်ရှိသူများအား ခွဲခြားဖိနှိပ်ဆက်ဆံမှုဖြစ်ပေါ်စေခဲ့ခြင်းအပေါ် ဖြေဆိုသူအမှတ် MDY5002 ကအထက်ပါအတိုင်းဆိုသည်။

ထို့အပြင် LGBTI ကျောင်းသားများသည် ကျောင်းသင်ခန်းစာများအပြင်၊ တွဲဖက်သင်ရိုးညွှန်းတမ်းများဖြစ်သည့် အားကစားလှုပ်ရှားမှုများ စသည်တို့တွင်လည်း ၎င်းတို့၏လိင်ဝိသေသလက္ခဏာ ဖော်ပြမှု အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုများကြုံရကြောင်း ဆိုသည်။

> ***"ယူနီဖောင်းကလဲသတ်မှတ်ချက်အတိုင်းမဝတ်ရင်အပြောခံရတယ်။ ဘယ်လောက်ပဲယောကျ်ားလေးလိုဝတ်ထားထား၊ နင်ဟာမိန်းကလေးပဲ ထုတ်ဆီးထိုးကစားရမယ်ဆိုပြီးအတင်းကစားခိုင်းတယ်"***
>
> ***(ဖြေဆိုသူအမှတ် MH1001၊ မလှိုင်)***


ထိုသို့ အခြေခံပညာအဆင့်များတွင်သာမကပဲ အဆင့်မြင့်ပညာသင်ကြားရန် တက္ကသိုလ်များတွင်လည်း LGBTI များသည် ၎င်းတို့၏ လိင်ဝိသေသ ခံယူမှုကို ပွင့်လင်းစွာ ခံယူဖော်ပြပါက ခွဲခြားဆက်ဆံခံရခြင်းများကြုံရသည်။

> ***"၂၀၁၇-၂၀၁၈ ပထမနှစ်မှာ စာမေးပွဲဖြေခါနီး 'နင်ထဘီနဲ့မှမလာရင်ကျောင်းတက်ခွင့်လဲမပေးဘူး။ စာမေးပွဲလဲဖြေခွင့်မရှိဘူး။ ထဘီဝတ်ကိုဝတ်' ဆိုပြီးပြောလို့ ထဘီနဲ့စာမေးပွဲသွားဖြေခဲ့ရတယ်။ စာမေးပွဲဖြေနေတဲ့တလျှောက်လုံးလဲ ကျောင်းသားကဒ်ကိုကြည့်လိုက်၊ လူကိုကြည့်လိုက်နဲ့ ၊ အထင်သေးတဲ့အကြည့်တွေနဲ့ နေရထိုင်ရကျဉ်းထဲကြပ်ထဲ ရောက်ခဲ့ရတယ်"***
>
> ***(ဖြေဆိုသူအမှတ် MDY1002၊ မန္တလေး)***

လားရှိုးမြို့မှ ဖြေဆိုသူအမှတ် LSH2001 ကလည်း ***"တက္ကလိုလ် assembly ကျောင်းသားအယောက် ၁၅၀ လောက်ရှေ့မှာ ကိုယ့်ကိုဆရာမက သူ့ဆို ယောကျ်ားလား မိန်းမလားခွဲခြားလို့ကိုမရဘူးဆိုပြီး ဥပမာပေးပြီးခွဲခြားတယ်။ အားလုံးကဝိုင်းရယ်ကြတာ။ ရှက်လို့ စိတ်ဓါတ် တွေကျပြီး တစ်ပတ်လောက်ကျောင်းကို မသွားရဲခဲ့ဘူး။"*** - ဟု ၎င်း၏ခွဲခြားဆက်ဆံခံရမှု အတွေ့အကြုံကိုဝေမျှခဲ့သည်။


## (၃) မြန်မာ့ပညာရေးစနစ်၏ အားလုံးအကျုံးဝင်မှုအပေါ် ယုံကြည်မှု

ပါဝင်ဖြေဆိုသူများအနက် အများစုဖြစ်သော ၉၀% တို့သည် လက်ရှိမြန်မာ့ပညာရေးစနစ်အနေဖြင့် လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူများ၊ မသန်စွမ်းသူများ၊ ဌာနေတိုင်းရင်းသားများ စသည့်လူနည်းစုများအတွက် အားလုံးအကျုံးဝင်သောပညာရေးစနစ်တစ်ခုဖြစ်သည်ဟု မထင်ကြောင်း ဖြေဆိုထားသည်ကိုတွေ့ရသည်။





## ၃။ ကျန်းမာရေးကဏ္ဍတွင်လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း

### (၁) ကျန်းမာရေးကဏ္ဍတွင်ခွဲခြားဆက်ဆံခံရမှုအခြေအနေ




ပါဝင်ဖြေဆိုသူများအနက် ၈၁% ခန့်တို့သည် ကျန်းမာရေးဝန်ဆောင်မှုပေးသည့်နေရာများတွင် LGBTI များခွဲခြားဆက်ဆံခံရသည်ကို ကြားဖူးသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

၎င်းတို့ကိုယ်တိုင် ကျန်းမာရေးဝန်ဆောင်မှုပေးသည့်နေရာများတွင် ခွဲခြားဆက်ဆံခံရဖူးခြင်းရှိမရှိကိုမေးမြန်းရာတွင် ဖြေဆိုသူများ၏ထက်ဝက်ကျော် ၅၆% တို့က ခံရဖူးသည်ဟု ဖြေဆိုထားသည်ကိုတွေ့ရသည်။




## (၂) ကျန်းမာရေးကဏ္ဍတွင်ခွဲခြားဆက်ဆံခံရမှုဖြစ်စဉ်များ

LGBTI များသည် ၎င်းတို့၏ လိင်ဝိသေသခံယူမှု၊ လိင်စိတ်တိမ်းညွတ်မှုတို့ကြောင့် ကျန်းမာရေးကဏ္ဍတွင် ခွဲခြားဆက်ဆံခံရသည်။ အဓိကအားဖြင့် ကျန်းမာရေးတာဝန်ရှိသူများဖြစ်သည့် ဆရာဝန်များ၊ သူနာပြုများ၊ အခြားကျန်းမာရေးဝန် ထမ်းများမှ ခွဲခြားဆက်ဆံခြင်းမျိုးဖြစ်ပြီး နှုတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတို့ ပါဝင်သည်ဟု ဆို သည်။

> ***“လက်ကျိုးပြီးဆေးရုံတက်ရတော့ သူနာပြုဆရာမကနေ ကိုယ်လက်သည်းအရှည်ထားတာကိုကြည့်ပြီး ‘ဒီအခြောက်တွေဆီကနေရောဂါပိုးကူးနိုင်တယ်’ ဆိုပြီး နှိမ်ချဆက်ဆံတယ်။ တခြားလူနာတွေလို ကောင်းကောင်းမွန်မွန်ပြောဆိုမဆက်ဆံတာကို ကိုယ်တိုင်ကြုံခဲ့ရတယ်”***
>
> ***(ဖြေဆိုသူအမှတ် SB1002၊ ရွှေဘို)***

> ***“နေမကောင်းလို့ဆေးခန်းသွားပြရင် အေကိုက်နေတာ၊ အေအာတီ သောက်နေတာဆိုပြီး တီးတိုးပြောခံရတယ်။ အထင်ခံရတယ်။ ကျန်းမာရေးဝန်ထမ်းတွေကိုယ်တိုင်က ရွံသလို၊ဘာသလို နဲ့ဆက်ဆံတာခံရတယ်”***
>
> ***(ဖြေဆိုသူအမှတ် MDY7001၊ မန္တလေး)***

ထို့အပြင် LGBTI များအား ကျန်းမာ ရေးကဏ္ဍတွင် ပါဝင်အကျိုးပြုနိုင်မှုတို့ကို လည်း အကန့်အသတ်ခံကြရသည်ဟုဆိုသည်။ အထူးသဖြင့် လိင်တူဆက်ဆံလေ့ရှိသောသူများသည် လိင်မှ တဆင့် ကူးစက်တတ်သော ရောဂါပိုးများ၊ HIV ရောဂါကို ပြန့်ပွားသယ်ဆောင်သူများ အဖြစ် ထင်မှတ်ခံကြရပြီး ဆေးရုံဆေးခန်း များ၊ သွေးလှူဌာနများတွင်လည်း ခွဲခြား ဆက်ဆံခံရသည်ဟုဆိုသည်။

***"သွေးသွားလှူတဲ့အခါလည်း ကိုယ်ဂေးဖြစ်တယ် ဆိုတဲ့ဖြစ်တည်မှုကြောင့် သွေးလှူခွင့်မပေးပဲ မောင်းထုတ်တာခံခဲ့ရတယ်"***

***(ဖြေဆိုသူအမှတ် MTL1001၊ ပျော်ဘွယ်)***

***"တောင်ကြီး NAP မှာ ဆေးယူဆေးထုတ်တဲ့ နေရာတွေမှာ ကြမ်းကြမ်းတမ်းတမ်းဆက် ဆံခံရတာ၊ ကိုယ်နှုတ်အမူအရာတွေနဲ့စော် ကားခံရတာတွေခွဲခြားဆက်ဆံခံရတာတွေရှိတယ်"***

***(ဖြေဆိုသူအမှတ် TGI1001၊ တောင်ကြီး)***

***"ဆေးသွားထုတ်ခဲ့အခါ ဆေးထုတ်ပေးတဲ့ ကျန်းမာရေးဝန်ထမ်းကနေပြီး နာမည်နဲ့လူ နဲ့တွဲခေါ်တဲ့အခါ ဘေးပတ်ဝန်းကျင်က အ လှောင်ခံရတယ်၊ နှိမ်တဲ့အကြည့်တွေနဲ့လဲ ကြည့်ခံရတယ်"***

***(ဖြေဆိုသူအမှတ် MDY4002၊ မန္တလေး)***


ခုခံအားကျဆင်းမှုကူးစက်ရောဂါကူးစက်ခံထားရသူ PLHA လိင်စိတ်ကွဲပြားသူများအနေဖြင့် လည်း ရောဂါကူးစက်ခံရလျှင် ဆေးဝါးကုသမှုပိုင်း နှင့် ဝန်ဆောင်မှုပေးရသည့် အစိုးရကျန်းမာရေး ဌာ နများရှိ စီမံချက်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ရှိ သည့် ဝန်ထမ်းများမှ PLHA LGBTI များအား နှုတ် ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ထိမ်ချန်ထားရမည့် ပုဂ္ဂိုလ်ရေးရာသတင်း အချက် အလက်များအားပေါက်ကြားစေခြင်း၊ ဌာနအတွင်း ဝန်ဆောင်မှုပေးအပ်ရာနေရာထားသို ဖွဲ့စည်းပုံအနေဖြင့်လည်း အဆွေးနွေးအတိုင်ပင်ခံမည့် LGBTI များ၊ အခြားအများပြည်သူများ ဝင်ထွက်သွားလာခြင်းအတွက် ပုဂ္ဂိုလ်ရေးရာလုံခြုံမှုမရှိမှု စသည့်အားနက်ချက်များပါဝင်ကြောင်း ဖြေဆိုထားသည်ကိုတွေ့ရသည်။

**LGBTI များ ကျန်းမာရေးဝန်ဆောင်မှုများရယူရန်တွင်ရှိသောအခက်အခဲများ**

ပါဝင်ဖြေဆိုသူများသည် အများအားဖြင့် ၎င်းတို့၏လိင်ဝိသေသခံယူမှုကိုဖော်ပြသည့် ဝတ်စားဆင်ယင်မှုများ၊ အပြုအမူအနေအထိုင်များကြောင့် ကျား/မ ဂျဲန်ဒါအလိုက်သတ်မှတ်ထားသော ကျန်းမာရေးဝန်ဆောင်မှုပေးသည့် အဆောက်အဦနေရာများအသုံးပြုရန်အခက်အခဲရှိခြင်း၊ ကျန်းမာ ရေးဝန်ထမ်းများ၏ ထင်ရုံထင်မှားသံသယများ၊ ဖိနှိပ်ရှုပ်ချခြင်းများကြောင့် ပေါင်းသင်းဆက်ဆံရန် ခက်ခဲခြင်း၊ ဝန်ဆောင်မှုများရယူရာတွင် နှောင့်နှေးကြန့်ကြာခြင်းများရှိခြင်း၊ စသည့်အခက်အခဲများ ရှိကြောင်းတင်ပြထားပါသည်။


## ၄။ ဘာသာရေးနှင့်သက်ဝင်ယုံကြည်မှုကဏ္ဍတွင် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း

### (၁) ဘာသာရေးနှင့်သက်ဝင်ယုံကြည်မှုကဏ္ဍတွင်ခွဲခြားဆက်ဆံခံရခြင်း




ပါဝင်ဖြေဆိုသူများအနက် ၆၉% တို့သည် ဘာသာရေးတာဝန်ရှိသူများနှင့် အကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့များမှ LGBTI များအပေါ် ခွဲခြားဆက်ဆံခြင်းများကို ကြားဖူးသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။

၎င်းတို့ကိုယ်တိုင်ကြုံတွေ့ဖူးခြင်းရှိမရှိကိုမေးမြန်းရာ ၄၈% တို့က ကြုံတွေ့ဖူးသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။



### (၂) ဘာသာရေးနှင့်သက်ဝင်ယုံကြည်မှုကဏ္ဍတွင်ခွဲခြားဆက်ဆံခံရမှုဖြစ်စဉ်များ

ဘာသာရေးပြဋ္ဌာန်းချက်များ၊ ဆိုဆုံးမမှုများတွင် လိင်စိတ်ကွဲပြားမှုများကို အပြစ်နှင့် ချိုယွင်းချက်များအဖြစ် သတ်မှတ်ချက်များကြောင့် လိင်စိတ်ခံယူမှုကွဲပြားသူများသည် ဘာသာရေးပိုင်းတွင်လည်း ခွဲခြားဆက်ဆံမှုများကိုကြုံတွေ့ကြရသည်။

ထိုသို့ခွဲခြားဆက်ဆံမှုများတွင် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များမှ တိုက်ရိုက်ခွဲခြားဆက်ဆံခြင်းသော်လည်းကောင်း၊ လူထုအကြား လိင်စိတ်ကွဲပြားသူများအားအမုန်းတရားများပွားများအောင် မှားယွင်းသော သတင်းစကားများပေးခြင်းအားဖြင့် သွယ်ဝိုက်ခွဲခြားဆက်ဆံခြင်းတို့လည်းကောင်းပါဝင်သည်။ **၂၀၁၉ ခုနှစ်အစောပိုင်းတွင်လည်း နိုင်ငံတော်အသိအမှတ်ပြု ကိုးဘွဲ့ရ ဆရာတော်အရှင်အာစရ မှ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ စက်ရုံအလုပ်ရုံဝင်းတစ်ခုအတွင်းဟောကြားခဲ့သောတရားပွဲတစ်ခုတွင် "၎င်းသာ သမ္မတဖြစ်လျှင် လိင်တူချစ်သူ ဂေးများကို အပြစ်ပေးမည်"၊ "ယခုတရားပွဲတွင်ဂေးများပါပါသလား၊ ပါလျှင် ဝိုင်းရိုက်သတ်ကြ" ဟုဟောကြားခဲ့သဖြင့် အချို့ တရားနာပရိသတ်အတွင်းပါသော LGBTI များ ကသုတ်သရုတ်ထပြေးခဲ့ရသည့်အဖြစ်မှာ ဆိုးရွားသောဥပမာ တစ်ခုဖြစ်သည်။**

အချို့သော ကိုးကွယ်ရာဘာသာများတွင်မူ လိင်စိတ်ကွဲပြားသူ LGBTI များအား သန့်စင်သောဝိညာဉ်တော်ဖြင့် ကုစားခြင်းအားဖြင့် အကောင်းပကတိအခြေအနေသို့ပြန်လည်ရောက်ရှိနိုင်သည်ဟူသော ယူဆချက်ဖြင့် *Conversion therapy ခေါ် "ပြန် လည်ပြုပြင်ရေးကုထုံး"* များဖြင့် LGBTI များအား ကုသမှုခံယူစေ ခြင်းများ ရှိနေခြင်းသည်လည်း လိင်စိတ်ကွဲပြားသူများ၏အခွင့် အရေးများကို ဘာသာရေးလွတ် လပ်ပိုင်ခွင့်ကိုခုတုံးလုပ်ပြီး ချိုးဖောက်နေသကဲ့သို့ဖြစ်သည်။

**၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် "Media for Christ Shwe ရွှေခေါင်းလောင်းဆရာတော် ရွှေ့အလင်းပေးသူ" ခေါ် ဖေ့စ်ဘုတ်စာမျက်နှာမှ "လိင်တူချစ်သူဂေး" ဟူသည်မှာ လိင်တူဆက်ဆံလိုသည့် မိစ္ဆာတစ်မျိုးမှအပမှီးခြင်းဖြစ်ပြီး ၎င်းကို ဘုရားသခင်၏ဂရုဏာတော်ဖြင့် ကုသသန့်ရှင်းစေနိုင်သည်ဟူပြီး လူငယ်တစ်ဦးအား လက်တွေ့ကုသနေသည့်ပုံကို "အခြောက်နတ်ဆိုးလွတ်ပြီ"၊ "လိင်တူဆက်ဆံခြင်းမှလွတ်မြောက်ပြီ" ဟူသော ခေါင်းစည်းပိုင်းဖြင့် ဗွီဒီယိုတစ်ခုကို တင်ဆက်ခဲ့သည်။** အဆိုပါဗွီဒီယိုသည် ကြည့်ရှုသူ ပေါင်း ၁.၅ သန်းကျော်ရှိခဲ့သည်။ ဗွီဒီယိုပါ မှားယွင်းသောဝါဒဖြန့်ကျက်မှု၊ သတင်းစကား၏နောက်ဆက်တွဲကြောင့် ခရစ်ယာန်ဘာသာယုံကြည်ကိုးကွယ်သူမိဘများရှိ လိင်စိတ်ခံယူမှုကိုဖွင့်ဟထားသော LGBTI လူငယ်အချို့မှ ၎င်းတို့၏ မိသားစုများကယင်းဆရာတော်ထံသို့သွားရောက် ကုသမှုခံ ယူစေရန် ဖိအားပေးလာသည်များရှိသည်ဟု ကံမြန်မာ-PFLAG စီမံကိန်း၏စိတ်ပိုင်းနှင့်လူမှုရေးရာကူညီ ထောက်ပံ့မှုဝန်ဆောင်မှုစင်တာသို့ အသိပေးအကူ

အညီ တောင်းခံလာမှုများရှိလာခဲ့သည်။ ဗုဒ္ဓဘာသာ ကိုးကွယ်သူများအနေ ဖြင့်လည်း ၎င်းတို့၏ သားသမီးများ LGBTI ဖြစ်လာပြီ ကို သိရှိလာပါက သာသနာ့ဘောင်အတွင်း သွတ်သွင်းဝင်စေပြီး ပြန်လည်ကောင်းမွန် လာအောင် ကုစားသည်မျိုးရှိသည်ဟု ဆို သည်။

> ***"ကျွန်တော့်ကို ဂေးမှန်းသိတော့ အဖေက ယောကျ်ားဖြစ်အောင်လို့ဆိုပြီး ဘုန်းကြီးကျောင်းမှာထားတယ်။ (၅) လ လောက် ကြာတယ်။ ဆွမ်းစား စားပွဲကိုတိုက်မိတာ ကျိုးသွားတာကို ဆူတာလောက်တင်မဟုတ်ပဲ ဆရာတော်ကရိုက်တာကိုလဲ ခံခဲ့ရဖူးတယ်"***
>
> ***(ဖြေဆိုသူအမှတ် MTL1001၊ ပျော်ဘွယ်)***

ပါဝင်ဖြေဆိုသူများ၏ဖြေကြားချက်အရ - ဘာသာရေးခေါင်းဆောင်များ၊ အကြီးအကဲများမှလည်း ခွဲခြားဆက်ဆံခြင်းများကို အမြောက်အများ ခံရသည်ဟုဆိုသည်။ ယင်းသို့ခွဲ ခြားဆက်ဆံခြင်းများတွင် ပါဝင်ဖြေဆိုသူများ၏ လိင်ဝိသေသ ခံယူမှု၊ လိင်ဝိသေသခံယူမှုအားဖော်ပြသည့် ဝတ်စားဆင်ယင်မှုတို့အပေါ်အခြေခံသည့် အတင်းအဓမ္မ ဆိုဆုံးမခြင်းများ၊ ကန့်ကွက်ခြင်းများအပြင် ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲဝတ်ဆင်ခြင်းကြောင့် ဘာသာရေး ကျင့်ကြံအားထုတ်ရန် ညင်းဆိုခံရခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ပရဝုဏ်များအသုံးမပြုရန် တားမြစ်ခံရခြင်း စသည်တို့ပါဝင်ကြောင်းဆိုသည်။

> **"ဒုလ္လဘရဟန်းခံဖို့ ဘုန်းကြီးကျောင်းကိုသွားလျှောက်တာ မိန်းမလျှာဖြစ်နေလို့ ပြန်စဉ်းစား ဦးဆိုပြီး ပေးမဝတ်ဘူး ...ပြန်လွှတ်လိုက်တယ်"**
>
> ***(ဖြေဆိုသူအမှတ် LSH1001၊ လားရှိုး)***


> ***"မိန်းမပုံနဲ့ အခါကြီးရက်ကြီး ငါ့ ကျောင်းကို မလာခဲ့နဲ့။ ကျက်သရေမရှိဘူးလို့ ပြောခံရတယ်၊ ယောကျ်ားဖြစ်ပြီး မိန်းမလိုနေ တဲ့ဟာတွေ ဘုန်းကံမရှိဘူး။ ရှာနာတယ် ဆိုပြီးတော့လဲ ပြောခံရတယ်"***
>
> ***(ဖြေဆိုသူအမှတ် TGI1002၊ တောင်ကြီး)***

မြစ်ခြေမြို့မှ ဖြေဆိုသူအမှတ် MTL2001 က - "**တရားဟောတဲ့ သင်းအုပ်ဆရာက ကျွန်တော့်ကို မိန်းမလိုနေရင် မြင့်မြတ်မှာ။ မင်း ခု ဟာက မဟုတ်သေးဘူး။ လုပ်ယူတာတကယ့်လက်တွေ့မှာမပြင်သင့်ဘူး။ မိန်းမလိုပဲနေစမ်းလို့အတင်းပြောတယ်။ ရွာမှာ ဘုန်းကြီးကျောင်းလဲရှိတော့ ဗုဒ္ဓဘာ သာအမျိုးတွေနဲ့သွားရင် တခါဘုန်းကြီးကပြော ပြန်ပြီ အိမ်ထောင်ပြုပြီး ယောကျ်ားယူ မိန်းမလိုအိ နေ့ရှိရှိနေဆိုပြီး**" ဟု ၎င်း၏အတွေ့အကြုံကိုပြောပြသည်။

MDY 5001 ကလည်း လူအများရှေ့တွင် အရှက်ရအောင် ဘာသာရေးအကြီးအကဲတစ်ဦး၏ ဆုံးမသြဝါဒခံယူခဲ့ရမှုကို "**ဝါဆိုသင်္ကန်းကပ်တာ ရပ်ကွက်ထဲကဘုန်းကြီးကျောင်းမှာ။ ပြီးလည်းပြီး ရော ခုလိုလူ့ဒါန်းရ တဲ့အကျိုးကြောင့် ဒကာလေးအနေနဲ့နောင်ဘဝမှာ ဟိုမရောက်ဒီမရောက်မ ဖြစ်ပဲ မြင့်မြတ်ရာဘဝကိုရရှိပြီး တရားဘာဝနာတရားအားထုတ်နိုင်ပါစေဆိုပြီး လူကြားထဲတ**

**ရားဟော တာခံခဲ့ရဖူးတယ် အကုန်လုံးကပြုံးစိစိနဲ့ ကျွန်မကတော့အင်မတန်ရှက်ခဲ့ရတယ်"** - ဟု ဝေမျှခဲ့သည်။

### (၃) ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ နေရာများကို ဝင်ထွက်သွားလာရန် သို့မဟုတ် အသုံးပြုရန် လွယ်ကူမှု





ပါဝင်ဖြေဆိုသူများကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏ပတ်ဝန်းကျင်ရှိ အခြား LGBTI များကြုံတွေ့ရသောအတွေ့အကြုံများအပေါ်အခြေခံပြီး အများစုက ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ နေရာများကို ဝင်ထွက်သွားလာရန် သို့မဟုတ် အသုံးပြုရန် လွယ်ကူမှုမရှိဟု ဖြေဆိုထားသည်ကိုတွေ့ရသည်။

## ၅။ နိုင်ငံရေးနှင့် လူမှုရေးကဏ္ဍတွင် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း


### (၁) နိုင်ငံရေးကဏ္ဍတွင်ခွဲခြားဆက်ဆံခံရခြင်း

ပါဝင်ဖြေဆိုသူများအား နိုင်ငံရေးကဏ္ဍတွင် LGBTI များအနေဖြင့် နိုင်ငံရေးအသင်းအဖွဲ့များဖွဲ့စည်းခြင်း၊ ရွေးကောက်ပွဲတွင် အမတ်လောင်းအဖြစ်ပါဝင်ယှဉ်ပြိုင်ခြင်း၊ ဆန္ဒမဲပေးခြင်းနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်း၊ စသည့်နိုင်ငံရေးလှုပ်ရှားမှုများတွင် ခွဲခြားဆက်ဆံခံရခြင်းကို ကြားဖူးပါသလားမေးမြန်းရာ ဖြေဆိုသူများ၏ ထက်ဝက်က ကြားဖူးသည်ဟုဖြေဆိုထားသည်ကို တွေ့ရသည်။





### (၂) လူမှုရေးကဏ္ဍတွင်ခွဲခြားဆက်ဆံခံရခြင်း

ပါဝင်ဖြေဆိုသူများအား လူမှုရေးနှင့် ပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် LGBTI များအားခွဲခြားဆက်ဆံခြင်းကို ကြားဖူးပါသလားဟုမေးမြန်းရာ အများစု ၅၆% တို့ကကြားဖူးသည်ဟု ဖြေဆိုထားသည်ကိုတွေ့ရသည်။



### (၃) နိုင်ငံရေးနှင့်လူမှုရေးကဏ္ဍတွင် ခွဲခြားဆက်ဆံခံရမှုဖြစ်စဉ်များ

ပါဝင်ဖြေဆိုသူများအား အထက်ပါနိုင်ငံရေးနှင့် လူမှုရေးလုပ်ငန်းစဉ်များတွင် ကိုယ်တိုင် ခွဲခြားဆက်ဆံခံရဖူးခြင်းရှိမရှိကိုမေးမြန်းရာ ၄၂% တို့ကသာ ခွဲခြားဆက်ဆံခံဖူးသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။




သုတေသနအဖွဲ့မှ ပါဝင်ဖြေဆိုသူများကြုံတွေ့ရသည့် ဖြစ်စဉ်များကို မေးမြန်းရာတွင် အဓိကအားဖြင့် ၎င်းတို့၏ လိင်ဝိသေသခံယူဖော်ပြမှုအပေါ် အခြေခံ၍ နိုင်ငံရေးနှင့် လူမှုရေးလုပ်ငန်းစဉ်များတွင် ခွဲခြားဆက်ဆံရခြင်းဖြစ်သည်ဟုဆိုသည်။

***"ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ပညာပေးဖို့ အရပ်ထဲမှာ စည်းဝေးကြတော့ 'ယောကျ်ားလျာက နိုင်ငံရေးနဲ့ဘာဆိုင်တုန်း ပြားရာကလုံးချင်ရင်လဲ ကိုယ့်ဟာကိုအေးဆေးနေစမ်းပါ' ဆိုပြီး နိုင်ငံရေးပါတီတစ်ခုက ကျွန်တော့ကို ပြောတာ"***

***(ဖြေဆိုသူအမှတ် KL1002၊ ကလေး)***

***"ရပ်ထဲရွာထဲ လူငယ်ခေါင်းဆောင်လုပ်မယ်လို့ ကျွန်တော်ပြောတာကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက ယောကျ်ားမဟုတ် မိန်းမ မဟုတ်နဲ့ ဆိုပြီး ပေးမလုပ်ဘူး"***

***(ဖြေဆိုသူအမှတ် MTL1002၊ ဆင်ပေါင်ဝဲ)***

> ***"ဆယ်အိမ်မှူးရွေးတော့ ကျွန်မကို မိန်းမလျာဖြစ်လို့ 'မိန်းမလျာကောင်တွေနဲ့ပဲ ပျော်ပါးနေမှာ' လို့ပြောခံရပြီး မဲမပေးဘူး"***
>
> ***(ဖြေဆိုသူအမှတ် MY2001၊ မုံရွာ)***


LGBTI များ၊ အထူးသဖြင့် ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲဝတ်ဆင်သူများသည် အခြားသူများကိုပါ ၎င်းတို့ကဲ့သို့ပြုမူနေထိုင် ရန် လှုံ့ဆော်နိုင်သဖြင့် လူမှုအသိုင်းအဝိုင်းအတွက် စံပြပုဂ္ဂိုလ်များနေရာတွင် မရပ်တည် သင့်ဟူသော အယူအဆများကြောင့် လူမှုရေးနှင့် ပရဟိတလုပ်ငန်းများတွင် ခေါင်းဆောင်သည့်နေရာမှဖြစ်စေ၊ နောက်မှပူးပေါင်းပါဝင်သူနေရာမှဖြစ်စေ မပါဝင်ရန်အကန့်သတ်ခံကြရသည်။

> ***"သာရေးနာရေးကိစ္စတွေ ကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်ခွင့်မပေးဘူး...ခွဲခြားဖယ်ကျဉ်ခံရတယ်... မိန်းမဖြစ်ပြီး ယောကျာ်းလိုဝတ်လို့နေလို့ပေါ့ အဓိကကတော့"***
>
> ***(ဖြေဆိုသူအမှတ် MH1002၊ မလှိုင်)***

ထို့အပြင် LGBTI အခွင့်အရေးတက်ကြွလှုပ်ရှားသော အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း စီမံကိန်းများလုပ်ဆောင်ရာတွင် ခွင့်ပြုမိန့်များခက်ခဲခြင်း၊ နိုင်ငံတော်အဆင့် လွှတ်တော်နှင့် ချိတ်ဆက်၍ စည်းရုံးညှိနှိုင်းရေးလှုံ့ဆော်ရေး လုပ်ငန်းစဉ်များလုပ်ဆောင်ရာတွင် အသင်းအဖွဲ့မှတ်ပုံတင်များမရှိပါက မလုပ်ဆောင်နိုင်ခြင်း၊ အသင်းအဖွဲ့မှတ်ပုံတင်မည်ဆိုပါကလည်း LGBTI လှုပ်ရှားမှုများကိုအသိအမှတ်ပြုသည့် ဝန်ကြီးဌာနတစ်ခုခုမှ ထောက်ခံချက်များတောင်းခံရန်လိုအပ်ခြင်းနှင့် အခြားစီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကြောင့် LGBTI အရပ်ဖက်လူထုနေရာများကို ကြုံ့ဝင်နေစေသည်။


## ၆။ လုပ်ငန်းခွင်တွင်လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း

### (၁) လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံခံရခြင်း



## (၂) လုပ်ငန်းခွင်တွင်ခွဲခြားဆက်ဆံခံရမှုဖြစ်စဉ်များ

ပါဝင်ဖြေဆိုသူများအား လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခံရဖူးပါသလားဟုမေးမြန်းရာ ၅၈% တို့သည် ခံရဖူးပါသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။




သုတေသနအဖွဲ့မှ ပါဝင်ဖြေဆိုသူများလုပ်ငန်းခွင်တွင်ကြုံတွေ့ရသော ခွဲခြားဆက်ဆံမှုများကိုမေးမြန်းရာတွင် ၎င်းတို့၏ လိင်စိတ်တိမ်းညွတ်မှုကို သိရှိသွားခြင်း၊ သို့မဟုတ် ၎င်းတို့၏လိင်ဝိသေသခံယူဖော်ပြသည့် ဝတ်စားဆင်ယင်ပြုမူနေထိုင်မှုတို့အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခံရခြင်းဖြစ်သည်ဟုဆိုသည်။

> ***“လက်ထောက် စူပါဗိုက်ဆာက အမြဲလိုလိုတိုက်ခိုက်တယ် ပြဿနာရှာတယ်...အဓိကက ယူနီဖောင်းပေါ့ နောက်တော့ အလုပ်ကနေကိုထွက်လိုက်ရတယ်”***
>
> ***(ဖြေဆိုသူအမှတ် MDY1002၊ မန္တလေး)***

LGBTI များသည် လုပ်ငန်းခွင်အတွင်း ကျား/မ လိင်ဝိသေသကိုက်ညီမှုရှိသော ဝတ်စားဆင်ယင်မှုမျိုးကိုသာ ဝတ်ဆင်ရန်ခွင့်ပြုခြင်း၊ ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲ ဝတ်ဆင်ခြင်းကိုခွင့်မပြုခြင်း၊ ဝတ် ဆင်လာပါကလည်း ဆဲခြင်း၊ ဆူခြင်း၊ ပစ်တင်ဝေဖန်ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းနှင့် အပြင်းထန်ဆုံး အလုပ်မှထုတ်ပယ်ခြင်း စသည်တို့ကို ကြုံတွေ့ရသည်ဟုဆိုသည်။

> ***“နေ့စားခအလုပ်လုပ်ကိုလုပ်တော့ အလုပ်ရှင်က ‘နင်မိန်းမဖြစ်ချင်တာမလား အေး မိန်းမလခကိုယူ’ ဆိုပြီး ယောကျ်ားလေးလုပ်ရတဲ့အလုပ်တွေကျအကုန်ခိုင်းပြီး မိန်းကလေး လခပဲပေးတယ်.. ကိုယ်ကတော့ အလုပ်ပြုတ်မှာကြောက်တော့ငြိမ်ခံနေတာကို လူကြားထဲဆိုလဲ မထင်ရင်မထင်သလိုဆဲတယ် ဆူတယ်ကျုပ်ကို”***
>
> ***(ဖြေဆိုသူအမှတ် TGI1002၊ တောင်ကြီး)***

ထို့အပြင် LGBTI များ၊ အထူးသဖြင့် ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲဝတ် ဆင်နေထိုင်သူများသည် လုပ်ငန်းခွင်အတွင်း အခြားသူများနည်းတူ တူညီသော လုပ်ခလစာ၊ အခွင့်အလမ်းနှင့်အခွင့်အရေးများမရရှိကြကြောင်းဆိုသည်။

> ***"ပန်းရုံလုပ်တော့ တခြားကာလသားတွေနဲ့ တန်းတူ ကျွန်မ အလေးအပင်အကုန် မ,ရ ပြုရ လုပ်ရတယ်... လုပ်ခလစာရှင်းတဲ့အခါကျတော့ ကျန်တဲ့ယောကျ်ားလေးတွေလိုတန်းတူမပေးဘူး နှိမ်ပြီးပေး တယ်"***
>
> ***(ဖြေဆိုသူအမှတ် MY1002၊ မုံရွာ)***


LGBTI များသည် ၎င်းတို့၏ လိင်စိတ်/ဝိသေသခံယူမှု ကွဲပြားခြင်းကြောင့် အလုပ်ရှင်များ၊ အခြားလုပ်ဖော် ကိုင်ဖက်များ၏ ကဲ့ရဲ့ခြင်း၊ အနိုင်ကျင့်ခြင်း၊ ဖယ်ကျဉ်ခြင်းစသည့် ခွဲခြားဆက်ဆံမှုများကိုလည်း ကြုံတွေ့ရသည်ဟု ဆိုသည်။

ဖြေဆိုအမှတ် MDY 3001 ကလည်း လုပ်ငန်းခွင်အတွင်း အခြားလုပ်ဖော်ကိုင်ဖက်များမှ စနောက်ခြင်း၊ အနိုင်ကျင့်ခြင်းကို ***"ဟိုတယ်ဝန်ထမ်းလုပ်တုန်းကလဲ ယောကျ်ားလေးချွဲသည်တွေနဲ့ ပြောဆိုဆက်ဆံရတော့ ကိုယ် ဂေး မှန်းသိတဲ့ လုပ်ဖော်ကိုင်ဖက်တွေက 'နင်အဲ့ဘဲကြီးကိုကြိုက်နေတာလား' တို့ 'ဟိုလူကြီး အခန်းထဲနင် သွားပို့တာလား' တို့ ရိသဲ့သဲ့ပြောပြီး အမြဲစကြနောက်ကြတယ်"*** ဟု ၎င်း၏အတွေ့အကြုံကိုဝေမျှ ထားသည်။

အချို့သောအခြေအနေများတွင် LGBTI များသည် လုပ်ငန်းခွင် အတွင်း ကာယိန္ဒြေပျက်ပြား အောင်နှောင့်ယှက်မှုများ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများကိုလည်း ကြုံတွေ့ရကြောင်း ဆိုသည်။

> ***"သမီးက အမျိုးတွေရဲ့အချိတ်အဆက်နဲ့ ကုန်စုံ ဆိုင်မှာအလုပ်ဝင်ရတယ်... ဆိုင်ရှင်ကလည်း မကောင်းတတ်လို့သာ လက်ခံထားတာ သမီးကမိန်းမပုံဝတ်တော့ အမြဲရိသဲ့သဲ့ဆက်ဆံခံရတယ်... နို့ကိုင်လိုက် ဖင်ကိုင်လိုက်နဲ့... မခံစားနိုင်တော့ ရပ် ကွက်ထဲကဆယ်အိမ်မှူးကိုတိုင်တော့ ဆယ်အိမ်မှူးက 'နင်ကိုက မိန်းမလိုဝတ်ပြီး ပလူးပလဲ နေနေတာဖြစ်မှာပေါ့' ဆိုပြီး ဘာမှ ဖြေရှင်းမပေးခဲ့ဘူး"***
>
> ***(ဖြေဆိုသူအမှတ် MDY5001၊ မန္တလေး)***

### (၃) LGBTI များလုပ်ငန်းခွင်အတွင်း တန်းတူအခွင့်အရေးများရရှိခြင်း





ပါဝင်ဖြေဆိုသူများအား ၎င်းတို့၏လုပ်ငန်းခွင်အတွင်း တူညီသောလုပ်ခလစာ၊ အခွင့်အလမ်းနှင့် အခွင့်အရေးများရရှိပါသလားဟုမေးမြန်းရာတွင် အများစု ၇၇% တို့က မရရှိကြပါဟုဖြေဆိုထားသည်ကိုတွေ့ရသည်။


## ၇။ အများပြည်သူ၊ ပုဂ္ဂလိကနှင့် အစိုးရ ဝန်ဆောင်မှုပေးသည့်နေရာများ၊ အများပြည်သူနေရာများ၊ အဆောက်အဦများတွင် လူ့အခွင့်အရေးချိုးဖောက်ခြင်း

### (၁) အများပြည်သူ၊ ပုဂ္ဂလိကနှင့် အစိုးရ ဝန်ဆောင်မှုပေးသည့်နေရာများ၊ အများပြည်သူနေရာများ၊ အဆောက်အဦများတွင်ခွဲခြားဆက်ဆံခံရခြင်း

LGBTI များသည် အများပြည်သူ၊ ပုဂ္ဂလိကနှင့် အစိုးရဝန်ဆောင်မှုပေးသည့်နေရာများ၊ အများပြည်သူနေရာများ၊ အဆောက်အဦများဖြစ်သည့် ဝန်ကြီးဌာနရုံးများ၊ အစိုးရရုံးများ၊ အထွေထွေအုပ်ချုပ်ရေးရုံးများ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်များ၊ ဘဏ်များ၊ ဘုတာရုံများ၊ ကားဂိတ်များ၊ ပန်းခြံများ၊ ရှော့ပင်းမောများ၊ စားသောက်ဆိုင်များ အစရှိသည့်နေရာများတွင်လည်း ခွဲခြားဆက်ဆံမှုများကို ကြုံတွေ့ရသည်။ ပါဝင်ဖြေဆိုသူများအား အဆိုပါနေရာများတွင် ၎င်းတို့နှင့် သိကျွမ်းသော၊ ပတ်ဝန်းကျင်အတွင်းရှိသော LGBTI များခွဲခြားဆက်ဆံခံရခြင်းကိုကြားဖူးပါသလားမေးမြန်းရာ အများစု ၈၃%တို့က ကြားဖူးပါသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။




## (၂) ခွဲခြားဆက်ဆံခံရခြင်းဖြစ်စဉ်များ




အများပြည်သူ၊ ပုဂ္ဂလိကနှင့် အစိုးရဝန်ဆောင်မှုပေးသည့်နေရာများ၊ အများပြည်သူနေရာများ၊ အဆောက်အဦများတွင် ကိုယ်တိုင်ခွဲခြားဆက်ဆံခံရဖူးပါသလားဟုမေးမြန်းရာ အများစု ၆၉% က ခွဲခြားဆက်ဆံခံရဖူးသည်ဟု ဖြေဆိုထားသည်ကိုတွေ့ရှိရသည်။

ယင်းသို့ခွဲခြားဆက်ဆံခံရမှုများသည်လည်း အဓိကအားဖြင့် LGBTI များအနေဖြင့် မိမိ၏လိင်ဝိသေသခံယူချက်ကိုဖော်ပြသည့် ဝတ်စားဆင်ယင်နေထိုင်မှုများကြောင့်ဟုဆိုသည်။ ထို့အပြင် LGBTI များကို စိတ်မနှံ့သူများ၊ ဘာသာရေးနှင့်လူကြီးများ၏အဆုံးအမများကို ခံယူမှုမရှိပဲ မိုက်လုံး

ကြီးသူများ၊ ကူးစက်ပျံ့ပွားတတ်သောရောဂါများကိုသယ်ဆောင်ဖြန့်ကျက်သူများ စသဖြင့် အမြင်ရှိကြပြီး ခွဲခြားဆက်ဆံခြင်းမျိုးဖြစ်သည်ဟုလည်းဆိုသည်။ ခွဲခြားဆက်ဆံခံရမှုများတွင် ဟားတိုက်လှောင်ရယ်ခြင်း၊ ကဲ့ရဲ့ခြင်း စသည့်နှုတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ အချို့သော ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် ကာယိန္ဒြေပျက်ပြားအောင်နှောင့်ယှက်မှုများစသည်တို့ပါဝင်ကြောင်း ဖော်ပြထားသည်။

ခွဲခြားဆက်ဆံခံရသည့်နေရာများတွင် ထောက်ခံစာများ၊ စာရွက်စာတမ်းများ၊ သက်သေအထောက်အထားများရယူရာတွင် သွားရောက်ရသော လဝက၊ ရပ်ကွက်ရုံး၊ ထွေအုပ်ရုံးများ၊ ရဲစခန်းများ စသည့်အစိုးရဌာနဆိုင်ရာများ ပါဝင်သည်ဟု ဆိုသည်။

*"လဝကမှာ ၁၈ နှစ်ပြည့် မှတ်ပုံတင်သွားလုပ်တာ... ကိုယ်ကယောကျ်ားလေးလိုဝတ်ထားတော့ ဟိုဖောင် လိုသေးလို့၊ ဒီဖောင်လိုသေးလို့နဲ့ ရစ်တာ သူတို့ဆီကညွှန်မှူးလက်မှတ်ထိုးဖို့တင်ပေးရမယ်ဆိုပြီး ပိုက်ဆံ ၃၀၀၀၀ တောင်းလို့ ဆောင်ခဲ့ရသေးတယ်... တခြားသူတွေရောပေးရလားလိုက်မေးကြည့်တော့ တချို့ကပေးရတယ် တချို့ကမပေးရဘူးပြောတာပဲ"*

***(ဖြေဆိုသူအမှတ် MDY5003၊ မန္တလေး)***

အချို့ဖြစ်စဉ်များတွင်မှ LGBTI များသည် ရပ်ထဲရွာထဲရှိ ရပ်မိရပ်ဖများ၏ အမြင်မကြည်မှု၊ ရာဇဝတ်မှုတစ်ခုခုဖြစ်ပါက ၎င်းတို့ကိုသာ သံသယရှိပြီး စွပ်စွဲမှု၊ လူမှုရေးရာကိစ္စများတွင် ဖယ်ကျဉ်မှု စသည်တို့ကိုခံကြရသည်။ LGBTI များ၏ ပုဂ္ဂိုလ်ရေးရာလုံခြုံမှု၊ လွတ်လပ်ပိုင်ခွင့် နှင့် လွတ်လပ်စွာရွေ့လျားသွားလာခွင့် စသည်တို့ကို ချိုးဖောက်ခံရကြောင်း ဆိုသည်။

*"အိမ်ငှားနေတာပေါ့နော် တအိမ်လုံးကလဲ ကျွန်တော်တို့လို ယောကျ်ားလျာတွေချည်းပဲ အဲတာကို ရပ်ကွက်ရုံး ကလူကြီးတွေ၊ မီးသတ်ကတာဝန်ရှိတဲ့သူတွေနဲ့ ပတ်ဝန်းကျင်က လူတချို့က ကျွန်တော်တို့နေတဲ့အိမ်ကနေ အတင်းမောင်းထုတ်တာခံခဲ့ရဖူးတယ်"*

***(ဖြေဆိုသူအမှတ် LSH1001၊ လားရှိုး)***

LGBTI များသည် လိင်မှုအရာတွင် တက်ကြွသူများဖြစ်၍ လိင်မှတဆင့်ကူးစက်တတ်သောရောဂါများကို သယ်ဆောင်ဖြန့်ပွားသူများဟူသော ပုံစံခွက်အမြင်ဖြင့်လည်း အများပြည်သူအပန်းဖြေရာနေရာများ၊ သွားလာရာနေရာများတွင် ခွဲခြားဆက်ဆံခံရကာ "လူ့ဂုဏ်သိက္ခာရှိပိုင်ခွင့်" ကို ချိုးဖောက်ခံရကြောင်းဆိုသည်။

*"အပြင်သွား၊ဆိုင်ထိုင်တော့ 'AIDS ရောဂါသယ်လာတဲ့အခြောက်တွေ' လို့ပြောခံရပြီး ကိုယ်တွေ ထိုင်တဲ့နေရာကို ချက်ချင်းရေးနဲ့ဆေးချတာကိုလည်းကြုံခဲ့ရတယ်"*


***(ဖြေဆိုသူအမှတ် TGI1002၊ တောင်ကြီး)***

အခြားသော ဖြစ်စဉ်များမှာ ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲဝတ်စားနေထိုင်ခြင်းကြောင့် ဘဏ်များစသည့် အမည်နာမတပ်ခေါ်၍ ဝန်ဆောင်မှုပေးသည့်နေရာများ၌ အခက်ကြုံခြင်း၊ အများသုံးအိမ်သာများအသုံးပြုရာတွင် အခက်အခဲရှိခြင်းစသည်တို့ပါဝင်ကြောင်း ဖြေဆိုထားသည်ကိုတွေ့ရသည်။

## အပိုင်း (ဃ) - လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများ၏ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာထောက်ပံ့ကူ ညီမှုများရရှိမှု

### ၁။ ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုများကြောင့် LGBTI များအပေါ် အကျိုးသက်ရောက်မှုများ


#### (၁) ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုများကြောင့် LGBTI များအပေါ်သက်ရောက်မှု





ပါဝင်ဖြေဆိုသူအများစုသည် အထက်ပါကဏ္ဍအသီးသီးတွင်ကြုံတွေ့ရသော အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများကြောင့် ၈၇% တို့က စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရှိသည်ဟုလည်းကောင်း၊ ၅၆% က လူမှုဆက်ဆံရေးပိုင်းတွင်ထိခိုက်မှုရှိသည်ဟုလည်းကောင်း၊ ၅၀% တို့က ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုရှိသည်ဟုလည်းကောင်း၊ ၁၇%. တို့က လိင်ပိုင်းဆိုင်ရာနောက်ဆက်တွဲထိခိုက်မှုများရှိသည်ဟူ၍လည်းကောင်း ဖြေဆိုထားသည်ကိုတွေ့ရသည်။

## (၂) စိတ်ပိုင်းဆိုင်ရာထိခိုက်မှုအမျိုးအစားများ

ခွဲခြားမှုနှင့် အကြမ်းဖက်မှုများကြောင့် ပါဝင်ဖြေဆိုသူများအပေါ် သက်ရောက်မှုရှိသော စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို သိရှိရန် ထပ်မံမေးမြန်းရာအောက်ပါအတိုင်းတွေ့ရသည်။




စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရှိသည်ဟု ဖြေဆိုသူ ၄၅ ဦးတို့အနက် အများစု (၇၇%) တို့မှာ စိတ်ကျဝေဒနာကိုခံစားရသည်ဟူ၍လည်းကောင်း၊ ၅၅% တို့မှာ မိမိကိုယ်ကိုအလိုမကျမှုကိုခံစားရသည်ဟူ၍လည်းကောင်း၊  ၄၆% တို့မှာ စိတ်ဖိစီးမှုကိုခံစားရသည်ဟူ၍လည်းကောင်း၊ ၄၂% တို့မှာ စိတ်မလုံခြုံမှုကို ခံစားရသည်ဟူ၍လည်းကောင်း၊ ကျန်အနည်းငယ်တို့မှာ စိုးရိမ်ပူပန်မှုနှင့် ဒေါသစိတ်များခံစားရလေ့ရှိသည်ဟူ၍လည်းကောင်း ဖြေဆိုထားသည်ကိုတွေ့ရသည်။



ပါဝင်ဖြေဆိုသူများအား ယင်းသို့စိတ်ခံစားမှုများကြောင့်မည်သည့် တုံ့ပြန်မှု အပြုအမူတစ်စုံတစ်ရာပြုလုပ်လေ့ရှိကြောင့် မေးမြန်းရာ အများစု ၅၆% တို့က ပြုလုပ်လေ့ရှိသည်ဟုဖြေဆိုထားပြီး အများစုမှာ ၎င်းတို့ကြုံတွေ့ရသောပြဿနာရပ်များကို အခြားသူတစ်ဦးထံသို့ဖွင့်ပြောခြင်း၊ ပြဿနာကို တရားနည်းလမ်းကျရင်ဆိုင်ဖြေရှင်းခြင်း၊ စိတ်ပြေလက်ပျောက် ဝါသနာပါရာတစ်ခုခုကို လုပ်ဆောင်ခြင်း၊ အရက်သောက်ခြင်းနှင့် မူးယစ်ဆေးဝါးများသုံးစွဲခြင်း၊ မိမိကိုယ်ကို အနာတရဖြစ်အောင်ပြုလုပ်မိခြင်း၊ မိမိကိုယ်ကိုအဆုံးစီရင်ရန်ကြိုးပမ်းခြင်း စသည်တို့ကို ပြုလုပ်မိလေ့ရှိကြောင်းဖြေဆိုထားသည်ကိုတွေ့ရသည်။


## (၃) ခွဲခြားဆက်ဆံမှုနှင့်ဖိနှိပ်မှုများကြောင့် ပုဂ္ဂိုလ်ရေးရာဘဝဖွံ့ဖြိုးတိုးတက်မှုအပေါ်အကျိုးသက်ရောက်မှု

ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် စက်တင်ဘာလ ၂၀၁၅ ခုနှစ်တွင် အဂျန်ဒါ ၂၀၃၀ နှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် (Sustainable Development Goals) ကို ဖော်ဆောင်ပြဌာန်းလိုက်သည်။ ယင်း ပန်းတိုင်များကို "မည်သူမျှနောက်ကျမကျန်ခဲ့စေရ" "Leaving No One Behind" ဟူသော အခြေခံစည်းမျဉ်းအပေါ်တွင် ရေးဆွဲထားခဲ့ခြင်းဖြစ်သည်။ ယင်း ပန်းတိုင်များတွင် ပန်းတိုင်ပေါင်း ၁၇ ခုပါဝင်ပြီး ပန်းတိုင် ၃ - ကောင်းမွန်သောကျန်းမာရေးနှင့်လူမှုဖူလုံရေး၊ ပန်းတိုင် ၄ - အရည်အသွေးပြည့်ဝသောပညာရေးလက်လှမ်းမှီနိုင်မှု၊ ပန်းတိုင် ၅ - ဂျန်ဒါတန်းတူညီမျှမှု၊ ပန်းတိုင် ၆ - သန့်ရှင်းသောသောက်ရေသုံးရေလက်လှမ်းမှီနိုင်ရေး၊ ပန်းတိုင် ၈ - ကောင်းမွန်သောအလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလက်လှမ်းမှီနိုင်ရေး၊ ပန်းတိုင် ၁၀ - တန်းတူမညီမျှမှုများလျှော့ချရေး၊ ပန်းတိုင် ၁၁ - ငြိမ်းချမ်းရေး တရားမျှတမှုနှင့် ခိုင်မာသောအသင်းအဖွဲ့များထူထောင်နိုင်ရေး စသည်တို့သည် LGBTI များနှင့် ချိတ်ဆက်မှုရှိနေသော ပန်းတိုင်များဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ယင်း SDG ကို မှီငြမ်း၍ နိုင်ငံတော်အဆင့်တွင်အကောင် အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု အမျိုးသားမဟာဗျူဟာအစီအစဉ်ကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ ယင်းအစီအစဉ်တွင် မဏ္ဍိုင်ကြီး ၅ ရပ်ဖြင့်ဖော်ဆောင်ထားပြီး "မဟာဗျူဟာ ၄.၁ - အရည်အသွေးမြင့်မားသောရာသက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်းတန်းတူရရှိရေး"၊ "မဟာဗျူဟာ ၄.၃ သဟဇာတဖြစ်ပြီး စနစ်များ၏ ခြုံငုံချိတ်ဆက်မှုကို အခြေခံသော ဘဝသက်တမ်းတစ်လျှောက်လုံး လူမှုဘဝ ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး"၊"မဟာဗျူဟာ ၅.၃ - သဘာဝပတ်ဝန်းကျင်ရေရှည် တည်တံ့စေမည့်နည်းလမ်းများဖြင့်လုံခြုံစိတ်ချ၍ သာတူညီမျှရှိသော သောက်သုံးရေနှင့် ရေဆိုးစွန့် ပစ်စနစ်ရရှိရေး" စသည်တို့သည် LGBTI များအတွက် အကျုံးဝင်မှုရှိသော မဟာဗျူဟာအချို့ဖြစ်ပါ သည်။ သို့သော်လည်း လက်ရှိအခြေအနေတွင်မူ ယင်းမဟာဗျူဟာပါ ပြဋ္ဌာန်းချက်များအတိုင်း LGBTI များသည်


ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုများကို ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ အသီးအ ပွင့်များကိုလည်း ခံစားနိုင်ခြင်း မရှိကြချေ။

LGBTI များသည် ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သော ကဏ္ဍအသီးသီးတွင် ခွဲခြားဆက်ဆံခံရမှုများ၊ အကြမ်းဖက်ခံရမှုများကြောင့် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးရာ ဘဝဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်များဆုံးရှုံးလျက် ရှိသည်။





ဤလေ့လာဆန်းစစ်ချက်အရ ကဏ္ဍအသီးသီးတွင် ကြုံတွေ့ရသော ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများသည် ပါဝင်ဖြေဆိုသူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ပုဂ္ဂိုလ်ရေးရာဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုရှိသည်ဟု အများစု ၆၅% တို့က ဖြေဆို ထားသည်ကိုတွေ့ရသည်။

### (၄) LGBTI များ မိမိတို့၏ပြဿနာများကို နှစ်သိမ့်ဆွေးနွေးတိုင်ပင်နိုင်ခြင်း





ပါဝင်ဖြေဆိုသူများသည် ၎င်းတို့ကြုံတွေ့ရသော ခွဲခြားဆက်ဆံခံရမှုနှင့် အကြမ်းဖက်ခံရမှုများကို အခြားတစ်စုံတစ်ယောက်အား ရင်ဖွင့်ပြောပြလေ့ရှိမရှိကိုမေးမြန်းရာ အများစု ၇၅% က ပြောပြလေ့ရှိသည်ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။



ပါဝင်ဖြေဆိုသူများသည် ၎င်းတို့ကြုံတွေ့ရသော ခွဲခြားဆက်ဆံမှုများ၊ အကြမ်းဖက်မှုများအကြောင်း မည်သူတို့ကိုရင်ဖွင့်လေ့ရှိသနည်းဟု တစ်ခုထက်ပိုသောအဖြေရွေးချယ်စေနည်းဖြင့် မေးမြန်းရာ ရင်ဖွင့်သည်ဟုဖြေဆိုသော ၃၉ ဦးအနက် ၂၄ ဦးတို့က ၎င်းတို့၏သူငယ်ချင်းများထံသို့ဟူ၍ လည်းကောင်း၊ ၁၄ ဦးတို့က လုပ်ဖော်ကိုင်ဖက်ဟူ၍ လည်းကောင်း၊ ၁၀ ဦးတို့က အရပ်ဖက်အဖွဲ့အစည်းများထံသို့ဟူ၍လည်းကောင်း၊ ၈ ဦးတို့က မိမိ၏ လက်တွဲဖော်ပါတနာထံသို့ဟူ၍လည်းကောင်း၊ ၇ ဦးတို့က မိခင်ထံသို့ဟူ၍လည်းကောင်း ဖြေဆိုထားသည်ကိုတွေ့ရသည်။


### (၅) ပတ်ဝန်းကျင်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်ကူညီပေးမည့် တစ်သီးပုဂ္ဂလ (သို့မဟုတ်) အဖွဲ့အစည်းများ လက်လှမ်းမှီနိုင်မှု




ပါဝင်ဖြေဆိုသူများ၏ ပတ်ဝန်းကျင်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကူညီပေးမည့် တစ်သီးပုဂ္ဂလ (သို့မဟုတ်) အဖွဲ့အစည်းများလက်လှမ်းမှီနိုင်ပါသလားမေးမြန်းရာတွင် ၆၉% တို့က ၎င်းတို့အနီးအနားတွင် ကူညီပေးမည့် တစ်သီးပုဂ္ဂလ သို့မဟုတ် အဖွဲ့အစည်းများရှိသည် ဟု ဖြေဆိုထားသည်ကိုတွေ့ရသည်။

ရှိသည်ဟုဖြေဆိုထားသူများအား အဆိုပါ အဖွဲ့အစည်းများမှာမည်သည့်အဖွဲ့အစည်းများဖြစ်သည်ကိုမေးမြန်းရာတွင် အများစု ၅၂% မှာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSO) ဟူ၍လည်းကောင်း၊ ကျန် ၃၅% တို့မှာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) ဟူ၍လည်းကောင်းဖြေဆိုထားကာ တစ်ဦးကသာ အစိုးရအဖွဲ့အစည်းဟုဖြေဆိုထားသည်ကိုတွေ့ရပြီး ကျန် ၂ ဦးတို့မှာ လူ့အခွင့်

အရေးတက်ကြွလှုပ်ရှားသူ (activist) နှင့် ဥပဒေရေးရာအထောက်အကူပြုသူ (Paralegal) ဟုဖြေဆိုထားသည်ကိုတွေ့ရသည်။




♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦

# အခန်း (၃) အနှစ်ချုပ်အကြံပြုချက်များ

## ၁။ အနှစ်ချုပ်သုံးသပ်ချက်

LGBTI များသည် ၎င်းတို့၏ လိင်စိတ်/လိင်ဝိသေသခံယူဖော်ပြမှုကွဲပြားချက်များကြောင့် မိသားစုနှင့် အိမ်တွင်းတွင်လည်းကောင်း၊ ပညာရေးကဏ္ဍတွင်လည်းကောင်း၊ ကျန်းမာရေး ကဏ္ဍတွင်လည်းကောင်း၊ ဘာသာရေးနှင့်သက်ဝင်ယုံကြည်မှုကဏ္ဍတွင်လည်းကောင်း၊ နိုင်ငံရေး နှင့် လူမှုရေးကဏ္ဍတွင်လည်းကောင်း၊ လုပ်ငန်းခွင်တွင်လည်းကောင်း၊ အများပြည်သူ/ပုဂ္ဂလိကနှင့် အစိုးရဝန်ဆောင်မှုပေးသည့်နေရာများ၊ အများပြည်သူနေရာများတွင်လည်းကောင်း ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများကို နေ့စဉ်နှင့်အမျှကြုံတွေ့နေရသည်ဖြစ်သည်။ ယင်းသို့ခွဲခြားဆက်ဆံမှုများသည် LGBTI များ၏ လူ့အခွင့်အရေးကိုချိုးဖောက်နေခြင်းဖြစ်ပြီး နောက်ဆက်တွဲအကျိုးဆက်များ အနေဖြင့် LGBTI များသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာထိခိုက်မှုများရှိပြီး ၎င်းတို့၏ လူမှုအကျုံးဝင်မှု၊ ပုဂ္ဂိုလ်ရေးရာဖွံ့ဖြိုးတိုးတက်မှု စသည်တို့အပေါ် အကျိုးဆုတ်ယုတ်မှုများဖြစ်ပေါ်နေစေသည်။

LGBTI များကြုံတွေ့နေရသောခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများသည်အဓိကအားဖြင့် လိင်စိတ်/လိင်ဝိသေသခံယူဖော်ပြမှုကွဲပြားခြင်း (ဆိုဂျီ) ဆိုင်ရာ အသိပညာဗဟုသုတနည်းပါးခြင်းကြောင့်နှင့်၊ ယင်းသို့နည်းပါးခြင်းကြောင့် လူတစ်ဦး၏လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသခံယူ မှုအား ပုံမှန်မဟုတ်ပဲ စံမှသွေဖီနေသည်ဟုယူဆခြင်း၊ ပုံမှန်ပြန်ဖြစ်အောင်ကုစားနိုင်သည်ဟုယူဆခြင်း၊ စသည့် ဥပဒေါန်အစွဲအလမ်းများနှင့် ပုံစံခွက်သွင်းခြင်းများကြောင့်ဟုဆိုနိုင်သည်။

ယင်းသို့ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများကြောင့် LGBTI များသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင်ဖော်ပြထားသည့် အခြေခံလူ့အခွင့်အရေးများဖြစ်သော "လူတိုင်းမွေးဖွားကတည်းက တူညီသောလူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးရှိသည်"၊ "လူတိုင်းအသားရောင် လိင်၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/မ မရွေးတန်းတူဖြစ်သည်"၊ "မည်သူ့ကိုမျှမတရားနှိပ်စက်ခြင်း မပြုရ"၊ "လူတိုင်းတရားဥပဒေရှေ့တွင် လူသားကဲ့သို့ဆက်ဆံခံရမည်"၊ "မည်သူ့ကိုမျှဥပဒေမဲ့ဖမ်းဆီးခြင်း၊ တိုင်းပြည်မှနှင်ထုတ်ခြင်းမပြုရ"၊ "လူတိုင်းမိမိတိုင်းပြည်အတွင်း လွတ်လပ်စွာသွားလာခွင့်ရှိသည်"၊ "အရွယ်ရောက်ပြီးသော ကျားမတိုင်း မိမိဆန္ဒဖြင့်လက်ထပ်ခွင့် အိမ်ထောင်ထူထောင်ခွင့်ရှိသည်"၊ "လူတိုင်းလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိသည်"၊ "လူတိုင်းလူမှုဘဝဖူလုံရေးခံစားခွင့်ရှိသည်"၊ "လူတိုင်းသင့်တင့်သောလစာဖြင့်အလုပ်လုပ်ခွင့်၊ အလုပ်သမားသမဂ္ဂများသို့ဝင်ခွင့်ရှိသည်"၊ "လူတိုင်းအပန်းဖြေအနားယူခွင့်ရှိသည်"၊ "လူတိုင်း လုံလောက်သောလူနေမှုအဆင့်အတန်းနှင့်ဆေးကုသခံပိုင်ခွင့်ရှိသည်" စသည့် အချက်များအား ချိုးဖောက်ခံနေကြရသည်။

ယင်းသို့ချိုးဖောက်ခံနေရမှုများကို အကာအကွယ်ပေးမည့် ဥပဒေမူဘောင်များ မြန်မာနိုင်ငံအတွင်းတွင်မရှိသည့်အပြင် ရှိနေသည့် ဥပဒေများအနေဖြင့်လည်း LGBTI များကို ဖိနှိပ်ရန်၊ မတရားဆက်ဆံရန် တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများနှင့် ဥပဒေအကောင်အထည်ဖော်သူများမှအသုံးပြုနေသဖြင့် LGBTI များမှာ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားသောနိုင်ငံသားများ၏မူလအခွင့်အရေးများကိုပင် ဆုံးရှုံးနေရသည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအောက်တွင်ပါရှိသော ပြဋ္ဌာန်းချက်များ၊ အထူးသဖြင့် မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးအတည်ပြုထားသော ICESCR, CEDAW, CRC, CRPD စသည့် ပဋိညာဉ်စာချုပ်များအရ သက်ဆိုင်ရာ ဦးတည်အုပ်စုဝင် LGBTI လူနည်းစုများ၏အခွင့်အရေးကို အကာအကွယ်ပေးရန် တာဝန်ရှိပြီး ယင်းပြဋ္ဌာန်းချက်များကို နိုင်ငံတော်အဆင့်တွင် ထိရောက်စွာအကောင်အထည်ဖော်ရန်လိုအပ်လျက်ရှိသည်။

## ၂။ အကြံပြုချက်များ

### (၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့

#### (က) မိသားစုကဏ္ဍ

- LGBTI ၏ မိဘများ၊ အုပ်ထိန်းသူများ၊ သို့မဟုတ် အတူနေထိုင်သူများအနေဖြင့် လိင်စိတ်တိမ်းညွတ်မှု/ လိင်ဝိသေသခံယူဖော်ပြမှုကွဲပြားခြင်း (ဆိုဂျီ) ဆိုင်ရာ အသိပညာဗဟုသုတ တိုးပွားလာအောင်ဆောင်ရွက်ရန်
- LGBTI ၏ မိဘများ၊ အုပ်ထိန်းသူများ၊ သို့မဟုတ် အတူနေထိုင်သူများအနေဖြင့် ကလေးသူငယ်များအခွင့်အရေး၊ အမျိုးသမီးများအခွင့်အရေးအကြောင်း အသိပညာဗဟုသုတတိုးပွားလာအောင်ဆောင်ရွက်ရန်
- မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးဥပဒေ (၂၀၁၉) ကို တိုင်းနှင့် ပြည်နယ်အဆင့်တိုင်းတွင် ထိရောက်စွာအကောင်အထည်ဖော်ရန်
- အရည်အသွေးပြည့်မီသောနှင့် LGBTI များအတွက် အကျုံးဝင်နိုင်သော လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာထောက်ပံ့ကူညီမှု (psycho-social supports)များပေးနိုင်သည့် ဌာနများဖော်ဆောင်ထားရှိပေးရန်

#### (ခ) ပညာရေးကဏ္ဍ

- ပညာရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအဆင့်တိုင်းတွင်၊ ရာထူးဌာနန္တရအဆင့်တိုင်းရှိ ဝန်ထမ်းများအား ဂျန်ဒါနှင့် လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားခြင်း (SOGIESC) အကြောင်းကို သိရှိနားလည်လာအောင် စွမ်းဆောင်ရည်မြှင့်တင်သည့်၊ အသိပညာပေးသည့်အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

- မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာတွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာ ကျောင်းသင်ရိုးညွှန်းတမ်းများတွင် သင့်လျော်သည့်အဆင့်အလိုက် ကျား/မ ဂျဲန်ဒါနှင့် လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားခြင်း၊ လိင်မှုဆိုင်ရာနှင့်ကျန်းမာရေး အသိပညာအကြောင်းအရာများကို တွဲဖက်သင်ခန်းစာများအနေဖြင့် မသင်မနေရစနစ်ဖြင့် သင်ကြားပို့ချပေးရန်။
- ကျောင်းသူကျောင်းသားများအကြား နိုင်ထက်စီးနင်းပြုကျင့်မှုနှင့် ခွဲခြားဆက်ဆံမှု၊ ကာယနွေ့ပျက်ပြားအောင်နှောင့်ယှက်ခြင်းတို့ကို ထိရောက်စွာအရေးယူဆောင်ရွက်ရန် မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများချမှတ်အကောင်အထည်ဖော်ရန်
- LGBTI ကျောင်းသားကျောင်းသူများအပါအဝင် အခြားထိရှလွယ်သော၊ အထူးအလေးပေးရန်လိုအပ်သော လူငယ်များအား ပညာသင်ကြားရာပတ်ဝန်းကျင်အတွင်းအမှုအခင်းများနှင့် စပ်လျဉ်း၍ဖြစ်ပေါ်သော စိတ်ပိုင်း၊ရုပ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာထိခိုက်မှုများအတွက် အရည်အသွေးပြည့်မှီသော၊ လုံလောက်မှုရှိသော စိတ်ပိုင်းနှင့်လူမှုရေးဆိုင်ရာကူညီထောက်ပံ့မှုများ (psycho-social supports) အား အခမဲ့ပေးအပ်သည့်ဝန်ဆောင်မှုများကို ကျောင်းများတွင် ထားရှိပေးရန်။
- မြန်မာ့ပညာရေးစနစ်ကို မြန်မာ့အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့်အညီ LGBTI များ အားလုံးအကျုံးဝင်နိုင်ရေးပညာရေးစနစ်တစ်ခုဖြစ်အောင် လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရန်

### (ဂ) ကျန်းမာရေးကဏ္ဍ

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် Universal Health Coverage (UHC) ကို အကောင်အထည်ဖော်ရာတွင် LGBTI ပြည်သူများအကျုံးဝင်လက်လှမ်းမှီနိုင်ရေးကိုထည့်သွင်းစဉ်းစားလုပ်ဆောင်ရန်
- ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံများ၊ ဆေးပေးခန်းများ၊ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုပေးသည့်နေရာများရှိ ဝန်ထမ်းများအား ကျား/မ ဂျဲန်ဒါနှင့် လိင် စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားခြင်း (ဆိုဂျီ) ဆိုင်ရာ အသိပညာဗဟုသုတ တိုးပွားလာအောင် ဆောင်ရွက်ရန်

### (ဃ) ဘာသာရေးနှင့် သက်ဝင်ယုံကြည်မှုကဏ္ဍ

- သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် လိင်စိတ်/လိင်ဝိသေသလက္ခဏာကွဲပြားသူ LGBTI များအား အများပြည်သူအထင်လွဲမှားအောင် မှားယွင်းသောသတင်းစကားများနှင့် အမုန်းစကားများ ဖြန့်ချိနေသည့် ဘာသာရေးလုပ်ဆောင်သူများကို ထိရောက်စွာဖော်ထုတ်အရေးယူရန်

### (င) နိုင်ငံရေးနှင့် လူမှုရေးကဏ္ဍ

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် တိုင်းနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် သက်ဆိုင်ရာဌာနများရှိ ဝန်ထမ်းများအား လိင်စိတ်တိမ်း ညွတ်မှု/ လိင်ဝိသေသခံယူဖော်ပြမှုကွဲပြားခြင်း (ဆိုဂျီ) ဆိုင်ရာ အသိပညာဗဟုသုတ တိုးပွား လာအောင် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းပေးခြင်း စသည်တို့ကိုလုပ်ဆောင်ရန်
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းစဉ်များတွင် LGBTI များ အကျုံးဝင်ပါ ဝင်နိုင်သော ရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်ဖြစ်ရေး ရှေးရှုပြီး မဟာဗျူဟာများအဆင့်ဆင့် ချမှတ်ဆောင်ရွက်ရန်
- လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူလူငယ်များသည် လူမှုရေး၊ စီးပွား ရေး၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးရာ အကျိုးပြုပါဝင်နိုင်မှုများတွင်ခွဲခြားဆက်ဆံခံရခြင်းမရှိ ပဲ ၎င်းတို့၏အခန်းကဏ္ဍကိုမြှင့်တင်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို နိုင်ငံတော်အဆင့်နှင့် တိုင်းနှင့်ပြည်နယ်အဆင့်တိုင်းတွင် ထိရောက်စွာအကောင်အထည်ဖော် ရန် လိုအပ်သော ဘဏ္ဍာရေးနှင့်နည်းပညာအရင်းအနှီးများ စိစစ်ချထားဆောင်ရွက်ပေးရန်။

### (စ) စီးပွားရေးနှင့်လုပ်ငန်းခွင်ကဏ္ဍ

- လုပ်ငန်းခွင်များတွင် လိင်စိတ်ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွတ်ခံယူဖော်ပြမှု ကွဲပြား သူများ၏တန်းတူ အခွင့်အရေးကို အကာအကွယ်ပေးမည့်နှင့် အခွင့်အရေးများ ချိုးဖောက်ခံ ရပါက ထိရောက်သော ကုစားမှုများကိုအာမခံချက်ပေးသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်း များ စနစ်တကျထားရှိကြောင်း သေချာအောင်ဆောင်ရွက်ပေးရန်

### (ဆ) အများပြည်သူ/ပုဂ္ဂလိကနှင့် အစိုးရ ဝန်ဆောင်မှုကဏ္ဍ

- အစိုးရဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများရှိ ရာထူးနေရာအဆင့်အမျိုးမျိုးရှိ အမှုထမ်း၊ အရာ ထမ်းများအကြား လိင်စိတ်/လိင်ဝိသေသခံယူဖော်ပြမှုကွဲပြားခြင်းအကြောင်း အသိပညာဗ ဟုသုတများတိုးပွားလာအောင် စွမ်းဆောင်ရည်မြှင့်တင်သည့်လုပ်ငန်းစဉ်များလုပ်ဆောင်ရန်
- အများပြည်သူ၊ ပုဂ္ဂလိကနှင့် အစိုးရဝန်ဆောင်မှုပေးသည့်နေရာများ၊ အဆောက်အဦ များ၊လုပ်ငန်း ခွင်များတွင် လိင်စိတ်ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွတ်ခံယူဖော်ပြမှု ကွဲပြားသူများ၏တန်းတူ အခွင့်အရေးကို အကာအကွယ်ပေးမည့်နှင့် အခွင့်အရေးများ ချိုးဖောက်ခံရပါက ထိရောက်သော ကုစားမှုများကိုအာမခံချက်ပေးသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ စနစ်တကျထားရှိကြောင်း သေချာအောင်ဆောင်ရွက်ပေးရန်

**(၈) တရားဥပဒေနှင့် တရားမျှတမှုကဏ္ဍ**

- အလိုမတူသော လိင်မှုဆိုင်ရာကျူးလွန်မှုများကိုသာ အရေးယူရန် ရာဇသတ်ကြီးပုဒ်မ ၃၇၇ ပါ "ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစက်ယှက်မှု" ဟူသောပြဋ္ဌာန်းချက်ကို နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ထည့်သွင်းစဉ်းစားပြင်ဆင်ပြဋ္ဌာန်းရန် သို့မဟုတ် ရုတ်သိမ်းရန်။
- ရှင်းလင်းတိကျမှုမရှိသော ဥပဒေများ၊ ၎င်းတို့ချည်းသာဖြစ်ရမည်ဟုကန့်သတ်မထားသော် လည်းအပါအဝင်ဖြစ်သည့် - ၁၉၄၅ ရဲအက် ပုဒ်မ ၃၅ နှင့် ၁၈၉၉ ရန်ကုန်ရဲအက် ပုဒ်မ ၃၀ - တို့ကို ပြင်ဆင်ရန်။
- တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများနှင့်ရဲများကို လိင်စိတ်/လိင်ဝိသေသခံယူဖော်ပြမှုကွဲ ပြားခြင်းအကြောင်း အသိပညာဗဟုသုတများတိုးပွားလာအောင် စွမ်းဆောင်ရည်မြှင့်တင် သည့်လုပ်ငန်းစဉ်များလုပ်ဆောင်ရန်။
- ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲခံယူနေထိုင်သူများကို နိုင်ငံသားတစ်ဦးအဖြစ် လိင်ဝိသေသ သတ်မှတ်ချက်အားဖြင့် တရားဝင်အသိအမှတ်ပြုလက်ခံပေးရန်။
- ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် ပုဒ်မ ၃၄၈ အတွင်း "လိင်ဝိသေသ၊ လိင် စိတ်တိမ်းညွတ်မှု" တို့အပေါ်အခြေခံ၍ ခွဲခြားခြင်းမရှိစေရဟုဖြည့်စွက်ပြောင်းလဲပြဋ္ဌာန်း ပေးရန်။
- မူဝါဒရေးဆွဲသူများနှင့်ဥပဒေပြုသူများအနေဖြင့် ပြည်တွင်းဥပဒေပြုသည့်လုပ်ငန်းစဉ်တိုင်း တွင် လိင်စိတ်/လိင်ဝိသေသခံယူဖော်ပြမှုကွဲပြားသူများ၏အခွင့်အရေးကို ထည့်သွင်းစဉ်းစား ကြောင်းသေချာစေရန် အရပ်ဖက်လူမှုအဖွဲ့ အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန်။
- အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကိုတားဆီးကာကွယ်သည့်ဥပဒေ (POVAW) ကို ရေးဆွဲပြဋ္ဌာန်းရာတွင် လိင်စိတ်တိမ်းညွတ်မှု/လိင်ဝိသေသလက္ခဏာကွဲပြားသောအမျိုးသမီး များ အားလုံးအတွက် အကျုံးဝင်သည့် ဥပဒေတစ်ရပ်ဖြစ်အောင် "အမျိုးသမီး" များ၏ အဓိ ပ္ပာယ် ဖွင့်ဆိုချက်အား ဖြည့်စွက်ပြင်ဆင်ရန်

**(၉) နိုင်ငံတကာလူ့အခွင့်အရေးဥပဒများအားအတည်ပြုအကောင်အထည်ဖော်ခြင်း**

- အိုင်စီစီပီအာနှင့် အခြားအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးပဋိညာဉ်စာချုပ်များကို အတည် ပြုလက်မှတ်ရေးထိုးပြီး အမျိုးသားအဆင့်တွင်ထိရောက်စွာအကောင်အထည်ဖော်ရန်။
- လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူနိုင်ငံသားများကဏ္ဍအသီးသီးတွင် ခွဲ ခြားဆက်ဆံခံရခြင်းကိုအကာအကွယ်ပေးမည့် ဥပဒေတစ်ရပ်ကို နိုင်ငံတော်အဆင့်တွင် ရေး ဆွဲဖော်ဆောင်ပြဋ္ဌာန်း ပေးရန်။

## (၂) မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့

- ကော်မရှင်၏ မူဝါဒများ၊ အများပြည်သူထံထုတ်ပြန်ချက်များ၊ အစီရင်ခံစာများနှင့် စုံစမ်းစစ်ဆေးခြင်းများသည် လိင်စိတ်/လိင်ဝိသေသခံယူဖော်ပြမှုကွဲပြားခြင်းအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုများအား ကိုင်တွယ်ဖြေရှင်းကြောင်းသေချာစေရန်။
- ပွင့်လင်းမြင်သာသော၊ အချိန်နှင့်တပြေးညီဖြစ်သော၊ လက်တွေ့အကျိုးဖြစ်သော အစီရင်ခံစာများကို အများပြည်သူမှရယူလက်လှမ်းမှီနိုင်အောင် ဆောင်ရွက်ရန်။
- လိင်စိတ်တိမ်းညွတ်မှု/လိင်ဝိသေသခံယူမှုနှင့် ဖော်ပြမှုအပေါ်အခြေခံသည့် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများအား တုန့်ပြန်သည့် လုပ်ငန်းအစီအစဉ်တစ်ရပ် ဖော်ဆောင်၊ ထည့်သွင်းကျင့်သုံး၊ အကောင်အထည်ဖော်ရန်။
- ကော်မရှင်၏ တိုင်ကြားမှုယန္တရားကို အများပြည်သူမှ လက်လှမ်းမှီ ရယူနိုင်မှုကို မြှင့်တင်ပေးရန်။

# နောက်ဆက်တွဲ (က) - စစ်တမ်းမေးခွန်း နမူနာပုံစံ

ကုဒ်အမှတ် _______________

_______________

**"ဆိတ်ကွယ်နေသောအသံများ" - အထက်မြန်မာပြည်ရှိ လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများ၏လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် အကဲဖြတ်ဆန်းစစ်ချက်**

**အဖြေများအားလုံးကို သုတေသနပြုရေးအတွက်သာအသုံးပြုသွားမည်ဖြစ်ပြီး လျှို့ဝှက်ထိန်းသိမ်းထားပေးမည်ဖြစ်ပါသည်။ ပူးပေါင်းပါဝင်ဖြေဆိုမှုအတွက် ကျေးဇူးတင်ပါသည်။**

**လမ်းညွှန်ချက် - သက်ဆိုင်ရာမေးခွန်းများအတွက် ( √ ) အမှတ်အသားခြစ်ပေးပါ။ သို့မဟုတ် Yes (သို့) No ဖြေဆိုပေးပါ။**

မြို့နယ် : ______________________________
ရပ်ကွက် : ________________________________
မေးမြန်းသည့်ရက်စွဲ : ____ /____ /____

## အပိုင်း (က) - ပုဂ္ဂိုလ်ရေးရာ ယေဘုယျအချက်အလက်များ

(၁) အသက် (ပြည့်ပြီး) _____________

☐ ၅ နှစ်မှ ၁၆ နှစ် ☐ ၁၇ နှစ်မှ ၂၅ နှစ် ☐ ၂၆ နှစ်မှ ၄၀ နှစ်
☐ ၄၀ နှစ်နှင့်အထက်

(၂) မွေးရာပါလိင်

☐ အမျိုးသား ☐ အမျိုးသမီး ☐ အင်တာဆက်စ်

(၃) လိင်ဝိသေသခံယူမှု

☐ အမျိုးသား ☐ အမျိုးသမီး ☐ ဂျန်ဒါခွဲခြားမသတ်မှတ်သူ
☐ မေးခွန်းထုတ်ဆဲ
☐ အခြား
(ဖော်ပြပေးပါ ___________________ )

(၄) လိင်စိတ်တိမ်းညွတ်မှု

☐ လိင်ကွဲချစ်ခင်နှစ်သက်သူ ☐ လိင်တူချစ်ခင်နှစ်သက်သူ ☐ လိင်တူလိင်ကွဲချစ်ခင်နှစ်သက်သူ
☐ တစ်မျိုးထက်ပိုသောလိင်ဝိသေသကိုချစ်ခင်နှစ်သက်သူ ☐ လိင်စိတ်မရှိ/နည်းပါးသူ
☐ မေးခွန်းထုတ်ဆဲ ☐ မဖော်ပြလိုပါ
☐ အခြား (ဖော်ပြပေးပါ ______________________ )

(၅) ပညာအရည်အချင်း

☐ ကျောင်းပညာမရရှိ ☐ အခြေခံမူလတန်း ☐ အလယ်တန်း
☐ အထက်တန်း ☐ တက္ကသိုလ် ☐ ဘွဲ့လွန်
☐ ဘုန်းကြီးကျောင်းပညာရေး ☐ အသက်မွေးဝမ်းကျောင်းပညာ
☐ အခြား (ဖော်ပြပေးပါ ______________________ )

(၆) အလုပ်အကိုင်

☐ အလုပ်မရှိ ☐ နေ့စား ☐ အစိုးရဝန်ထမ်း ☐ ပုဂ္ဂလိကဝန်ထမ်း
☐ ကိုယ်ပိုင်စီးပွားရေး ☐ ကျောင်းသား ☐ လူမှုရေးလုပ်သား
☐ အခြား (ဖော်ပြပေးပါ ______________________ )

(၇) အိမ်ထောင်ရေးအခြေအနေ

| | | |
|---|---|---|
| ☐ အိမ်ထောင်မရှိ | ☐ အိမ်ထောင်ရှိ | ☐ အိမ်ထောင်မပြုသော်လည်း အတူနေ |
| ☐ ကွာရှင်းထား | ☐ ကွဲကွာနေ | အခြား________________ |

## အပိုင်း (ခ) - လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများ၏အခွင့်အရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေပြဿနာရပ်များအားသိရှိနားလည်မှု

**ဖော်ပြပါမေးခွန်းများအတွက် ( √ ) အမှတ်အသားသို့မဟုတ် Yes သို့မဟုတ် No များဖြင့် သင့်လျော်သလို ဖြေဆိုပေးပါ။ Yes ဟုဖြေဆိုသောမေးခွန်းများအတွက် ဖြည့်စွက်ဖြေဆိုချက်များဖြင့်ဖော်ပြပေးပါ။**

| စဉ် | မေးခွန်းများ | YES ဟုတ် | NO မဟုတ် |
|---|---|---|---|

| | | သည် | ပါ |
|---|---|---|---|
| ၈။ | ရာဇသတ်ကြီးပုဒ်မ ၃၇၇ ကို သင်သိရှိပါသလား။<br><br>သိပါက ၎င်းသည်အဘယ်ဖြစ်သည်ကို အချုပ်ပြောပြပါ။<br><br>____________________________________________ | ☐ | ☐ |
| ၉။ | သင့်အား ယင်းပုဒ်မဖြင့်အရေးယူခြင်း သို့မဟုတ် အရေးယူရန်ခြိမ်းခြောက်ခြင်းမျိုးကို ခံရဖူးပါသလား။<br><br>*ခံရပါက ဖြစ်စဉ်တစ်ခုကို ပြောပြပေးပါ။*<br>*(မြို့နယ်၊ ခုနှစ်၊ အသက်အရွယ်၊)*<br>_ *Who, what, where, when, why – how* | ☐ | ☐ |
| ၁၀။ | ရဲအက် ၃၀ (ဂ)၊(ဃ) သို့ ၃၅ (ဂ)၊(ဃ) တို့ကို သင်သိပါသလား။<br>သိပါက<br>သိပါက ၎င်းသည်အဘယ်ဖြစ်သည်ကို အချုပ်ပြောပြပါ။<br><br>____________________________________________ | ☐ | ☐ |
| ၁၁။ | ယင်းရဲအက်များဖြင့် အရေးယူခြင်း သို့မဟုတ် အရေးယူရန်ခြိမ်းခြောက်ခြင်းမျိုးကို သင်ခံရဖူးပါသလား။<br><br>*ခံရပါက ဖြစ်စဉ်တစ်ခုကို ပြောပြပေးပါ။* | ☐ | ☐ |

| | | | |
|---|---|---|---|
| | | | |
| ၁၂။ | LGBTI များကို ခြိမ်းခြောက်နေသည့် မြန်မာပြည်ရှိအခြား ဥပဒေများကို သင်သိရှိပါသလား။<br><br>သိပါက ၎င်းတို့သည်အဘယ်ဖြစ်သည်ကို အချုပ်ပြောပြပါ။<br><br>____________________________________________ | ☐ | ☐ |
| ၁၃။ | အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို သင်ကြားဖူးပါသလား။<br><br>ကြားဖူးပါက ၎င်းကြေညာစာတမ်းအတွင်းဖော်ပြထားသည့် သင်သိသောအခွင့်အရေးအချို့တို့ကိုပြောပြပါ။<br><br>____________________________________________ | ☐ | ☐ |
| ၁၄။ | ဂျော်ဂျာကာတာလူ့အခွင့်အရေးစံချိန်စံနှုန်းကို သင်ကြားဖူးပါသလား။<br><br>ကြားဖူးပါက စံချိန်စံနှုန်းတွင်ဖော်ပြထားသည့် သင်သိသောအခွင့်အရေးအချို့တို့ကိုပြောပြပါ။ | ☐ | ☐ |

| | | | |
|---|---|---|---|
| | ____________________________________________ | | |
| ၁၅။ | LGBTI များ၏အခွင့်အရေးကိုကာကွယ်ပေးနိုင်သည့် အခြား အပြည်ပြည်ဆိုင် ရာလူ့အခွင့်အရေး ယန္တရားများ၊ ပဋိညာဉ်များ/စာချုပ်များကို သင်သိရှိပါသ လား။<br><br>သိရှိပါက ၎င်းတို့မှာအဘယ်ဖြစ်သည်ကို သင်သိသလောက် ပြောပြပေးပါ။<br><br>____________________________________________ | | |
| ၁၆။ | ဆိုဂျီ (SOGIESC) ဆိုသည်မှာအဘယ်ဖြစ်ကြောင်းကို သင်သိရှိပါသလား။ | ☐ | ☐ |
| ၁၇။ | လူတစ်ယောက်၏ ကျားမအဖြစ်ခံယူရပ်တည်မှု၊ လိင်စိတ်တိမ်းညွတ်မှုတို့သည် အောက်ပါတို့အနက်မည်သည်ဖြစ်သည်ဟုသင်ထင်ပါသနည်း။<br>☐ရွေးချယ်ပြီးဖြစ်တည်လာမှု ☐မွေးရာပါ ☐မသိပါ | | |
| ၁၈။ | လိင်ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွတ်ခံယူဖော်ပြမှုကွဲပြားသူ LGBTI များ၏အခွင့်အရေးသည် လူ့အခွင့်အရေးဖြစ်သည်ဟု သင်ထင်ပါသလား။ | ☐ | ☐ |
| ၁၉။ | မြန်မာနိုင်ငံတွင် လိင်ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွတ်ခံယူဖော်ပြမှု ကွဲပြားသူ LGBTI များသည် တရားမျှတမှုကိုလက်လှမ်းမှီရန်လွယ်ကူသည် ဟု သင်ထင်ပါသလား။<br>☐ထင်သည် ☐မထင်ပါ ☐မသေချာပါ | | |

## အပိုင်း (ဂ) - လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုအတွေ့အကြုံများ

**ဖော်ပြပါမေးခွန်းများအတွက် ( √ ) အမှတ်အသားသို့မဟုတ် Yes သို့မဟုတ် No များဖြင့် သင့်လျော်သလို ဖြေဆိုပေးပါ။ Yes ဟုဖြေဆိုသောမေးခွန်းများအတွက် ဖြည့်စွက်ဖြေဆိုချက်များဖြင့်ဖော်ပြပေးပါ။**

*(က) မိသားစုတွင်း/အိမ်တွင်း ခွဲခြားဆက်ဆံခံရမှုများ*

| စဉ် | မေးခွန်းများ | YES ဟုတ်သည် | NO မဟုတ်ပါ |
|---|---|---|---|
| ၂၀။ | သင်သည် သင်၏ဖြစ်တည်မှုကြောင့် သင်၏မိသားစု သို့မဟုတ် သင်နှင့်အတူတစ်မိုးအောက်တွင်နေ ထိုင်သောသူများ၏ ခွဲခြားဆက်ဆံမှုခံရဖူးပါသလား။<br>(မရှိဟုဖြေဆိုပါက မေးခွန်း ၂၂ ကို ကျော်ပါ) | ☐ | ☐ |
| ၂၁။ | ယင်းသို့ခွဲခြားဆက်ဆံရာတွင် အောက်ပါတို့အနက်မည်သည့် ခွဲခြားဆက်ဆံမှုအမျိုးအစားများကို ခံရသနည်း။<br><br>☐ဖိနှိပ်ခြင်း ☐ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ☐စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု<br>☐နှုတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ☐လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု/အကြမ်းဖက်မှု<br>☐ငွေကြေးဆိုင်ရာဖိနှိပ်ချယ်လှယ်မှု ☐အလိုမတူပဲအဓမ္မထိမ်းမြားလက်ထပ်စေခြင်း<br>☐ အခြား<br><br>______________ | | |
| ၂၂။ | သင်ကြုံတွေ့ခဲ့ရသော (မိမိအပေါ် အထိခိုက်ခဲ့ဆုံး) ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို ဖော်ပြပေးပါ။ | | |

*(ခ) ပညာရေးကဏ္ဍတွင် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း*

| စဉ် | မေးခွန်းများ | YES ဟုတ် | NO မဟုတ် |
|---|---|---|---|

| | | သည် | ပါ |
|---|---|---|---|
| ၂၃။ | ကျောင်းများ သို့မဟုတ် ပညာသင်ကြားရာနေရာများတွင် LGBTI များအား လူ့အခွင့်အရေးချိုးဖောက်ခံရသည့် အကြောင်းများကို သင်ကြားဖူးပါသလား။ | ☐ | ☐ |
| ၂၄။ | ကျောင်းများ သို့မဟုတ် ပညာသင်ကြားရာနေရာများတွင် သင့်အနေဖြင့် ခွဲခြားဆက်ဆံခံရဖူးပါသလား။<br><br>ခံရဖူးပါက ဥပမာတစ်ခု ဖော်ပြပေးပါ။ | ☐ | ☐ |
| ၂၅။ | လက်ရှိ မြန်မာ့ပညာရေးကဏ္ဍသည် မသန်စွမ်းသူများ၊ လိင်စိတ်ကွဲပြားသူများ၊ ဌာနေတိုင်းရင်းသားများ စသည့်လူမျိုးစုံတို့အားလုံးအကျုံးဝင်ပါဝင်နိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်သည်ဟု သင်ထင်ပါသလား။<br><br>**အဘယ်ကြောင့်နည်း။** | ☐ | ☐ |

*(ဂ) ကျန်းမာရေးကဏ္ဍတွင် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း*

| **စဉ်** | **မေးခွန်းများ** | **YES ဟုတ်သည်** | **NO မဟုတ်ပါ** |
|---|---|---|---|
| ၂၆။ | ကျန်းမာရေးဝန်ဆောင်မှုပေးသည့်နေရာများ (ဆေးရုံ၊ ဆေးပေးခန်းများ)စသည်တို့တွင် LGBTI များခွဲခြားဆက်ဆံခံရသည့်အကြောင်းများကို သင်ကြားဖူးပါသလား။ | ☐ | ☐ |
| ၂၇။ | သင့်အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးသည့်နေရာများ (ဆေးရုံ၊ ဆေးပေးခန်းများ) စသည်တို့တွင် ခွဲခြားဆက်ဆံခံရဖူးပါသလား။<br><br>ခံရဖူးပါက မည်သည့်နေရာ မည်သည့်အချိန်တွင် မည်သို့ဖြစ်ပေါ်ခဲ့သည်ကို ဥပမာတစ်ခု ဖော်ပြပေးပါ။ | ☐ | ☐ |
| ၂၈။ | LGBTI တစ်ယောက်အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုများရယူရာတွင် မည်သည့်အခက်အခဲများရှိသည်ဟု သင်ထင်ပါသနည်း။ | | |

*(ဃ) ဘာသာရေးနှင့် သက်ဝင်ယုံကြည်မှုကဏ္ဍတွင် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း*

| စဥ် | မေးခွန်းများ | YES<br>ဟုတ်သည် | NO<br>မဟုတ်ပါ |
|---|---|---|---|
| ၂၉။ | ဘာသာရေးဆိုင်ရာလူပုဂ္ဂိုလ်များ (ဘုန်းကြီးများ၊ ရဟန်းများ) နှင့် ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များမှ LGBTI များခွဲခြားဆက်ဆံခံရသည့်အကြောင်းများကို သင်ကြားဖူးပါသလား။ | ☐ | ☐ |
| ၃၀။ | သင့်အနေဖြင့် ဘာသာရေးဆိုင်ရာလူပုဂ္ဂိုလ်များ (ဘုန်းကြီးများ၊ ရဟန်းများ) နှင့် ဘာသာ ရေးဆိုင်ရာအသင်းအဖွဲ့များမှခွဲခြားဆက်ဆံခြင်းကို ခံရဖူးပါသလား။<br><br>ခံရဖူးပါက ဥပမာတစ်ခု ဖော်ပြပေးပါ။ | ☐ | ☐ |
| ၃၁။ | LGBTI တစ်ဦးအနေဖြင့် ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ နေရာများကို ဝင်ထွက်သွားလာရန် သို့မဟုတ် အသုံးပြုရန် လွယ်ကူသည်ဟုသင်ထင်ပါသလား။<br><br>သင်ပေးထားသောအဖြေအတွက် အကြောင်းပြချက်တစ်ခုကိုပြောပြပေးပါ။<br>**အဘယ်ကြောင့်နည်း။** | ☐ | ☐ |

| | | | |
|---|---|---|---|
| | | | |

***(c) နိုင်ငံရေးနှင့် လူမှုရေးကဏ္ဍတွင် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း***

| စဥ် | မေးခွန်းများ | YES<br>ဟုတ်သည် | NO<br>မဟုတ်ပါ |
|---|---|---|---|
| ၃၂။ | နိုင်ငံရေးအသင်းများဖွဲ့စည်းခြင်း၊ အမတ်လောင်းအဖြစ်ရွေးကောက်ခံယှဉ်ပြိုင်ခြင်း၊ မိမိကိုယ်တိုင် ဆန္ဒမဲထည့်ဝင်ခြင်း သို့မဟုတ် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းစသည့်လုပ်ငန်းစဉ်များတွင် LGBTI များခွဲခြားဆက်ဆံခံရသည်ကို သင်ကြားဖူးပါသလား။ | ☐ | ☐ |
| ၃၃။ | လူမှုရေးဆိုင်ရာလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများတွင် LGBTI များ၏ ပူးပေါင်းပါဝင်နိုင်မှုအပေါ် ခွဲခြားဆက်ဆံခံရသည်ကို သင်ကြားဖူးပါသလား။ | | |
| ၃၄။ | သင့်အနေဖြင့် အထက်ပါ နိုင်ငံရေးကဏ္ဍ/လူမှုရေးကဏ္ဍ လှုပ်ရှားမှုများတွင် ခွဲခြားဆက်ဆံ ခံရဖူးပါသလား။<br><br>ခံရဖူးပါက ဥပမာတစ်ခု ဖော်ပြပေးပါ။ | ☐ | ☐ |

***(စ) လုပ်ငန်းခွင်တွင် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း***

| စဉ် | မေးခွန်းများ | YES ဟုတ်သည် | NO မဟုတ်ပါ |
|---|---|---|---|
| ၃၅။ | လုပ်ငန်းခွင် သို့မဟုတ် အလုပ်အကိုင်နေရာများတွင် LGBTI များခွဲခြားဆက်ဆံခံရသည်ကို သင်ကြားဖူးပါသလား။ | ☐ | ☐ |
| ၃၆။ | သင့်အနေဖြင့် သင်၏လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံခံရဖူးပါသလား။<br><br>ခံရဖူးပါက ဥပမာတစ်ခု ဖော်ပြပေးပါ။ | ☐ | ☐ |
| ၃၇။ | သင်သည် LGBTI တစ်ဦးအနေဖြင့် လုပ်ငန်းခွင်များတွင် အခြားအလုပ်သမားများနည်းတူ တန်းတူညီမျှသောလုပ်အားလစာနှင့် ရပိုင်ခွင့်များ၊ အခွင့်အရေးများ ခံစားခွင့်ရှိပါသလား။<br><br>**အဘယ်ကြောင့်နည်း။** | ☐ | ☐ |

***(ဆ) အများပြည်သူ၊ ပုဂ္ဂလိကနှင့် အစိုးရ ဝန်ဆောင်မှုပေးသည့်နေရာများ၊ အများပြည်သူနေရာများ၊ အဆောက်အဉီများတွင်လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း***

| စဉ် | မေးခွန်းများ | YES ဟုတ်သည် | NO မဟုတ်ပါ |
|---|---|---|---|
| ၃၈။ | အများပြည်သူ၊ ပုဂ္ဂလိကနှင့် အစိုးရဝန်ဆောင်မှုပေးသည့်နေရာများဖြစ်သည့် ဟိုတယ်များ၊ ဘဏ်များ၊ ဝန်ကြီးဌာနများ၊ အထွေထွေအုပ်ချုပ်ရေးရုံးများ ဌာနများ၊ ဘူတာရုံများ၊ ကားဂိတ်များ၊ ပန်းခြံများ၊ ရှော့ပင်းမောများ၊ စားသောက်ဆိုင်များ အစရှိသည့် နေရာများတွင် LGBTI များခွဲခြားဆက်ဆံခံရသည်ကို သင်ကြားဖူးပါသလား။ | ☐ | ☐ |
| ၃၉။ | သင့်အနေဖြင့် အများပြည်သူ၊ ပုဂ္ဂလိကနှင့် အစိုးရဝန်ဆောင်မှုပေးသည့်နေရာများဖြစ်သည့် ဟိုတယ်များ၊ ဘဏ်များ၊ ဝန်ကြီးဌာနများ၊ အထွေထွေအုပ်ချုပ်ရေးရုံးများ ဌာနများ၊ ဘူတာရုံများ၊ ကားဂိတ်များ၊ ပန်းခြံများ၊ ရှော့ပင်းမောများ၊ စားသောက်ဆိုင်များ အစရှိသည့် နေရာများတွင် ခွဲခြားဆက်ဆံခံရဖူးပါသလား။<br><br>ခံရဖူးပါက မည်သည့်နေရာ မည်သည့်အချိန်တွင် မည်သို့ဖြစ်ပေါ်ခဲ့သည်ကို ဥပမာတစ်ခု ဖော်ပြပေးပါ။ | ☐ | ☐ |

## အပိုင်း (ဃ) - လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများ၏ လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာထောက်ပံ့ကူညီမှုများရရှိမှု

**ဖော်ပြပါမေးခွန်းများအတွက် ( √ ) အမှတ်အသားသို့မဟုတ် Yes သို့မဟုတ် No များဖြင့် သင့်လျော်သလို ဖြေဆိုပေးပါ။ Yes ဟုဖြေဆိုသောမေးခွန်းများအတွက် ဖြည့်စွက်ဖြေဆိုချက်များဖြင့်ဖော်ပြပေးပါ။**

### *(က) ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုများကြောင့် LGBTI များအပေါ်အကျိုးသက်ရောက်မှုများ*

| စဉ် | မေးခွန်းများ | YES ဟုတ်သည် | NO မဟုတ်ပါ |
|---|---|---|---|
| ၄၀။ | သင်ကြုံတွေ့ရသော ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုများသည် သင့်အားအောက်ပါမည့်သည့်အကျိုးသက်ရောက်မှုကိုသက်ရောက်စေသနည်း။<br><br>☐ စိတ်ပိုင်းဆိုင်ရာထိခိုက်မှု (အကယ်၍ဤအဖြေကို ရွေးချယ်ပါက မေးခွန်း ၄၁ ကို ပါ ဖြေဆိုပေးပါ။)<br>☐ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု<br>☐ လိင်ပိုင်းဆိုင်ရာထိခိုက်မှု<br>☐ လူမှုရေးနှင့်ပေါင်းသင်းဆက်ဆံရေးထိခိုက်မှု<br>☐ အခြား<br><br>________________________________________<br><br>သင်ရွေးလိုက်သောအဖြေတစ်ခုစီအတွက် ဥပမာတစ်ခု ဖြင့်ဖော်ပြပေးပါ။ | ☐ | ☐ |
| ၄၁။ | သင်ကြုံတွေ့ရသော ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုများသည်သင်၏စိတ်ကျန်းမာရေးအပေါ် အောက်ပါတို့အနက် မည်သည့်အပိုင်းအားဖြင့် ထိခိုက်စေမှု ရှိခဲ့သနည်း။<br><br>☐ စိတ်အားငယ်ခြင်း/စိတ်ဓါတ်ကျခြင်း (Depression)<br>☐ စိတ်ဖိစီးမှုများခြင်း (Stress)<br>☐ စိုးရိမ်ပူပန်မှု (Anxiety)<br>☐ မိမိကိုယ်ကိုအလိုမကျမှု<br>☐ စိတ်မလုံခြုံမှု (Insecurity)<br>☐ အခြား ______________________________<br><br>သင်၏အဖြေရွေးချယ်မှုအတွက် ဥပမာ ၁ ခုဖော်ပြပေးပါ။ | | |
| ၄၂။ | သင်သည် ခွဲခြားဆက်ဆံခံရမှု၊ အကြမ်းဖက်မှုတို့နှင့် ကြုံတွေ့လာရပါက ကျူးလွန်သူကိုဖြစ်စေ၊ ကျူးလွန်ခံရမှုကို ပြေလည်ရန်ဖြစ်စေ တုန့်ပြန်မှုတစ်စုံတစ်ရာပြုလုပ်ပါသလား။<br><br>ပြုလုပ်ပါကမည်သည့်အရာဖြစ်သနည်း။ | ☐ | ☐ |

| | | | |
|---|---|---|---|
| | | | |
| ၄၃။ | ယင်းသို့ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ခြင်းများကြောင့် မိမိ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအပေါ် အကျိုးသက်ရောက်မှုတစ်စုံတစ်ရာရှိပါသလား။<br><br>ရှိပါက ဥပမာတစ်ခု ပေးဖော်ပြပေးပါ။ | ☐ | ☐ |
| ၄၄။ | မိမိကြုံတွေ့ရသောခွဲခြားဆက်ဆံမှုများ၊ ဖိနှိပ်မှုများကို အခြားတစ်စုံတစ်ဦးထံသို့ရင်ဖွင့်ပြောပြပြီး တိုင်ပင်လေ့ရှိပါသလား။<br><br>ရှိပါက အောက်ပါတို့အနက်မည်သူတို့ကိုပြောပြ၍ တိုင်ပင်လေ့ရှိခြင်းဖြစ်သနည်း။<br>☐အတန်းပိုင်ဆရာ/ဆရာမ<br>☐ဘာသာပြဆရာ/ဆရာမ<br>☐အဖေ ☐အမေ ☐သူငယ်ချင်း<br>☐ညီအစ်ကို/မောင်နှမ ☐ချစ်သူ/လက်တွဲဖော်<br>☐လုပ်ဖော်ကိုင်ဖက်<br>☐အရပ်ဖက်လူမှုအဖွဲ့အစည်းများ<br>☐အခြား ____________________ | ☐ | ☐ |
| ၄၅။ | သင်ကြုံတွေ့ရသော ခွဲခြားဆက်ဆံခံရမှု၊ ဖိနှိပ်မှုနှင့် အကြမ်းဖက်မှုများကို ကူညီဖြေရှင်းပေးမည့် တစ်သီးပုဂ္ဂလ (သို့မဟုတ်) အဖွဲ့အစည်း သင်၏ပတ်ဝန်းကျင်တွင်ရှိပါသလား။ | ☐ | ☐ |
| | ရှိပါကအောက်ပါတို့အနက် မည်သည့်အရာများဖြစ်သနည်း။<br>☐အရပ်ဖက်လူမှုအဖွဲ့အစည်း ☐အစိုးရမဟုတ်သောအဖွဲ့အစည်းများ<br>☐အစိုးရဌာနဆိုင်ရာများ<br>☐ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ<br>☐အခြား<br><br>____________________________ | | |
| ၄၆။ | လူမှုပတ်ဝန်းကျင်အတွင်းကြုံတွေ့နေရသော ခွဲခြားဆက်ဆံမှုများ၊ အကြမ်းဖက်မှုများ လျော့ကျအောင် မည်သည့်အရာများလုပ်ဆောင်ရန်လိုသေးသည်ဟု သင်ထင်ပါသနည်း။ | | |

**နောက်ဆက်တွဲ (က) အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း**

(၁) လူတိုင်းမွေးဖွားကတည်းက တူညီသောလူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးရှိသည်။

(၂) လူတိုင်းအသားအရောင်၊ လိင်၊ ကိုးကွယ်သည့်ဘာသာ၊ ကျားမမရွေးတန်းတူညီမျှဖြစ်သည်။

(၃) လူတိုင်းအသက်ရှင်ခွင့် လုံခြုံခွင့်ရှိသည်။

(၄) မည်သူ့ကိုမျှကျွန်အဖြစ်စေခိုင်းခြင်းမပြုရ။

(၅) မည်သူ့ကိုမျှမတရားနှိပ်စက်ခြင်းမပြုရ။

(၆) လူတိုင်းတရားဥပဒေရှေ့တွင် လူသားကဲ့သို့ဆက်ဆံခံရမည်။

(၇) လူတိုင်းတရားဥပဒေရှေ့မှောက်တွင်တန်းတူဖြစ်သည်။ ကျောသားရင်သားမခွဲခြားရ။

(၈) အခွင့်အရေးချိုးဖောက်ခံရပါက ဥပဒေအကူအညီယူပိုင်ခွင့်ရှိသည်။

(၉) မည်သူ့ကိုမျှဥပဒေမဲ့ဖမ်းဆီးခြင်း၊ တိုင်းပြည်မှနှင်ထုတ်ခြင်းမပြုရ။

(၁၀) လူတိုင်းမျှတသော တရားစီရင်မှုခံခွင့်ရှိသည်။ လူအများကြားနာနိုင်သော တရားရုံးဖြစ်ရမည်။

(၁၁) အပြစ်ရှိသည်ဟုခိုင်လုံသောအထောက်အထားမရှိမချင်းထိုသူသည်အပြစ်မရှိ။

(၁၂) မကောင်းသောရည်ရွယ်ချက်ဖြင့် အခြားသူ၏စာများဖောက်ခြင်း၊ အိမ်အတွင်းစစ်ခြင်းမပြုရ။

(၁၃) လူတိုင်းမိမိတိုင်းပြည်အတွင်းလွတ်လပ်စွာသွားလာခွင့်ရှိသည်။
(၁၄) မတရားအပြစ်ပေးခံရမည်ဆိုပါက အခြားနိုင်ငံအတွင်းခိုလှုံခွင့်တောင်းခံနိုင်သည်။
(၁၅) လူတိုင်းနိုင်ငံတစ်နိုင်ငံတွင်နိုင်ငံသားဖြစ်ခွင့်ရှိသည်။ ဆန္ဒရှိပါကအခြားနိုင်ငံသားအဖြစ်ခံယူခွင့်ရှိသည်။
(၁၆) အရွယ်ရောက်ပြီးသောကျား၊မတိုင်း မိမိဆန္ဒဖြင့်လက်ထပ်ခွင့် အိမ်ထောင်ထူထောင်ခွင့်ရှိသည်။
(၁၇) လူတိုင်း ကိုယ်ပိုင်ပစ္စည်းပိုင်ဆိုင်ခွင့်ရှိသည်။
(၁၈) လူတိုင်းလွတ်လပ်စွာကိုးကွယ်ခွင့်ရှိသည်။ ဆန္ဒရှိပါက အခြားဘာသာသို့ကူးပြောင်းနိုင်သည်။
(၁၉) လူတိုင်းလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိသည်။
(၂၀) လူတိုင်းငြိမ်းချမ်းသောနည်းဖြင့်ဖွဲ့ထားသော အဖွဲ့များသို့လွတ်လပ်စွာဝင်ခွင့်ရှိသည်။
(၂၁) လူတိုင်းမိမိတိုင်းပြည်၏အစိုးရကို မိမိမဲဆန္ဒဖြင့်ရွေးချယ်ပိုင်ခွင့်ရှိသည်။
(၂၂) လူတိုင်းလူမှုဘဝဖူလုံရေးခံစားခွင့်ရှိသည်။
(၂၃) လူတိုင်းသင့်တင့်သောလစာဖြင့်အလုပ်လုပ်ခွင့် အလုပ်သမားသမဂ္ဂများသို့ဝင်ရောက်ခွင့်ရှိသည်။
(၂၄) လူတိုင်းအပန်းဖြေအနားယူခွင့်ရှိသည်။
(၂၅) လူတိုင်းလုံလောက်သောလူနေမှုအဆင့်အတန်းနှင့် ဆေးကုသခံခွင့်ရှိသည်။
(၂၆) လူတိုင်းပညာသင်ကြားခွင့်ရှိသည်။ အနိမ့်ဆုံးမူလတန်းပညာကိုအခမဲ့သင်ခွင့်ရှိသည်။
(၂၇) လူတိုင်းမိမိပတ်ဝန်းကျင်၏ယဉ်ကျေးမှုတွင် ပါဝင်ခွင့်ရှိသည်။
(၂၈) လူတိုင်းဤစာတမ်းပါအခွင့်အရေးများကိုလေးစားရမည်။
(၂၉) လူတိုင်းအခြားသူများ၏အခွင့်အရေးကိုလေးစားရမည်။
(၃၀) ဤစာတမ်းပါအခွင့်အရေးများကို မည်သူမျှမချိုးဖောက်ရ။

**နောက်ဆက်တွဲ (ခ) ရော့်ဂျာတကာ လူ့အခွင့်အရေးအခြေခံစံချိန်စံနှုန်းများ**

(၁) လူ့အခွင့်အရေးများကိုခံစားပိုင်ခွင့်ရှိရမည်။
(၂) ခွဲခြားဆက်ဆံမှုမှကင်းလွတ်ခွင့်နှင့် တန်းတူညီမျှခွင့်ရှိသည်။
(၃) ဥပဒေရှေ့မှောက်တွင် အသိအမှတ်ပြုခံခွင့်ရှိသည်။
(၄) အသက်ရှင်ရပ်တည်ခွင့်ရှိသည်။
(၅) လုံခြုံခွင့်ရှိသည်။
(၆) ပုဂ္ဂလိကလွတ်လပ်ခွင့်ရှိသည်။
(၇) မည်သူ့ကိုမျှမတရားဖမ်းဆီးခွင့်မရှိ။
(၈) မျှတသော တရားစီရင်ခံပိုင်ခွင့်ရှိသည်။
(၉) ချုပ်နှောင်ထားချိန်အတွင်း လူသားတစ်ယောက်ကဲ့သို့ပြုမူဆက်ဆံခံပိုင်ခွင့်ရှိသည်။
(၁၀) ညှဉ်းပန်းနှိပ်စက်အပြစ်ပေးခြင်းမှကင်းလွတ်ခွင့်ရှိသည်။
(၁၁)လူကုန်ကူးခြင်းနှင့် အမြတ်ထုတ်ခြင်းအမျိုးမျိုးမှကင်းလွတ်ခွင့်ရှိသည်။
(၁၂) တန်းတူအလုပ်လုပ်ခွင့်ရှိသည်။
(၁၃) လူမှုဖူလုံရေးအထောက်အပံ့များရရှိခံစားခွင့်ရှိသည်။
(၁၄) သင့်တင့်လျောက်ပတ်သည့်လူနေမှုအဆင့်အတန်းကိုရရှိခံစားခွင့်ရှိသည်။
(၁၅) သင့်တင့်ပြီးလုံခြုံသည့်နေအိမ်ပိုင်ဆိုင်ခွင့်ရှိသည်။
(၁၆) တန်းတူပညာသင်ခွင့်ရှိသည်။
(၁၇) အမြင့်ဆုံးကျန်းမာရေးစောင့်ရှောက်မှုခံစားပိုင်ခွင့်ရှိသည်။
(၁၈) ဆေးပညာဆိုင်ရာအလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ပေးရမည်။
(၁၉) လွတ်လပ်စွာယုံကြည်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။
(၂၀) လူတိုင်းငြိမ်းချမ်းစွာစုဝေးပိုင်ခွင့်နှင့် အဖွဲ့အစည်းဖွဲ့စည်းပိုင်ခွင့်ရှိသည်။
(၂၁) လွတ်လပ်စွာတွေးခေါ်ခွင့်နှင့်  ကိုးကွယ်ယုံကြည်ခွင့်ရှိသည်။
(၂၂) မိမိတို့တိုင်းပြည်အတွင်းလွတ်လပ်စွာသွားလာခွင့်ရှိသည်။
(၂၃) မတရားအပြစ်ပေးခံရပါက အခြားနိုင်ငံသို့ခိုလှုံခွင့်တောင်းခံနိုင်သည်။
(၂၄) မိသားစုထူထောင်ပိုင်ခွင့်ရှိသည်။
(၂၅) လူမှုဘဝတွင်ပါဝင်ခွင့်ရှိသည်။
(၂၆) ယဉ်ကျေးမှုဘဝတွင်ပါဝင်ခွင့်ရှိသည်။
(၂၇) လူ့အခွင့်အရေးများကိုမြှင့်တင်ပိုင်ခွင့်ရှိသည်။
(၂၈) အခွင့်အရေးချိုးဖောက်ခံရပါက ထိရောက်သောကုစားမှုရယူခံပိုင်ခွင့်ရှိသည်။
(၂၉) တာဝန်ခံမှုရရှိခွင့်ရှိသည်။